ကြေးမုံ
The Mirror Daily
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 October 2017 (၉၀၈၅)

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဒုတိယအကြိမ် အင်းသားအမျိုးသားနေ့သို့ တက်ရောက်



စာမျက်နှာ » ၃

ကြေးမုံ

စာ - ၁၆၊ ၁၇

# လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူငယ်များဖွဲ့စည်း၍ တစ်ကြိမ်လျှင် ရက် ၂၀ ကြာ အလှည့်ကျ အမြန်ဆုံးဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)နှင့် ပတ်သက်၍ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးကိစ္စရပ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော UEHRD ကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း၊ လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုစည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် တစ်နိုင်ငံလုံးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

> **“ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုစည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားမည်”**

# UEHRD စီမံကိန်းတွင်ပါဝင်ရန် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအဖွဲ့ကိုးဖွဲ့ ဖွဲ့စည်း ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကူညီဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် ကုန်သည်/စက်မှုအသင်းချုပ် ဦးဆောင်သော ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် UEHRD နှင့် ပေါင်းစပ်ပါဝင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍကျွမ်းကျင်သည့် ကဏ္ဍကိုးရပ်ကို ရွေးချယ်ကာ သက်ဆိုင်ရာအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များပါဝင်သော လုပ်ငန်းအဖွဲ့ကိုးဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် နိုင်ငံ့အရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ်၏ အရေးပေါ်နှင့် အရေးကြီးလိုအပ်သည့်လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ပြီး စုပေါင်းအားဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းလုပ်ငန်းအဖွဲ့ ကိုးဖွဲ့သည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အင်အားကို စုစည်းကာ ရခိုင်ပြည်နယ်၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအဖွဲ့ ကိုးဖွဲ့မှာ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေး လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေးထောက်ပံ့မှုလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေး(Crowd Funding)လုပ်ငန်းအဖွဲ့နှင့် ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့ဖြစ်ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



UEHRD နှင့် ပေါင်းစပ်ပါဝင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍကျွမ်းကျင်သည့် အဖွဲ့ကိုးဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပစဉ်။



## ကြေးမုံ

# စုပေါင်းလှူဒါန်းမှုမှ နိုင်ငံ့ခွန်အားသို့

မြန်မာတို့သည် အလှူဒါနအရာ၌ ပင်ကိုအားဖြင့် ရက်ရောစွာလှူဒါန်းပေးကမ်းလေ့ရှိသည်။ ဒါနအဖုံဖုံ၊ လှူဖွယ် အမျိုးမျိုးတို့ကို ပြုကြရာ၌ စေတနာသုံးတန်ပြဌာန်း၍ အယုတ်အလတ်အမြတ်မရွေး လှူဒါန်းလေ့ရှိကြ၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကိုသာမက မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုများနှင့် အားနည်းကြသည့် လိုအပ်သူအားလုံးတို့ပါမကျန် လှူဒါန်းပေးကမ်းလေ့ရှိ၏။ မြန်မာတို့သည် ဒါနဠ လှူဒါန်းပေးကမ်းမှုပြုကြရာတွင် ကာလဒါနနှင့်အညီ အနဝဇ္ဇာနိ ကမ္မာနိ အပြစ်ကင်းသော အများအကျိုးပြုအလုပ်တို့တွင် ပါဝင်လှူဒါန်းကြသည်မှာ မင်္ဂလာတရားတော်နှင့်ညီညွတ်သည့်အပြင် မွန်မြတ်သန့်ရှင်းသည့် သဒ္ဓါစစ္စဒါနပြုခြင်းကိုလည်း ဖြစ်စေ၏။

ယမန်နေ့က စိတ်နှလုံးချမ်းမြေ့ဖွယ် ကာလဒါနဠအလှူ၊ အနဝဇ္ဇာနိ ကမ္မာနိဒါန စုပေါင်းပြုကြသည်ကို မြင်တွေ့လိုက်ရ၏။ သာဓုအကြိမ်ကြိမ်ခေါ်ဆိုရမည်ဖြစ်၏။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အလှူငွေစုပေါင်းပေးအပ်ကြခြင်းဖြစ်၏။ အားနည်းသောကာလဒေသအတွက် ကူညီလှူဒါန်းသည်ဆိုရာ၌ ရခိုင်ပြည်နယ်သည် မျက်မှောက်ကာလ၌ နိုင်ငံအတွက် အကူအညီအရေးတကြီး လိုအပ်သည့်ဒေသဖြစ်၍ ဦးစားပေးလှူဒါန်းမှု ပြုရခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ယင်းအလှူကို လှူဒါန်းမှုဒါနဟုဆိုနိုင်သလို နိုင်ငံဖွံ့ဖြိုးမှု၊ တိုးတက်မှုနှင့် ငြိမ်းချမ်းမှုကိုဖြစ်စေသော စိတ်ဓာတ်ခွန်အား၊ အကြံဉာဏ်ခွန်အား၊ ပူးပေါင်းဆောင်ရွက်မှုခွန်အား အလှူလည်းဖြစ်စေလိုပါသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် အစိုးရတစ်ရပ်၏အလုပ်သက်သက်အဖြစ် မှတ်ယူရပ်တည်ခဲ့ကြရာမှ ယခုကဲ့သို့ ငွေကြေးတတ်နိုင်သူများက ပူးပေါင်းပါဝင်ကူညီပံ့ပိုးမှုများ ရှိလာခြင်းသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်း၏ ပထမဆုံးမှတ်တိုင်သစ်ဟု ဆိုနိုင်ပါသည်။

ယခုလှူဒါန်းမှုသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် လှူဒါန်းမှုပြုလုပ်လိုသူများကို အောက်တိုဘာ ၁၅ ရက်က စတင်ဖိတ်ခေါ်ပြီးနောက် ပထမဆုံးပူးပေါင်းပါဝင် လှူဒါန်းမှုပြုလာကြခြင်းဖြစ်သည်။

စီမံကိန်းတွင် ပြည်သူပြည်သားများ၊ ပြည်တွင်း NGOများနှင့် CSO များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံခဲ့ပြီးနောက် ထိုကဲ့သို့ ပါဝင်လှူဒါန်းလာကြခြင်းဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီပေးရန် ကမ်းလှမ်းထားသည့်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ကမ္ဘာ့ဘဏ်နှင့် အေဒီဘီကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ နီပွန်ဖောင်ဒေးရှင်းကဲ့သို့သော INGO များနှင့် မိတ်ဆွေနိုင်ငံများလည်း ပါဝင်ကြရန်ဖိတ်ခေါ်ထားသည်။

နိုင်ငံတော်က အကူအညီတောင်းခံခဲ့သည်မှာ ငွေရေးကြေးရေးအရ ရုပ်ပိုင်းဆိုင်ရာအကူအညီထက် စိတ်ပိုင်းဆိုင်ရာ အကြံဉာဏ်၊ စေတနာ၊ ဉာဏ်ပညာနှင့် နောင်အနာဂတ်ကို မှန်းဆပြီး အရည်အချင်းများနှင့် ပါဝင်ကူညီမှုကို မျှော်မှန်းထားသည်။ ယခုလှူဒါန်းမှုသည် ပဏာမလုပ်ဆောင်မှုတစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်အတွက် ပြည်သူ၊ အစိုးရ၊ ချမ်းသာသည့် လုပ်ငန်းရှင်ကြီးများ အင်အားသုံးခုစုစည်းကာ ပြည်ထောင်စုစီမံကိန်းတစ်ခု အောင်မြင်အောင် လုပ်ဆောင်ခြင်းဖြစ်သလို နိုင်ငံအနာဂတ်အတွက် ခိုင်မာသည့်အုတ်မြစ်ကို ချလိုက်သောလုပ်ငန်းဖြစ်သည်ဟု ဆိုနိုင်သည်။

သို့ဖြစ်ရာ ယခုစုပေါင်းလှူဒါန်းမှုသည် စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ ကာလဒါနဠအလှူ၊ အနဝဇ္ဇာနိ ကမ္မာနိဒါနအလှူ ဖြစ်သည့်အပြင် နိုင်ငံတော်၏လိုအပ်မှုကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးခြင်းလည်းဖြစ်ရာ မွန်မြတ်သောလှူဒါန်းမှုများနှင့်အတူ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သောအကြံဉာဏ်များ၊ ပူးပေါင်းဆောင်ရွက်မှုများ လှူဒါန်းမှုများအား ဆက်လက်ဆောင်ကြဉ်းပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။ ။

# ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း သတင်းမီဒီယာများသို့ အသိပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်းအစီအစဉ် (၂၀၁၇) သတင်းမီဒီယာများသို့ အသိပေးဆွေးနွေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေး ၁၀ မျိုးကို အသုံးပြု၍ အသက်(၅)နှစ်အောက် ကလေးများတွင် ကူးစက်ရောဂါများကြောင့် ဖြစ်ပွား၊ သေဆုံးမှု မရှိရအောင် ကာကွယ်ပေးနေကြောင်း၊ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသည့် ကလေးတိုင်းကို ရောက်ရှိအောင် ဆောင်ရွက်ပေးနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ထပ်မံထည့်သွင်းထိုးနှံရန်လိုအပ်သည့် ကာကွယ်ဆေးများအနက် သေဆုံးမှုနှုန်းများပြီး နောက်ဆက်တွဲဆိုးကျိုးများပြားသည့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်၍ (၁၁)ခုမြောက် ကာကွယ်ဆေးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထည့်သွင်းသွားမည်ဖြစ်သည်။

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း အစီအစဉ်ကို အသက်(၉)လမှ (၁၅)နှစ်အရွယ် ကလေးသူငယ် ၁၄ သန်းခန့်ကို အစီအစဉ်(၂)ရပ်ခွဲကာ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်းနှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အရင်းအမြစ်စွမ်းအားစုများကို အခြေခံပြီး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ကလေးသူငယ်တစ်ဦးမျှ မကျန်ရှိစေရေးအတွက် အဆင့်ဆင့်ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုးက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ WHO၊ UNICEF နှင့် PATH ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများအသင်း တရားဝင်ဖွဲ့စည်းသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တက္ကသိုလ်ကြီး၌ ၁၉၄၁ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် မြန်မာစာဌာနသည် စိန်ရတုလွန်ကာလတိုင် လျှောက်လှမ်းခဲ့သော်လည်း ၇၆ နှစ်တာကာလအတွင်း မြန်မာစာကျောင်းသားဟောင်းများအသင်းအဖြစ် တရားဝင်ဖွဲ့စည်းခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများအသင်းကို တရားဝင်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားမည်ဟု အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ပြုလုပ်ခဲ့သော ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အစည်းအဝေးမှ သိရသည်။

မြန်မာစာကျောင်းသားဟောင်းများအသင်းကို ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာစာမိသားစုဝင်များအားလုံး၏ လူမှုရေးကိစ္စများတွင် ကူညီပံ့ပိုးနိုင်ရေး၊ မြန်မာစာဘာသာရပ်နှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ မျိုးဆက်သစ် မြန်မာစာ၊ မြန်မာမှု ကျောင်းသားများ၏ ပညာသင်ဆု၊ ပညာသင်ထောက်ပံ့မှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(ခင်ဇာလီ)**



# လှိုင်မြို့နယ် ကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြို့နယ်အားကစားနှင့် ကာယပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပသော လှိုင်မြို့နယ် ကျောင်းပေါင်းစုံ မြို့နယ်တစ်ပတ်မီနီမာရသွန်ပြိုင်ပွဲကို အောက်တိုဘာ၂၁ ရက် နံနက် ၅ နာရီခွဲက လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ လှိုင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က သေနတ်ပစ်ဖောက်၍ မီနီမာရသွန်ပြေးပွဲကို တာလွှတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်စုစုပေါင်း ၃၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပန်းဝင်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆု ၁၀ ဦး ရွေးချယ်ပြီး ဆုရသူများကို အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ လှိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးမှူး ဦးအောင်မိုးနှင့် မြို့မိမြို့ဖများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်စေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဒုတိယအကြိမ် အင်းသားအမျိုးသားနေ့သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား ကုန်းတော်ပေါ်၌ ယမန်နေ့နံနက် ၈ နာရီခွဲတွင် ဒုတိယအကြိမ် အင်းသားအမျိုးသားနေ့ အခမ်းအနား ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှေးဦးစွာ ဖောင်တော်ဦးဘုရား ရေပြင်ရှေ့၌ အင်းလေးရိုးရာ ဆွဲလှေ ၄၈ စင်းက သရုပ်ပြလှော်ခတ်ပြီး ဖောင်တော်ဦးဘုရားအား ဦးညွှတ်ကြသည်။

ယင်းနောက် အင်းရိုးရာအစဉ်အလာအကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပေးပို့သော အင်းသားအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ညောင်ရွှေမြို့နယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပေးပို့သော အင်းသားအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ အင်းသား အင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**✱ ရှေ့ဖုံးမှ**

သက်ဆိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများက မြင်သည့်အမြင်များသည် မိမိတို့နိုင်ငံအတွက် နစ်နာမှုများ ရှိပါကြောင်း၊ နိုင်ငံတကာအမြင်နှင့် ဖြစ်ပွားသည့် အဖြစ်အပျက်အရင်းအမြစ်ကို သေသေချာချာသိရှိဖို့လိုကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ပြီး ထိုကော်မရှင်၏အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ ပြည်သူများပါဝင်သော ပြည်ထောင်စုစီမံကိန်း(UEHRD)ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ UEHRD တွင် အချက်သုံးချက်ပါဝင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့်ပတ်သက်၍ ပြည်တွင်းအင်အားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးကိုလည်း နိုင်ငံတော်အစိုးရက စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောင်ဤကဲ့သို့ ပဋိပက္ခများမဖြစ်ပွားစေရေး၊ ဥပဒေနှင့်အညီ နည်းလမ်းမှန်ကန်စွာဖြင့် နိုင်ငံတော်အစိုးရက စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ လူမှုအသိုက်အဝန်းနှစ်ရပ်အကြား လူမှုသဟဇာတဖြစ်စွာနေထိုင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏အင်အားကို ရယူဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးရာတွင် စိတ်ပိုင်းဆိုင်ရာခံစားမှုများကို ဖြေလျှော့ပေးရန် အားပေးကူညီမှုများလိုအပ်ကြောင်း၊ လူ့အဖွဲ့အစည်းများအတွင်း အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာများ၏ အချက်အလက်များကို ကောက်ယူရန်လိုအပ်ကြောင်း ပြောကြားပြီး ဝန်ကြီးဌာနက ဆောင်ရွက်ထားရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ဖြန့်ဝေရေးစီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့က UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေး စီမံချက်ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားနေရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မိသားစုများလက်ဝယ်အရောက် အဖွဲ့တစ်ဖွဲ့လျှင် ၂၀ စီပါဝင်သော လူငယ်အဖွဲ့များ ဖွဲ့စည်း၍ တစ်ကြိမ်လျှင် ရက် ၂၀ ကြာ အလှည့်ကျ သွားရောက်လုပ်ငန်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဧရာဝတီဖောင်ဒေးရှင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်တာဝန်ခံများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့၊ Youth Social Group နှင့် ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်မူဝါဒရေးဆွဲခဲ့သော ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✱ UEHRD မှ**

လုပ်ငန်းအဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်တွင် ချက်ချင်းလက်ငင်းဖြေရှင်းရမည့် ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးအပြင် ရေတို၊ ရေရှည် လုပ်ငန်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးတို့ကိုပါ လုပ်ငန်းစီမံချက်များချမှတ်ပြီး ဆောင်ရွက်ကြမည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့များ၏ ကနဦးလုပ်ငန်းအနေဖြင့် အဖွဲ့ဝင်များသတ်မှတ်ခြင်း၊ အဖွဲ့၏လုပ်ငန်းများသတ်မှတ်ခြင်းနှင့် လုပ်ငန်းများအား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ချမှတ်ရန်လိုအပ်သည့် မူဝါဒများအား အလျင်အမြန် စုစည်းမည်ဖြစ်ပြီး အောက်တိုဘာ ၂၅ ရက်တွင် ထပ်မံကျင်းပမည့် UEHRD နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အစည်းအဝေးတွင် တင်ပြအတည်ပြုကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လုပ်ငန်းလိုအပ်ချက်များကို ကနဦးလေ့လာရန် လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်များ၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များသည် အောက်တိုဘာလနောက်ဆုံးပတ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်ကြမည်ဖြစ်သည်။

UEHRD နှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များ အားလုံးကို ဦးဆောင်ညှိနှိုင်းဆောင်ရွက်မည့်အဖွဲ့အား ကုန်သည်/စက်မှုအသင်းချုပ်တွင် ဖွဲ့စည်းမည်ဖြစ်ပြီး ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မြန်မာလုပ်ငန်းရှင်များအား ကျွမ်းကျင်ရာကဏ္ဍမှ ပါဝင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

"ဒီလောက်အခက်အခဲတွေကြားမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးအောင်လုပ်ပြနိုင်တယ်ဆိုတာ ကျွန်တော်တို့ သက်သေပြကြမယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ လုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထုပါဝင်နိုင်အောင်လည်း အင်တာနက်၊ မိုဘိုင်းလ်ဖုန်း၊ Social Media စတဲ့ ပလက်ဖောင်းမျိုးစုံကနေတစ်ဆင့် ဖိတ်ခေါ်သွားမယ်"ဟု ဒေါက်တာ အောင်ထွန်းသက်က ပြောသည်။ **(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးသန်း၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာ စာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုဇွန်တောင်ဈေးနှင့် ပုဇွန်တောင်ချောင်းတစ်လျှောက် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ပြင်သစ်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံအစိုးရတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ပုဇွန်တောင်ဈေးအား ခေတ်မီဈေးကြီးအဖြစ် အဆင့်မြှင့်တင်၍ပုဇွန်တောင်ချောင်း(ငမိုးရိပ်ချောင်း)တစ်လျှောက် ဆိပ်ကမ်းများ အဆင့်မြှင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပုဇွန်တောင်ဈေးက နေရာကျယ်ဝန်းတယ်။ ဈေးဘေးမှာ ချောင်းရှိတယ်။ ကားလမ်းရှိတယ်။ မီးရထားလမ်းလည်းရှိတယ်။ နောက်ပိုင်း Water Bus လုပ်မယ်ဆိုရင်လည်း ဆိပ်ကမ်းဆိုက်လို့ရတယ်။ ဆိပ်ကမ်းကိုလည်း အဆင့်မြှင့်တင်ဖို့ရှိတယ်။ ပုဇွန်တောင်ဈေးနေရာဟာ အဘက်ဘက်က ကောင်းမွန်တဲ့နေရာတစ်ခုပါ။ ပြည်တောင်စုအစိုးရကိုယ်တိုင် ပြင်သစ်နဲ့ပူးပေါင်းပြီးတော့ အဆင့်မြှင့်တင်မှုတွေ ဖန်တီးမယ်လို့ သိထားတယ်"ဟု ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ပြောသည်။

ခေတ်မီဈေးကြီးအဖြစ် အဆင့်မြှင့်တည်ဆောက်မည့် ပုဇွန်တောင်ဈေးကြီးတွင် လက်ရှိရောင်းချနေသည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများအပြင် စားသောက်ဆိုင်ခန်းများနှင့် ယာဉ်ရပ်နားစခန်းများ ထားရှိပေးသွားမည်ဖြစ်ကြောင်း၊ ပုဇွန်တောင်ချောင်းမှ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ အစရှိသည့်မြို့နယ်များသို့ ရေလမ်းခရီးဖြင့် သွားရောက်နိုင်သည့် Water Bus ပြေးဆွဲရန် အစီအစဉ်ရှိပြီး ဆိပ်ကမ်းတည်ဆောက်ရာတွင် ပြည်သူများ အပန်းဖြေအနားယူနိုင်သည့်နေရာများလည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ လေ့လာရေးတွေ လုပ်နေတယ်။ စီမံကိန်းကတော့ ၂၀၁၈-၂၀၁၉ ခုနှစ် ဖြစ်မလား သေချာမသိရသေးဘူး။ နောက်တစ်ခုက လုပ်မယ်ဆိုရင်လည်း ဈေးမှာရှိတဲ့လူတွေကို ဘယ်လိုနေရာရွှေ့မှာလဲ။ ဒါတွေကလည်း ရှိသေးတော့ လုပ်မယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ အစိုးရရော၊ စည်ပင်ရော အားလုံးပူးပေါင်းပြီးတော့ ဘယ်လိုအကောင်းဆုံး လုပ်မယ်ဆိုတာ ပြောလို့ရမှာပါ"ဟု ဦးခင်မောင်ဝင်းက ပြောသည်။ **(ဇာနည်မောင်)**

## နောက်(၂)နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

# ၂၀၁၅ ခုနှစ်အတွင်း လေထု၊ ရေထုညစ်ညမ်းမှုနှင့်မြေပြင်ပေါ်ရှိအမှိုက်သရိုက်များ မဆင်မခြင်စွန့်ပစ်မှုများကြောင့် လူပေါင်းကိုးသန်းခန့်သေဆုံး






**လန်ဒန် အောက်တိုဘာ ၂၁**

၂၀၁၅ ခုနှစ်အတွင်း လေထုညစ်ညမ်းမှု၊ရေထုညစ်ညမ်းမှုနှင့်မြေပြင်ပေါ်ရှိ အမှိုက်သရိုက်များ ညစ်ညမ်းမှုကြောင့်ဖြစ်ပွားသော ကျန်းမာရေးပြဿနာများကြောင့် ကမ္ဘာတစ်ဝန်းတွင် လူပေါင်းကိုးသန်းခန့် သေဆုံးခဲ့ကြောင်း နိုင်ငံတကာ သုတေသီများက ဆိုသည်။

အောက်တိုဘာ ၁၉ ရက်ထုတ် the Lancet အမည်ရှိ ဗြိတိန်ဆေးပညာဂျာနယ်တွင် အမေရိကန်၊ ဗြိတိန်နိုင်ငံများအပါအဝင် အခြားသောနိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၅၀ ခန့်၏ လေထုညစ်ညမ်းမှုကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ကိုးသန်းသေဆုံးခဲ့သည်ဆိုသည့် လေ့လာတွေ့ရှိမှု အစီရင်ခံစာတစ်ရပ်ကို ထည့်သွင်းဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် မြေပြင်ပေါ်တွင် အမှိုက်သရိုက်များ မဆင်မခြင် စွန့်ပစ်မှုကြောင့်ဖြစ်ပွားသော ရောဂါများကြောင့် သေဆုံးမှုနှုန်းသည် အစာရေစာငတ်မွတ်ခေါင်းပါးမှုနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ခံစားရမှုကြောင့် သေဆုံးမှုပမာဏထက် ပိုမိုများပြားလျက်ရှိကြောင်း သုတေသီများက ဆိုသည်။

အာရှနှင့် အာဖရိကနိုင်ငံများတွင် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့်မြေပြင်ပေါ်ရှိ အမှိုက်သရိုက်များကြောင့် ရောဂါဖြစ်ပွားကာ သေဆုံးမှုနှုန်းအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါ ညစ်ညမ်းမှုများကြောင့် ရောဂါဖြစ်ပွားကာ သေဆုံးသည့်နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် သေဆုံးသူနှစ်သန်းခွဲရှိကာ ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး တရုတ်နိုင်ငံက သေဆုံးမှုနှုန်း ၁ ဒသမ ၈ သန်းကျော်ရှိကာ ဒုတိယမြောက် သေဆုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အဆိုပါညစ်ညမ်းမှုအန္တရာယ်သည် လူသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ခုခံအားကျဆင်းသည့်ရောဂါ၊ သဘာဝဘေးအန္တရာယ်များကဲ့သို့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များချမှတ်ကာ အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်း သုတေသီများက တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# အာဖဂန်နစ္စတန်မှဗလီနှစ်လုံး ဖုံးခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူအရေအတွက် ၇၁ ဦးထိ တိုးမြင့်လာ

**ကဘူး အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတွင် မြို့တော်ကဘူးနှင့် နိုင်ငံအနောက်ပိုင်း ဂေါပြည်နယ်တို့၌ အောက်တိုဘာ ၂၁ ရက် ညနေပိုင်းက သီးခြားစီဖြစ်ပွားသော ဗလီနှစ်လုံးကို အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံးရသူအရေအတွက်မှာ ၇၁ ဦးထိရှိလာပြီး အခြား ၈၃ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

အောက်တိုဘာ ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြို့ အနောက်ပိုင်း ဒက်ချ်အီးဘာချီအရပ်ရှိ ရှီယာဘာသာဝင်များ၏ အိုင်မန့်အီးဇာမန် အမည်ရှိ ဗလီတွင် ဘာသာဝင်များဝတ်ပြုနေကြစဉ် အသေခံ ဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် အသေခံ ဗုံးခွဲဝတ်စုံကို ဖောက်ခွဲခဲ့ရာ ဝတ်ပြုနေသူ ၄၁ ဦး သေဆုံးပြီး အခြား ၆၁ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ယင်းဗလီမှ ယဉ်ကျေးမှုဆိုင်ရာ အကြီးအကဲ နာဂျီဘူလာ ဖာမန်က တိုလိုသတင်းဌာနနှင့် ဒေသတွင်း သတင်းမီဒီယာများသို့ ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲမှုကြောင့် လူ ၂၉ ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦးမှာ ရရှိသောဒဏ်ရာများဖြင့်သော်လည်းကောင်း၊ ဆေးရုံသို့တင်ပို့ရာလမ်းတွင်လည်းကောင်း သေဆုံးခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကဘူးမြို့ရှိ ဗလီအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် သေဆုံးရသူဦးရေမှာ ၆၁ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၈၂ ဦးရှိကြောင်း အတည်မပြုနိုင်သော သတင်းများအရ သိရသည်။

ကဘူးမြို့ ဗလီဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသည့် တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဂေါပြည်နယ် ဒူလီနာခရိုင် ခိုဂျာဂန်ကျေးရွာရှိ ဗလီတစ်လုံးတွင် အာဖဂန်အစိုးရလိုလားသည့် လက်နက်ကိုင်အုပ်စုတစ်စုမှ အထက်တန်းတပ်မှူး ဖဖဇမ်အာမက်ခန်းအပါအဝင် ဝတ်ပြုနေသူ လူ ၃၀ ခန့်မှာ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးရပြီး အခြား ၂၂ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယင်းခရိုင်၏ အကြီးအကဲ ဟော့စန်ဒါနစ်ချာက ဆင်ဟွာသတင်းဌာနသို့ အောက်တိုဘာ ၂၂ ရက် အစောပိုင်းတွင် ပြောကြားသည်။ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အဖောက်ခွဲခံရသည့် ဗလီများပြိုကျလုရှိအောင် ကြီးမားပြင်းထန်သည်ဟုသတင်းတွင် ဖော်ပြသည်။

မြို့တော်ကဘူးတွင် ဖြစ်ပွားခဲ့သည့် အသေခံဗုံးဖောက်ခွဲမှုကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း အိုင်အက်စ်လက်နက်ကိုင် အကြမ်းဖက်အဖွဲ့က ကြေညာခဲ့သော်လည်း ဂေါပြည်နယ်မှ ဗုံးဖောက်ခွဲမှုအတွက် တာဝန်ရှိကြောင်း ကြေညာသည့် အဖွဲ့အစည်းမရှိပေ။

**ဆင်ဟွာ။**






# ကုလအဖွဲ့တွင် ပူးပေါင်းဆောင်ရွက်ရန် သမ္မတထရန့်အား ဂူတာရက်စ်ကမ်းလှမ်း

**ဝါရှင်တန် အောက်တိုဘာ ၂၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အန်တိုနီယို ဂူတာရက်စ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ် အမေရိကန်နိုင်ငံသည်သာ ပထမဟူသည့် မူဝါဒကို လက်ကိုင်ထားသော်လည်း ကုလသမဂ္ဂအဖွဲ့၏ ဆောင်ရွက်နေဆဲလုပ်ငန်းစဉ်များတွင် အမေရိကန်နိုင်ငံအား ပူးပေါင်းလုပ်ဆောင်စေလိုကြောင်း ကမ်းလှမ်းပြောကြားခဲ့သည်။

အောက်တိုဘာ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံခဲ့သည်။

အမေရိကန်နိုင်ငံသည် လွတ်လပ်မှု၊ ဒီမိုကရေစီစနစ်နှင့် လူ့အခွင့်အရေးဟူသည့် အချက်သုံးချက်အပေါ်အခြေခံသည့် 'အမေရိကန်သည်သာပထမ'ဟူသော မူဝါဒကိုလက်ကိုင်ထားသော်လည်း ကုလသမဂ္ဂအဖွဲ့၏ ဆောင်ရွက်နေဆဲ လုပ်ငန်းဆောင်တာများတွင် ပါဝင်ကူညီရန် ကုလအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ၎င်း၏ဆန္ဒသဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့သည် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့အခြေအနေအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် ကဏ္ဍမျိုးစုံ၌ အဘက်ဘက်ကပြည့်ဝသည့် လုပ်ဆောင်ချက်များ ချမှတ်လုပ်ဆောင်နိုင်သည့် တောင့်တင်းခိုင်မာခေတ်မီသော ကုလသမဂ္ဂအဖွဲ့ဖြစ်လာရန် လိုအပ်သည်ဟု ကုလအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့၏ အချို့သောလုပ်ဆောင်ချက်များသည် အကျိုးသက်ရောက်မှု မရှိကြောင်း သမ္မတထရန့်ဦးဆောင်သည့် အစိုးရအဖွဲ့က ပြောကြားခဲ့သည်။ အမေရိကန်သမ္မတထရန့်က ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များအတွက် ထောက်ပံ့လျက်ရှိသော အသုံးစရိတ်များကို လျှော့ချသတ်မှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂပညာရေးနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှ နုတ်ထွက်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းက ကြေညာခဲ့သည်ဟု သိရသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့၏ ဘဏ္ဍာရေးထောက်ပံ့မှု အများဆုံးနိုင်ငံဖြစ်သည်။ ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်အတွက် သုံးစွဲငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံ၏ ၂၃ ရာခိုင်နှုန်းနှင့် ကုလသမဂ္ဂအဖွဲ့၏ စုစုပေါင်း သုံးစွဲငွေ ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ၏ ၂၂ ရာခိုင်နှုန်းကို ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် MITVနှင့် MRTV သတင်းထုတ်လွှင့်တင်ဆက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းတွင် ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး Myanmar International Television(MITV)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သတင်းခန်းများတွင် သတင်းများရိုက်ကူးထုတ်လွှင့်တင်ဆက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံစဉ် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက MITV အနေဖြင့် နိုင်ငံတကာသို့ သတင်းမှန်တင်ပြနိုင်ရေးနည်းလမ်းများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် Myanmar International Television (MITV), MRTV Entertainment CEO ဦးဇော်သက်မောင်က MITV ၏ လက်ရှိသတင်းထုတ်လွှင့်တင်ဆက်မှု၊ ယူကျူ၊ ဖေ့စ်ဘွတ်နှင့် ဝက်ဆိုက်စာမျက်နှာများတွင် ထုတ်လွှင့်နေမှု၊ လက်ရှိထုတ်လွှင့်နေသည့် အစီအစဉ်များ၊ နိုင်ငံတကာ သတင်းဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှု၊ သတင်းများဖော်ပြပေးနိုင်မှု၊ MITV ဝန်ထမ်းအင်အားနှင့် ထုတ်လွှင့်မှုအတွက် ကုန်ကျစရိတ်တို့ကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် MITVနှင့် MRTVသတင်းခန်းများ၏ သတင်းထုတ်လွှင့်တင်ဆက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanmar International Television (MITV)သည် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ MRTV-3 အမည်ဖြင့်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ရွှေသံလွင်မီဒီယာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဝန်ထမ်းများပူးပေါင်း၍ MITV အမည်ဖြင့် ထုတ်လွှင့်ခဲ့သည်။



MITVသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများအကြောင်း၊ ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များ၏ အကြောင်း၊ နိုင်ငံခြားသားခရီးသည်များ သွားရောက်လည်ပတ်နိုင်သည့် မြန်မာနိုင်ငံ၏ ထင်ရှားလှပသည့် ဒေသရှုခင်းများအကြောင်း၊ သတင်း၊ Documentary၊ ခရီးသွားမြင်ကွင်း၊ လူမှုဘဝဆောင်းပါးနှင့် ရာသီဥတုနှင့် အခြားဆိုင်ရာအစီရင်ခံစာများကို အင်္ဂလိပ်ဘာသာဖြင့် အချိုးကျ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည်။

MITV Channel သည် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော နိုင်ငံခြားသားများအား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို သိရှိစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိတွေ့ခံစားနိုင်စေရန် ရည်ရွယ်၍ အင်္ဂလိပ်ဘာသာဖြင့် တင်ဆက်သည့် ရုပ်သံအစီအစဉ်တစ်ခုဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းရှိ Myanmar International Radio (MIR) သို့သွားရောက်၍ အင်္ဂလိပ်ဘာသာဖြင့် ရေဒီယိုတိုက်ရိုက်ထုတ်လွှင့်ရန် ပြင်ဆင်ထားမှု၊ စက်ပစ္စည်းတပ်ဆင်ထားမှု၊ ရုပ်သံရိုက်ကူးရေးအခန်းနှင့် Back Up Room၊ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်း နောက်ခံစကားပြော ထည့်သွင်းတင်ဆက်မှု အပိုင်းတို့ကို ကြည့်ရှုရာ MIR မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**(ဓာတ်ပုံ)**

ထို့နောက် MIRမှတာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးအား MIR နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးကMIR နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားမှုများသည် စိတ်ဝင်စားစရာ၊ ကျေနပ်အားရစရာကောင်းကြောင်း၊ MIR သည် မြန်မာကိုကမ္ဘာကသိရှိစေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ လုပ်ဆောင်နေသည့်အတွက် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းစတင်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သောကြောင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရွှေသံလွင်ကုမ္ပဏီဝင်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

Myanmar International RadioChannel (MIR) ထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံတမန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ INGO တွင် လုပ်ကိုင်နေသူများ၊ ကမ္ဘာလှည့်ခရီးသွားများအပါအဝင် နိုင်ငံခြားသားများနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွက် နိုင်ငံတကာ ဘာသာစကားများဖြင့် အသိပညာဗဟုသုတနှင့် ပြည်တွင်း၊ ပြည်ပသတင်းများအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ MRTV နှင့် ရွှေသံလွင်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❖ နွဲ့စို့တူပျော်ပျော်မှ

မြို့နယ်ဂုဏ်ဆောင်သည့်ပွဲတော် ဖြစ်သည်နှင့်အညီ ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လက်ရှိကာလတွင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ပေါ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျားပန်းခပ်မျှ အလုပ်ကိုယ်စီ ရှုပ်လျက်ရှိနေကြပြီဖြစ်သည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကျိုးသုံးပါးရှိသည့်အနက် အနာဂတ်အကျိုးအတွက် ကောင်းမှုဘာဝနာ ကုသိုလ်အဖြာဖြာ ရရှိနိုင်စေရန် စစ်တောင်းမြစ်အတွင်း ရှင်ဥပဂုတ္တမထေရ်မြတ်အား အမှူးထား၍ မဒေါက်မြို့သူ မြို့သားများက မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များအားပင့်လျှောက်၍ အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ ဆက်ကပ်လှူဒါန်းမည့်အလှူတော်အတွက် စီမံသူများကတစ်သွယ်၊ ဒေသခံတေးသံရှင်များက မော်တော်ယာဉ်ကြီးများပေါ်တွင် တေးသံသာများဖြင့် လှည့်လည်ဖျော်ဖြေမှုအပါအဝင် ဝတ်အသင်းများက ရဟန္တာအရှင်မြတ်ကြီးအား မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံနိုင်ရန် ပြင်ဆင်သူများက ပြင်ဆင်၊ ဗုဒ္ဓမြတ်စွာဘုရားအား အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်အား စစ်တောင်းမြစ်ပြင်ကျယ်အတွင်း မီးမျှောပူဇော်နိုင်ရန် ရောင်စုံမီးကြာခွက် ပြုလုပ်သူကပြုလုပ်၊ ပွဲတော်ကာလအတွင်း ထည့်သွင်းကျင်းပမည့် ရေသဘင်ပြိုင်ပွဲအတွက် အကအလှ သဘာဝဟန်ချက်အညီ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်နိုင်ရန် တက်ခုတ်ယိမ်း၊ တက်ပုံ့ယိမ်းအကအဖွဲ့၊ တိုင်းရင်းသားရိုးရာ ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေပြိုင်ပွဲဝင်ရန် စစ်တောင်းမြစ်အတွင်း ဇာတ်တိုက်လှေကျင့်ခြင်းနှင့် စက်တပ်လှေဖောင်များအပေါ် ဒီဇိုင်းအလိုက် သရုပ်ဖော်ဇာတ်စင်များ ပြင်ဆင်ခြင်းတို့ကို နေ့ရောညပါ ဝါယမစိုက်ထုတ်ကြိုးစားလုပ်ဆောင်ကြရင်း သူ့အဖွဲ့နှင့်သူ၊ ကိုယ့်အဖွဲ့နှင့်ကိုယ် အလုပ်များလျက် ရှိနေကြသည်။

မဒေါက်မြို့ ရှင်ဥပဂုတ္တမထေရ်မြတ်ကိန်းဝပ်စံပယ်ရာ စံကျောင်းဆောင်၌ ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီဝင်များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတွင် အမျိုးသားအမျိုးသမီး တက်ခုတ်ယိမ်း၊ တက်ပုံ့ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယိမ်းအကအဖွဲ့များ စုစုပေါင်းယိမ်းအဖွဲ့ ၁၁ ဖွဲ့က အလှဆင်ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး ဆုကြေးများကိုလည်း ယမန်နှစ်ကထက် ပိုမိုတိုးမြှင့်ထားကာ ယိမ်းအကအဖွဲ့ ပထမဆု ငွေကျပ်ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်းခွဲ၊ တတိယဆု ငွေကျပ် လေးသိန်းနှင့် နှစ်သိမ့်ဆုများ အသီးသီးချီးမြှင့်သွားမည်ဖြစ်ပြီး ယခုနှစ် ပွဲတော်ရက်များအတွင်း ချောတိုင်တက်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ အားကစားနည်းများကိုလည်း ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ အားကစားပြိုင်ပွဲတစ်ခုချင်းစီအတွက် ဆုများချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ထို့ပြင် စတုဒိသာအကျွေးအမွေးများဖြင့် လှူဒါန်းကုသိုလ်ပြုရန်စီစဉ်ထားသလို ပျော်ပွဲရွှင်ပွဲအဖြစ် NEW AGE YOUNG (MDK)တီးဝိုင်းမှ အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်များ၊ ဇာတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲအပြင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေးမှ သန္တာကျော်၊ နွေးနွေးကျော်၊ ဆီးဂိမ်းလက်ရွေးစင် ဉာဏ်လင်းထက်(ရန်ကုန်)၊ မန္တလေးတိုင်းဒေသကြီးလက်ရွေးစင် ကိုဖြိုး၊ ပဲခူးတိုင်းဒေသကြီးလက်ရွေးစင် နန္ဒကျော်(ဒိုက်ဦး)နှင့် မျောက်သုံးကောင်(ဒိုက်ဦး) တို့၏ မြန်မာ့ရိုးရာ ခြင်းလုံးစွမ်းရည်ပြသမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည့်အကြောင်းကို မဒေါက်တန်ဆောင်တိုင် မီးမျှောပွဲသို့ လာရောက်ဆင်နွှဲကြမည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်ပရိသတ်အပေါင်းတို့အား သတင်းစကားပါးလိုပါသည်။

ယင်းအပြင် ယခုနှစ်ပြိုင်ပွဲတွင် ဒေသခံယိမ်းအကများအဖွဲ့ဝင်များက ၎င်းတို့၏ယိမ်းအကအခြေခံကို ပြုပြင်ပြောင်းလဲမှုမရှိစေဘဲ ဆန်းသစ်တီထွင်မှုရှိသောအကများဖြင့်ဖန်တီးယှဉ်ပြိုင်မှသာ အမှတ်ကောင်းရရှိပြီး အောင်ပန်းဆင်နိုင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ယခုနှစ်ပြိုင်ပွဲဝင်ကြမည့် ဒေသရိုးရာ ယိမ်းအကအလှများနှင့် စစ်တောင်းမြစ်၏ သဘာဝအလှတရားကို ကြည့်ရှုခံစားရင်း နေရောင်ခြည်တဖြည်းဖြည်းပျောက်လာစပြုလာချိန်တွင် စစ်တောင်းမြစ်အတွင်း မီးရှူးမီးပန်းများ ပစ်ဖောက်သူက ပစ်ဖောက်၊ ရောင်စုံမီးကြာခွက် ၃၀၀၀၀ ကို မျှောသူကမျှောဖြင့် ကြည်လင်အေးမြနေသည့် ရေပြင်ပေါ်တွင် မီးမျှောပူဇော်နေသည့် အလှတရားကို တဝကြီးကြည့်ရှုခံစားနိုင်ကြမည်ဖြစ်၍ တပျော်တပါး လာရောက်ဆင်နွှဲနိုင်ကြပါစေကြောင်း ဖိတ်မန္တက ပြုလိုက်ရပါသည်။

**သတင်းဆောင်းပါး**
**ပိန်းဇလုပ်-သိန်းညွန့်**

### ▼ ကျောဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက Indoor Skydiving ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက Indoor Skydiving ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြား၍ Flight Chamber ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံမှအမျိုးသမီးနည်းပြများ၊ နိုင်ငံခြားသားနည်းပြများနှင့် အမျိုးသမီးများပါဝင်သည့် Indoor Skydiving သရုပ်ပြအဖွဲ့က Flight Chamber အတွင်း Skydiving နည်းစနစ်များကို သရုပ်ပြပျံသန်းကြသည်။

ယနေ့ဖွင့်လှစ်သည့် Indoor Skydiving သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုကဲ့သို့ဖွင့်လှစ်ခြင်းဖြင့် မြန်မာနိုင်ငံ၏လေထီးခုန် အားကစားနည်းကို တစ်ဖက်တစ်လမ်းမှ အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ Indoor Skydiving Wind Tunnel ကို အသုံးပြုမှုအနည်းဆုံးဖြစ်စေမည့် နည်းပညာဖြစ်သော Wall-to-Wall Open Type စနစ်ဖြင့် လုံခြုံစိတ်ချစွာတည်ဆောက်ထားခြင်းဖြစ်ကာ အသက်ငါးနှစ်နှင့်အထက် ကျန်းမာရေးကောင်းမွန်သူမည်သူမဆို ဝင်ရောက်ပျံသန်းကစားနိုင်ပြီး Flight Instructor များက ဘေးအန္တရာယ်ကင်းစေရန် ဝင်ရောက်ထိန်းကျောင်းမှုများဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အန္တရာယ်ကင်းစွာဖြင့် ယုံကြည်စိတ်ချစွာ ဝင်ရောက်ကစားနိုင်မည်ဖြစ်သည်။

နိုင်ငံတကာ Indoor Skydiving များနည်းတူ ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ Indoor Skydiving ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ယခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangxi ပြည်နယ် JI'AN City တွင် ကျင်းပမည့် 18th ASIANIA and 2017 China Open Parachute Competition ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လေထီးခုန်အားကစားသမား အုပ်ချုပ်သူနှစ်ဦးနှင့် အားကစားသမားငါးဦး သွားရောက်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါအားကစားသမားများအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ Indoor Skydiving ကို နေ့စဉ်နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ သုံးလအတွင်း Promotion ကာလသတ်မှတ်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ○ GFA အသင်းမှ

GFAအသင်းသည် ချင်းယူနိုက်တက်အသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး ၃၄ မိနစ်တွင် အီမန်နျူရယ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း GFAအသင်းကသာ ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး အီမန်နျူရယ်က ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။

ဒုတိယနေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရှမ်းယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ရခိုင်နှင့် မကွေး၊ ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ဇွဲကပင်၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။**

# တစ်လအတွင်း ခင်းကျင်းလှူဒါန်း မြတ်ကထိန်သင်္ကန်း

ဒေါက်တာ မောင်ဖြေ

ကထိန်ခင်းပွဲဆိုသည်မှာ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကိုဆိုလို၏။ "မိုးနောက်ဆုံးလ၊ ကထိန်ခင်းရသည်ချိန်ခါ"ဟူသော စကားစဉ်ရှိ၏။ ဝါဆိုဝါကပ်တော်မူကြ၍ ပဋိပတ်မကင်းသောပရိယတ်လုပ်ငန်းကို ကြိုးစားအားထုတ်မည့် ရဟန်းတော်များအတွက် ကထိန်သင်္ကန်း လှူဒါန်းပွဲဖြစ်၏။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်တိုင် တစ်လမျှအတွင်း ခင်းကျင်းရသောပွဲဖြစ်၏။ ယင်းသို့ကထိန်ခင်းပွဲတော်ကြီး၏ သမိုင်းကြောင်းမှာ မြတ်စွာဘုရားရှင် လက်ထက်တွင် ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်ထံ သို့ဖူးမြော်ရန်လာကြ၏။ ဝါဆိုရန်နီးကပ်လာ၍ သာဝတ္ထိပြည်သို့ မရောက်နိုင်တော့ဘဲ သာကေတမြို့မှာပင် ဝါဆိုနေထိုင်ကြရ၏။ သံဃာတော်များအားလုံးသည် ပံ့သကူဓုတင်၊ အာရညကဓုတင်၊ ပိဏ္ဍပါတိကဓုတင်၊ တိစီဝရိတ်ဓုတင်များကို ဆောင်ကြသူတွေချည်းဖြစ်၏။

ဝါကျွတ်၍ ပဝါရဏာပြုပြီး ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ကြွလာကြ၏။ လမ်း၌မိုးရွာသည်နှင့်ကြုံနေရ၍ သံဃာတော်များသည် မိုးထဲရေထဲမှာ စိုရွှဲနေသည့် သင်္ကန်းများဖြင့် ပင်ပန်းဆင်းရဲစွာ ဇေတဝန်ကျောင်းသို့ရောက်လာကြ၏။ ပံ့သကူဓုတင်ဆောင်ကြသူများဖြစ်၍ သံဃာတော်များ၏ သင်္ကန်းများသည် ပံ့သကူသင်္ကန်းများဖြစ်၏။ ပံ့သကူသင်္ကန်းသည် ဟောင်းနွမ်းညစ်ပေ သူတကာတို့ စွန့်ပစ်ထားသော အဝတ်ဟောင်းများကို ကောက်ယူကာ ဖန်ရည်ဆိုးသောသင်္ကန်းများဖြစ်၏။ တိစီဝရိတ်ဓုတင်ကိုပါ ဆောင်ထားကြ၍ မိမိတို့နှင့် ဆောင်ထားသော သင်္ကန်းသုံးထည်သာရှိကြ၏။ ရေစိုသဖြင့် လဲရန် အခြားသင်္ကန်းအပိုမရှိ။ ထို့ကြောင့် သီတင်းကျွတ်ပြီးစ မိုးရေထဲမှလာရသည့်အခါ ရဟန်းသုံးကျိပ်သည် အလွန်ပင်ဆင်းရဲပင်ပန်းကြ၏။

ထိုသို့ ဆင်းရဲပင်ပန်းစွာနှင့်ပင် ခြောက်ယူဇနာ ဝေးကွာသော သာကေတမြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်ရှိလာကြရာ ဘုရားရှင်က သံဃာတော်များနှင့် နှုတ်ခွန်းဆက်စကားပြောကြားကာ ခရီးလမ်းကြောင်းစသည်ကို မေးမြန်းတော်မူ၏။ သံဃာတော်များက ခရီးလမ်းတွင် မိုးထဲရေထဲမှာ ဆင်းရဲပင်ပန်းစွာလာရပုံကို လျှောက်ထားကြ၏။ ယင်းသို့သော အကြောင်းကြောင့် မြတ်ဘုရားရှင်က ကထိန်ခင်း၍ လှူဒါန်းအပ်သော သင်္ကန်းသုံးစွဲရန် ခွင့်ပြုတော်မူ၏။

**မသိုးသင်္ကန်း**

မသိုးသင်္ကန်းဆိုသည်မှာ ကထိန်သင်္ကန်း၏ နာမည်တစ်မျိုးပင်ဖြစ်၏။ ကထိန်သင်္ကန်း လှူရာတွင်ပါဝင်၏။ မသိုးသင်္ကန်းရက်လုပ်ကြပုံမှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နေဝင်သည်နှင့်တစ်ပြိုင်နက် လူအများကို ဖိတ်ကြားပြီး ဝါစေ့ကို စတိသဘောကြဲပက်ကြရ၏။ ထို့နောက် ဝါကို ကောက်ပြီးဝါဖန်ကြ၏။ ဝါကြိတ်ကြ၏။ ရသောဝါဂွမ်းကို ဖတ်ကြရ၏။ ဂွမ်းဖတ်ကို ဗိုင်းတောင့်လိပ်ကြပြန်၏။ ဗိုင်းတောင့်ကို ချည်ငင်ကြ၏။ ချည်ခင်ကို ယောက်ကြ၏။ ယောက်ပြီးချည်ခင်ကိုချည်ဆိုးအစာတင်ပြီးလျှင် မီးတွင်လှန်းကြ၏။ ခြောက်သွေ့သောချည်ကို ရက်ဖောက်ကြပြီး ရက်ကန်းရက်ကြ၏။ ထို့နောက် ရက်ကန်းစင်သို့တင်ကာ အရုဏ်မတက်မီ သင်္ကန်းအဖြစ်ရောက်အောင် တပျော်တပါးစုပေါင်းအင်အားဖြင့် ရက်လုပ်သောသင်္ကန်းသည် မသိုးသင်္ကန်းဖြစ်၏။ မသိုးသင်္ကန်းရက်လုပ်လှူပွဲသည် ပျော်ပျော်ရွှင်ရွှင်နေချင်လေ့ရှိသော မြန်မာတို့၏ ပင်ကိုစိတ်၌ ထက်သန်သည့်ကုသိုလ်စေတနာ ယှဉ်တွဲပေါင်းစပ်လိုက်ရာမှ ဗုဒ္ဓယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ပင် ဖြစ်လာ၏။

**ပံ့သကူဓုတင်သင်္ကန်း**

ကထိန်သင်္ကန်းအလှူနှင့်ယှဉ်တွဲဖြစ်ပေါ်လာခြင်းဖြစ်၏။ ပံ့သကူသင်္ကန်းသည် လူစုလူဝေးဖြင့် ထင်ထင်ရှားရှား ကျင်းပသောပွဲမျိုးမဟုတ်။ လူအများကွယ်ရာတွင် သင်္ကန်းစသော သံဃာ့အသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ်စွန့်ပစ်လှူဒါန်းကြသော ပွဲမျိုးဖြစ်၏။ ဗုဒ္ဓဘာသာ၏ကျင့်စဉ်ဓမ္မများဖြစ်သော

**သံဃာတော်များ ကထိန်သင်္ကန်းဝတ်ဆင်မှုကို ခွင့်ပြုဟောကြားအပ်သော ဝိနည်းဒေသနာတော်မြတ်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပေ၏။ ကထိန်သင်္ကန်းဝတ်ဆင်သုံးစွဲခွင့်ကို ပြုခဲ့သည်မှာ ဝတ်ဆင်ရရုံအသွင်ပုံသဏ္ဌာန် တူညီရုံမျှလောက်ဖြင့် အလွယ်တကူခွင့်ပြုခဲ့ခြင်း မဟုတ်ပါ။ သင်္ကန်းပိတ်စဆေးဆိုးခြင်းမှအစ ဖြတ်တောက်ရက်လုပ်ခြင်းအဆုံး ဝိနည်းဒေသနာဖြင့် ဆုံးမထား၏။ လူပုဂ္ဂိုလ်များက လှူဒါန်းရခြင်းကိစ္စများပါ မကျန် စနစ်တကျ စည်းကမ်းချက်များဖြင့် ချမှတ်ဟောကြားခဲ့ခြင်းဖြစ်ပေ၏။**

ဓုတင် ၁၃ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပံ့သကူဓုတင်ကို အကြောင်းပြုပြီးဖြစ်ပေါ်လာသောပွဲဖြစ်၏။ ပံ့သကူ၏ မူလအမည်မှာ ပံသုကူလဟူသော ပါဠိပုဒ်ဖြစ်၏။ ထိုပါဠိမှ ပံသုကူဟုလည်းကောင်း၊ ပံ့သကူဟုလည်းကောင်း မြန်မာမှုဖြစ်ပေါ်လာ၏။ ပံသုကူလ၏ရင်းမြစ်အဓိပ္ပာယ်မှာ မြေမှုန့်၊ ဖုန်မှုန့်များ အပေါ်တွင် မြစ်ကမ်းသဖွယ်မြင့်တက်နေသော အဝတ်ပိုင်းဟု ဆိုလို၏။ ပံသု-မြေ၊ ဖုန်မှုန့်+ကုလ=မြစ်ကမ်းသွယ်မြင့်တက်သော အဝတ်ပိုင်း၊ ကမ်းသည်မြစ်ရေအထက်တွင် မြင့်တက်နေသကဲ့သို့ ဤအဝတ်ပိုင်းသည်လည်း ကုန်းမြေအထက်တွင် မြင့်တက်နေလေရာ မြင့်တက်ပုံချင်းတူ၍ မြစ်ကမ်းနှင့်ဥပမာပြုထားခြင်းဖြစ်၏။ တစ်နည်း မြေမှုန့်၊ ဖုန်မှုန့်များ လိမ်းကပ်နေသောကြောင့် မြေမှုန့်၊ ဖုန်မှုန့်များပမာ စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ်သို့ရောက်နေသော အဝတ်ပိုင်းဖြစ်သည်ဟုလည်း ဖွင့်ဆိုကြသေး၏။ ပံ့သကူဓုတင်အကျင့်ဆိုသည်မှာ ဒါယကာ၊ ဒါယိကာမများက တိုက်ရိုက်လှူဒါန်းသော သင်္ကန်းကိုပယ်ပြီး အမှိုက်ပုံစသော လူတို့စွန့်ပစ်ထားသည့်အဝတ်များကို ကောက်ယူစုဆောင်း၍ ချုပ်စပ်သည့်သင်္ကန်းကိုသာ ဝတ်ရုံခြင်းဖြစ်၏။ ပံ့သကူဟူ၍ မြန်မာလူမျိုးတို့ ခေါ်ဝေါ်ကြ၏။ ယင်းပံ့သကူကို ပင့်သကူဟုလည်းကောင်း၊ ပင့်တကူဟုလည်းကောင်း ပြောဆိုရေးသားကြ၏။ ပံသူ=မြေမှုန့်ပမာ+ကု=စက်ဆုပ်ရွံရှာဖွယ်အဖြစ်သို့+ဥလရောက်သည့် အဝတ်အပိုင်းဖြစ်ကြောင်းသိရ၏။ ပံ့သကူအလှူတို့သည် မိမိတို့ပံ့သကူဒါန၏ အယုတ်အမြတ်အလိုက် ထိုက်တန်သော အကျိုးတရားများကို ရရှိ၏။ အယုတ်အမြတ်အလိုက်ရရှိစေ၍ ဘဝတိုင်း ဘဝတိုင်းတို့၌ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်းစသော အကျိုးတရားများအပြင် ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်း၊ သိကြားမင်းစသော လောကီစည်းစိမ် အမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာ ခံစားစံစားရ၍ နောက်ဆုံးဘဝတွင် ဧဟိဘိက္ခုရဟန္တာဖြစ်နိုင်ကြောင်းကို မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့၏။

**ကထိန်ခင်းပွဲ**

ကထိန်ခင်းရန် လှူဒါန်းသောသင်္ကန်းကို ကထိန်သင်္ကန်း သို့မဟုတ် ကထိန်လျာသင်္ကန်းဟု ခေါ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲကို တစ်ဦးတစ်ယောက်တည်းက ပေးလှူသည်လည်းရှိ၏။ စေတနာရှင်များစုပေါင်းသည့် ဘုံကထိန်အနေမျိုးနှင့်လည်း လှူဒါန်းလေ့ရှိ၏။ သင်္ကန်းကို အချိန်မရွေး လှူဒါန်းနိုင်သော်လည်း ကထိန်သင်္ကန်းကို တစ်နှစ်အတွင်းတစ်လတာ လှူဒါန်းခွင့်ရှိ၏။ တစ်ကျောင်းလျှင်တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိ၏။ ကထိန်ခင်းမည့် သံဃာတော်သည် ပုရိမဝါကပ်သူဖြစ်ရမည်။ ဝါတွင်းမှာ ဝါကျိုးဝါပျက်စသော အဖြစ်မျိုးမရှိစေဘဲ သီတင်းကျွတ်လ ပဝါရဏာပြုပြီး ဝါကျွတ်လာသည့်သူလည်း ဖြစ်ရမည်။ ထိုသို့သော သံဃာတော်သာ ကထိန်သင်္ကန်းကို အလှူခံခွင့်၊ ကထိန်ခင်းခွင့်ရှိ၏။ စေတနာ သဒ္ဓါသက်သက်နှင့် လှူဒါန်းလာသောသင်္ကန်းဖြစ်ရမည်။ သံဃာတော်များသည် မိမိ၏မိဘကိုပင် ကထိန်သင်္ကန်းပေးလှူရန် ပြောပိုင်ခွင့်မရှိ။ အခြားဒါယကာ၊ ဒါယိကာမများကိုလည်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ကထိန်သင်္ကန်းကို အလှူခံခွင့်မရှိ။ မိုးပေါ်က ကျလာသလို အလှူရှင်တို့၏ စေတနာ၊ သဒ္ဓါတရားသက်သက်ဖြင့် ပေါ်ပေါက်လှူဒါန်းသောသင်္ကန်းနှင့်သာ ကထိန်ခင်းခွင့်ရှိ၏။ တစ်လအတွင်း မိမိနှစ်သက်သောရက်ကိုရွေးချယ်၍ ကျောင်းတိုက်ရှိ သံဃာတော်များကို ကထိန်သင်္ကန်းလှူဒါန်းနိုင်၏။ လှူဒါန်းသောအခါ ဆရာရဟန်းစသော ပုဂ္ဂိုလ်တစ်ပါးပါးကို မရည်စူးဘဲ သံဃာကို ရည်စူးရ၏။ "ဤကထိန်သင်္ကန်းကို သံဃာအားပေးလှူပါ၏" ဟုလည်း နှုတ်မှ မြွက်ဆိုလှူဒါန်းရ၏။

ကထိန်သင်္ကန်းကို လှူဒါန်းသူထံက အလှူခံသောသံဃာအဖွဲ့ကလည်း သင်္ကန်းရရှိသောနေ့မှာပင် ကထိန်ခင်းရ၏။ ယနေ့ကထိန်သင်္ကန်းကို အလှူခံပြီး မနက်ဖြန်မှ ကထိန်ခင်းမည်ဟု ထားနိုင်ခွင့်မရှိ။ ကထိန်သင်္ကန်းအနေဖြင့် လှူဒါန်းလိုလျှင် နေ့ချင်းပြီးသင်္ကန်းအဖြစ် ဖြတ်၊ ချုပ်၊ ဆိုးရ၏။ ယနေ့အပြီး သင်္ကန်းဖြစ်လာအောင် စုပေါင်းလုပ်ကိုင်ရ၏။ ယင်းသို့နေ့ချင်းပြီး သင်္ကန်းမျိုးနှင့် ကထိန်ခင်း၍ရသည့်အတွက် ထိုကထိန်သင်္ကန်းကို မသိုးသင်္ကန်းဟုလည်းခေါ်၏။

တချို့သောအရပ်ဒေသများတွင် ကထိန်ရက်တာအတွင်း ကထိန်ပွဲအခမ်းအနားကျင်းပရန် အချိန်ရက်အားမရသည့်အတွက် ကထိန်သင်္ကန်းကို ကပ်လှူရန်ရည်ရွယ်ထားသောကျောင်းတွင် ကထိန်ခင်းနိုင်ရန် ကြိုတင်လှူဒါန်းထားကြ၏။ တစ်နည်းအားဖြင့် ကြိုတင်၍ကထိန်ခင်းထားကြသည်။ တန်ဆောင်မုန်းလပြည့်ကျော်လာပြီး ရက်အားရသည့်တစ်နေ့နေ့မှ လှူဖွယ်ဝတ္ထုများကို အခမ်းအနားဖြင့် သက်ဆိုင်ရာကျောင်းသို့ ပို့ဆောင်ကာ စည်စည်ကားကား လှူဒါန်းတတ်ကြ၏။

**ကထိန်ခင်းပုံ**

ကထိန်သင်္ကန်းကို လူပုဂ္ဂိုလ်သာမဟုတ် မည်သည့်ပုဂ္ဂိုလ်မဆို လှူဒါန်းနိုင်၏။ ရဟန်းသာမဏေများပင် အခြားသောရဟန်းများကို ကထိန်သင်္ကန်းသော်လည်းကောင်း၊ ကထိန်ခင်းခြင်းသော်လည်းကောင်း သံဃာအား လှူဒါန်းလာသော ကထိန်သင်္ကန်းကို သံဃအဖွဲ့က ကထိန်ခင်းပြီးလျှင် သင်္ကန်းရှားပါးသော သံဃာကို ရွေးချယ်ပေးအပ်ရ၏။ သင်္ကန်းရှားပါးသော သံဃာကို ဦးစားပေးရ၏။ ထိုသို့ ရွေးချယ်ပြီးသောအခါ သိမ်တွင်းသို့ အနည်းဆုံး ငါးပါးပါဝင်သော သံဃအဖွဲ့နှင့် ကထိန်ခင်းမည့်သံဃာပါ ကမ္မဝါစာရွတ်ဖတ်ကာ ကထိန်သင်္ကန်းကို ပေးအပ်ရ၏။

ကထိန်ခင်းမည့်သင်္ကန်းမှာ သင်းပိုင်၊ ကိုယ်ရုံ၊ နှစ်ထပ်သင်္ကန်းဆိုသော သင်္ကန်းသုံးမျိုးအနက် တစ်မျိုးမျိုးဖြစ်၏။ ထိုသင်္ကန်းကို ကျောင်းတိုက်အတွင်းရှိ သံဃာတော်များရှေ့မှောက်တွင် "ဤသင်္ကန်းဖြင့် ကထိန်ခင်းပါမည်"ဟု ကြေညာရ၏။ ဥပမာ သင်းပိုင်နှင့် ကထိန်ခင်းမည်ဆိုလျှင် မိမိဝတ်ထားသော သင်းပိုင်ကို "ဤသင်းပိုင်ကို စွန့်ပါ၏"ဟု ပထမစွန့်ပယ်ရ၏။ ယင်းကို ဝိနည်းအခေါ်အရ ပစ္စုဒ္ဓိုရ်ပြုသည်ဟု ခေါ်၏။ ထို့နောက် ကထိန်သင်္ကန်း ဖြစ်သော သင်းပိုင်ကို "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" "ဤသင်းပိုင်ဖြင့် ကထိန်ခင်းပါ၏"ဟု ဆိုရ၏။ အလားတူပင် ကိုယ်ရုံကေသီနှင့်ခင်းမည်ဆိုလျှင် ဝတ်ထားသော ကိုယ်ရုံကို ဝိနည်းဥပဒေအတိုင်း ပစ္စုဒ္ဓိုရ်ပြုပြီး "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ" "ဤကိုယ်ရုံကေသီဖြင့် ကထိန်ခင်းပါ၏" ဟု ဆိုရ၏။ နှစ်ထပ်သင်္ကန်းနှင့်ခင်းမည်ဆိုလျှင် မိမိ၏နှစ်ထပ်သင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြုပြီး "ဣမာယ သင်္ကာဋိယာ ကထိနံ အတ္ထရာမိ" "ဤနှစ်ထပ်သင်္ကန်းဖြင့် ကထိန်ခင်းပါ၏" ဟု ဆိုရ၏။

ကထိန်ခင်းပြီးသည့်အခါ "အတ္တတံဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ" "အရှင် ဘုရားတို့ သံဃအဖွဲ့သည် ကထိန်ခင်းလိုက်ပါပြီ။ ကထိန်ခင်းမှုသည် ဝိနည်းကံနှင့်လျော်ညီပါသည်။ အရှင်ဘုရားတို့ ဝမ်းမြောက်အနုမောဒနာ ပြုကြပါ"ဟု ကျောင်းတိုက်သံဃာကို ပန်ကြားရ၏။ သံဃအဖွဲ့ဝင်များကလည်း "ဤဝိနည်းကံနှင့်လျော်ညီစွာ ကထိန်ခင်းမှုကို ဝမ်းမြောက်စွာသာဓုခေါ်ပါသည်"ဟု အနုမောဒနာပြုကာ ဆောင်ရွက်ကြရ၏။

**သံဃာတော်တို့ခံစားရသော ကထိန်အကျိုး**

ကထိန်ခံသည့် သံဃာတော်နှင့် ကထိန်အနုမောဒနာပြုသော သံဃာတော်များပါ ကထိန်ခင်းသည့်နေ့မှစပြီး တပေါင်းလပြည့်နေ့ထိ အောက်ဖော်ပြပါအကျိုးတို့ခံစားရ၏။

၁။ အနာမန္တစာရ - ကျောင်းတွင်ရှိသော ရဟန်းတစ်ပါးကို မပန်ကြား၊ မပြောဆိုဘဲ မြို့တွင်း၊ ရွာတွင်းဆွမ်းစားပင့်ထားသည့်အိမ်သို့ သွားနိုင်ခြင်း။ အခြားအခါမှာ ယင်းသို့သွားလာလျှင် ကထိန်အကျိုးမရဘဲ အာပတ်သင့်သည်။

၂။ အသမာဒါနစာရ - အဓိဋ္ဌာန်ပြီး ဆောင်အပ်သော သင်္ကန်းကို မယူမူ၍သွားနိုင်၊ နေနိုင်ခြင်း။ အခြားအခါမှာ ယင်းသို့သွားလာလျှင် အာပတ်သင့်သည်။

၃။ ဂဏဘောဇန - ထမင်းစားကြွပါ၊ ဆွမ်းစားကြွပါစသည်ဖြင့် ဒါယကာတို့က မအပ်သောဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို စားသုံးနိုင်ခြင်း။ အခြားအခါမှာစားလျှင် အာပတ်သင့်သည်။

၄။ ယာဝဒတ္ထစီဝရ - ရလာသောသင်္ကန်းများ အဓိဋ္ဌာန်ဝိပပ္ပနာမပြုရဘဲထားနိုင်ခြင်း။ အခြားအခါမှာယင်းသို့ထားလျှင် အာပတ်သင့်သည်။

၅။ ယောစတတ္ထစီဝရုပ္ပါဒ - ဤကျောင်းတိုက်အတွင်း၌ သံဃာကိုရည်စူးလှူဒါန်းသော သံဃိကသင်္ကန်းကို ဤသံဃာများသာ ရပိုင်ခွင့်ရှိခြင်း။ ကထိန်အကျိုးကို မရရှိသော သံဃာ၊ ကထိန်ခင်းပြီးမှ ဤကျောင်းတိုက်၌ လာရောက်နေထိုင်သော သံဃာများသည် ဤသံဃိက သင်္ကန်းကို ခွဲဝေယူခွင့်မရရှိပါ။

ကထိန်သင်္ကန်းလှူဒါန်းသော အလှူရှင်များမှာလည်း သဒိသပါကံဇနေတိတူသောအကျိုးကိုပေး၏။ ကထိန်ခင်းသော သံဃာတော်များအလား အကျိုးတရားများကို ခံစားခွင့်ရှိကြ၏။

**ကထိန်သင်္ကန်းလှူဒါန်းသူခံစားရသောအကျိုး**

၁။ သွားလေရာရာအရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာသွားရခြင်း။
၂။ မိမိပိုင်ပစ္စည်းများကို ရန်သူတို့မဖျက်ဆီးနိုင်ခြင်း။
၃။ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအစာအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း။
၄။ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း။
၅။ ပစ္စည်းရှာရာတွင် သူတကာထက်ထူးပြီး ထီပေါက်သကဲ့သို့ အစုလိုက်အပုံလိုက်ရခြင်း။
၆။ ဥမ္မာဒန္တီမင်းသမီးကဲ့သို့ ချောမောလှပခြင်းစသော ကထိန်သင်္ကန်းဆက်ကပ်သူတို့ အကျိုးခံစားကြရ၏။

သံဃာတော်များ ကထိန်သင်္ကန်းဝတ်ဆင်မှုကို ခွင့်ပြုဟောကြားအပ်သော ဝိနည်းဒေသနာတော်မြတ်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပေ၏။ ကထိန်သင်္ကန်းဝတ်ဆင်သုံးစွဲခွင့်ကို ပြုခဲ့သည်မှာ ဝတ်ဆင်ရရုံအသွင်ပုံသဏ္ဌာန် တူညီရုံမျှလောက်ဖြင့် အလွယ်တကူခွင့်ပြုခဲ့ခြင်းမဟုတ်ပါ။ သင်္ကန်းပိတ်စဆေးဆိုးခြင်းမှအစ ဖြတ်တောက်ရက်လုပ်ခြင်းအဆုံး ဝိနည်းဒေသနာဖြင့် ဆုံးမထား၏။ လူပုဂ္ဂိုလ်များက လှူဒါန်းရခြင်းကိစ္စများပါမကျန် စနစ်တကျ စည်းကမ်းချက်များဖြင့် ချမှတ်ဟောကြားခဲ့ခြင်းဖြစ်ပေ၏။

ဝိနည်းတော်အတိုင်း လိုက်နာဆောင်ရွက်ကြရန်မှာ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်တစ်ရပ်ဖြစ်ပေ၏။ ကထိန်သင်္ကန်းကိုလှူဒါန်းခြင်းသည် ဝိနည်းဒေသနာတော်အရ လှူဒါန်းခြင်းဖြစ်၍ သံဃာတော်များကလည်း ဝိနည်းဒေသနာတော်နှင့်အညီ လွတ်လပ်စွာကျင့်သုံးလိုက်နာသုံးစွဲနိုင်လေ၏။ ကထိန်သင်္ကန်းလှူဒါန်းကြသော ပုဂ္ဂိုလ်များသည် ဘာသာရေး၊ လူမှုရေးကို ပြုလုပ်ရာရောက်ပေ၏။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များအတွက် အဓိကကျသော လူမှုရေး၊ ဘာသာရေးလုပ်ငန်းကြီးကိုလုပ်ဆောင်ကြရခြင်းပင် ဖြစ်နေပေတော့၏။ ။



# ပန်းချီဆရာမများ၏ ငြိမ်းချမ်းရေးအထိမ်းအမှတ် ပန်းချီပြပွဲ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် အသံပါဝင်မှုမြင့်တက်စေရန် ရည်ရွယ်သည့် ပန်းချီပြပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းရှိ Gallery 65 ၌ ပြသခဲ့သည်။

အဆိုပြပွဲသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု မြင့်မားစေရန် ရည်ရွယ်၍ ပန်းချီဆရာမ ၂၁ ဦးက ပန်းချီကား ၂၁ ကားကို ပါဝင်ပြသခဲ့ခြင်းဖြစ်သည်။ ပြခန်းတွင် နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ဆောင်ရွက်နေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုရေးဆွဲထားသော ပန်းချီကားများ၊ ငြိမ်းချမ်းရေးအတွက် ရည်ရွယ်သည့် သရုပ်ဖော်ပန်းချီကားများ၊ အမျိုးသမီးတို့၏ ဘဝသရုပ်ဖော် ပန်းချီကားများကို ဖော်ညွှန်းရေးဆွဲထားသည်။

"ပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အခုမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုးသမီးပါဝင်မှု မြင့်မားဖို့အတွက် ရည်ရွယ်တာပါ။ အလွှာအသီးသီး၊ ကဏ္ဍအသီးသီးက အမျိုးသမီးခေါင်းဆောင်တွေ အဆင့်ဆင့်တိုင်းမှာ ပါဝင်စေချင်တာပါ။ ဘာကြောင့်လဲဆိုရင် စစ်ဖြစ်လာပြီဆိုရင် အမျိုးသမီးတွေ ခိုကိုးရာမဲ့ ဖြစ်လာရတယ်။ စစ်ဖြစ်တိုင်း ခိုကိုးရာမဲ့အမျိုးသမီးတွေ တိုးလာတယ်။ အဲဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးတွေ ထဲထဲဝင်ဝင်ဆွေးနွေးစေချင်တယ်။ ပါဝင်စေချင်တာကြောင့် အခုလို ပြပွဲလုပ်လိုက်တာပါ"ဟု ပန်းချီဆရာမ ဒေါ်ထားထားသက်က ပြောသည်။

ပြပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်ထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ခင်ဇာလီ)**

# ငြိမ်းချမ်းရေးဂီတပွဲတော် level-2 ပွဲစဉ်(၁) မန္တလေးမြို့၌ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ တာဝန်ယူကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော်(Level-1)အဆင့် သီချင်းဆိုပြိုင်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့တွင် ကျင်းပပြီးစီးခဲ့ပြီး ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်ခဲ့ကာ ယခုအောက်တိုဘာ ၂၁ ရက်၊ ၂၂ ရက်တွင် Level-2 ပွဲစဉ်(၁)နှင့်(၂)ကို မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပလျက်ရှိရာ ယနေ့ ကျင်းပသည့် Level-2 ပွဲစဉ်(၁)မှာ ပြိုင်ပွဲဝင်ကိုးဦး ယှဉ်ပြိုင်သည့်အနက် Level-3 သို့ တက်လှမ်းသွားသည့် Sa Paung နှင့် လင်းသစ်တို့ ပေါ်ထွက်လာခဲ့သည်။

Level-2 ပွဲစဉ်(၂)ကို အောက်တိုဘာ ၂၂ ရက်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

Level-2 ပွဲစဉ်(၃)နှင့်(၄)ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live) ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် WWW.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ WWW.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်သည်။

Level-2 ပွဲစဉ်လေးခုမှ Level-3 သို့ တက်လှမ်းမည့် ပြိုင်ပွဲဝင် ၁၀ ဦး ထွက်ပေါ်လာမည်ဖြစ်သည်။ ပွဲစဉ်တစ်ခုစီမှ နှစ်ဦးစီရှစ်ဦးနှင့် ဒိုင်များ၏မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦး Level-3 သို့ တက်လှမ်းမည်ဖြစ်သည်။

Level-3 အဆင့်ပြိုင်ပွဲမှ ရွေးချယ်ခံထားသည့် ဆန်ခါတင် ၁၀ ဦးထဲမှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဖြစ်ရွေးချယ်ကာ ပထမဆု ကျပ်သိန်း ၃၀၀ ၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀





Level-3 သို့ တက်လှမ်းသွားသည့် Sa Paung (အပေါ်ပုံ)နှင့် လင်းသစ်(အောက်ပုံ)



နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၁ နှင့် ၂၂ ရက်တွင် ကျင်းပလျက်ရှိသည့် Level-2 ပြိုင်ပွဲ၏ မန္တလေးမြို့ပွဲစဉ်(၁)နှင့်(၂) အတွက် အလှူရှင်များဖြစ်သည့် သီရိသုခမ္မမဏိဇောတဓရ ဒေါက်တာဦးကျော်ဝင်းနှင့် သီဟသုဓမ္မသိင်္ဂီဒေါက်တာ ဒေါ်မြင့်မြင့်သန်း (မန်းမြေရာဇာကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ စက်မှုလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၂၀၊ ဦးရဲမြင့် (ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်) ကငွေကျပ်သိန်း ၂၀၊ ဦးအောင်ဝင်းခိုင် (မြို့သာစက်မှုဇုန်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၅ သိန်း၊ ဦးမောင်စိန်နှင့် ဒေါ်ရွှေလှ ( Five Ocean ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဝင်းထွန်းနှင့် ဒေါ်အေးမိစံ (United Pacific ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်မေမြတ်နွယ် (သံလွင်မြန်မာကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးမောင်ကို (ထာဝရကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့က ငွေကျပ်ခြောက်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၃၆ သိန်းကို အလှူရှင်အသီးသီးတို့က လှူဒါန်းခဲ့ကြကာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွေး**(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများကလက်ခံခဲ့ကြကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များသည် ပွဲတော်ကျင်းပရာမြို့များ၌ ပရဟိတလုပ်ငန်းများ၊ တိုက်ပွဲရှောင်(ယာယီ)စခန်းများ၊ IDP စခန်းများသို့လည်းသွားရောက်ပြီး လှူဒါန်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုယ်ပွား(မန်း)**

# သွားဘက်ဆိုင်ရာဆရာဝန်များ ရင်းနှီးချစ်ကြည်ရေးပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် Yangon Dental Festival 2017 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (သိမ်ဖြူ)တွင် ကျင်းပသည်။

ယခုကဲ့သို့ကျင်းပခြင်းသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဒေသအတွင်းရှိ သွားနှင့် ခံတွင်းဆရာဝန်များသာမက တစ်နိုင်ငံလုံးရှိ သွားနှင့်ခံတွင်း ဆရာဝန်များပါ စိတ်ဝင်စားမှုမြင့်တက်လာစေရန် အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို လုပ်ရိုးလုပ်စဉ် ပုံစံများမှ ခွဲထွက်ကာ ပွဲတော်(Festival)ပုံစံပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဒေါက်တာနိုင်ထွန်းသွင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သွားနှင့်ခံတွင်း ဆရာဝန်တွေ၊ ဆေးခန်းတွေ ပညာရပ်ဆိုင်ရာလိုအပ်ချက်တွေ၊ ဆေးပစ္စည်းဆိုင်ရာ လိုအပ်ချက်တွေ၊ သွားဘက်ဆိုင်ရာ ဆရာဝန်အချင်းချင်း ရင်းနှီးချစ်ကြည်ရေးတို့အတွက် Yangon Dental Festival 2017 ကို ကျင်းပရတာဖြစ်ပါတယ်။ ဒီပွဲအတွက် ခြောက်လလောက် ပြင်ဆင်ခဲ့ရပါတယ်" ဟု ပြောသည်။

အဆိုပါ Yangon Dental Festival 2017 ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး၊ ဆေးပစ္စည်းရောင်းချသည့်ဆိုင်ခန်းများ၊ မုန့်ဈေးတန်းများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည့်အပြင် သီချင်းဆိုပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲဖြစ်မြောက်ရေးအဖွဲ့မှ ဒေါက်တာဖြိုးပြည့်ခင်က "ဆရာဝန်တွေဆိုတာက အမြဲတမ်း စိတ်ဖိစီးမှုတွေများနေတာလေ။ အခုလို ဟောပြောပွဲတွေလုပ်ပေးတယ်။ ပွဲတော်လိုမျိုးလုပ်တဲ့အခါကျတော့ ပျော်လည်းပျော်ရတယ်။ ဗဟုသုတလည်း အများကြီးရတယ်။ နောက်ပြီး အသစ်ထွက်တဲ့ သွားနဲ့ဆိုင်တဲ့ ခေတ်မီပစ္စည်းတွေကိုလည်း လျှော့ဈေးနဲ့ဝယ်လို့ရတဲ့အတွက် ကျွန်မတို့လို သွားဆရာဝန်တွေအတွက် အများကြီးအကျိုးရှိပါတယ်"ဟု ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ၏ ၂၀၁၇-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်သစ်ရွေးချယ်ပွဲကိုပါ တစ်ပါတည်းပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ သွားနှင့်ခံတွင်းဆရာဝန်များအား ဒီမိုကရေစီနည်းလမ်းကျစွာ လွတ်လပ်စွာမဲပေးနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ဇူလိုင်လအထိ မှတ်ပုံတင်ထားသော သွားနှင့်ခံတွင်းဆရာဝန် ၄၂၉၂ ဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်သူ ၂၀၅၅ ဦးရှိကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထက်ဝက်ခန့်နေထိုင်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ မှတ်ပုံတင်ထားသည့် စာရင်းအရ သွားနှင့်ခံတွင်း သီးသန့်ဆေးခန်း ၅၆၉ ခန်းရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**(သီသီမင်း)**

# နိုင်ငံတော်အပိုင်းရော၊ CSO ရော၊ ပုဂ္ဂလိက ကဏ္ဍရော ဟန်ချက်ညီညီပေါင်းမှ ကိုယ့်နိုင်ငံတိုးတက်ဖို့ အလားအလာရှိတယ်

ဒေါက်တာအောင်ထွန်းသက်

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အလှူငွေများလက်ခံပြီး စီးပွားရေးလုပ်ငန်းရှင်အသီးသီးက ငွေကျပ် သိန်းပေါင်း ၁၇၇၇၀၀ ကို လှူဒါန်းခဲ့ကြသည်။ အဆိုပါအလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်လာကြသည့် အလှူရှင်နှင့် တာဝန်ရှိသူအချို့၏စကားသံများကို ဖော်ပြလိုက်ပါသည်။**


ဒေါက်တာအောင်ထွန်းသက်


ဦးဇော်ဌေး


ဒေါက်တာခင်ရွှေ

**ဒေါက်တာအောင်ထွန်းသက်**
**UEHRD ညှိနှိုင်းရေးမှူးချုပ်**

အရပ်ဘက်လူ့အဖွဲ့အစည်းတွေသုံးဖွဲ့ နိုင်ငံတော်အပိုင်းရော၊ CSO ရော၊ ပုဂ္ဂလိက ကဏ္ဍရော ဟန်ချက်ညီညီပေါင်းမှ ကိုယ့်နိုင်ငံတိုးတက်ဖို့ အလားအလာရှိတယ်။ ဒီနေ့အခမ်းအနားကတော့ ဟိုတလောက ဖွဲ့လိုက်တဲ့ ရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့ ကော်မတီတွေ၊ အမှန်တော့ စီမံချက်တစ်ခုကို စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ လှူတဲ့လူတွေကို ဂုဏ်ပြုတာ၊ ချီးကျူးတာပေါ့။ လှူတာမှာ ကျွန်တော်တို့ အမြဲတမ်းစဉ်းစားလိုတာက ပုံစံအမျိုးမျိုးနဲ့ လှူလို့ရတယ်။ ငွေအင်အားနဲ့ လှူလို့ရတယ်။ နည်းပညာအင်အားနဲ့လှူလို့ရတယ်။ စိတ်နဲ့လှူလို့ရတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတိုးတက်၊ အောင်မြင်၊ အေးချမ်းစေချင်ရင် လုပ်ငန်းရှင်တွေ တစ်ဖက်ကလှူသလို ကျွန်တော်တို့ဆီမှာရှိတဲ့ လူတွေအားလုံးကလည်း သူ့နေရာနဲ့သူ လှူလို့ရတယ်။ ကျွန်တော်တို့တစ်တွေ ကြိုးစားကြည့်နေတယ်။ အခုခေတ်လူငယ်တွေအားလုံးက Internet Facebook ကနေ လူတွေအားလုံးကို ချိတ်ဆက်နေတဲ့ အခါကျတော့ အဲဒီကနေတစ်ဆင့်များ လူတွေအားလုံး စည်းရုံးနိုင်အောင် လုပ်လို့မရဘူးလား။ ဒါလည်းစဉ်းစားပါတယ်။ ဒီနေ့လှူတဲ့လူတွေကို ကျေးဇူးတင်ဖို့လိုတယ်။ သူတို့ရဲ့စေတနာကိုလည်း အသိအမှတ်ပြုဖို့လိုတယ်။

ပြီးတော့ ကျွန်တော်တို့ရဲ့အိပ်မက်က ၅၁ သန်းသော လူတွေရှိနေတာ၊ ၅၁ သန်းကသာ တစ်ယောက်ကို တစ်ရာပဲလှူ၊ တစ်ထောင်ပဲလှူ၊ တစ်သောင်းပဲလှူရင် ပေါင်းလိုက်တဲ့ငွေ နည်းမှာမဟုတ်ပါဘူး။ အဲဒီတော့ ဒီအလုပ်သည် ရခိုင်ဒေသတစ်ခုတည်းအတွက်မဟုတ်ဘဲနဲ့ ကိုယ့်တစ်နိုင်ငံလုံးရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက်၊ နောက်အခု အစိုးရသစ်ကို ထောက်ခံအားပေးတဲ့၊ အားလုံးကူညီတဲ့ပုံစံ သိပ်ဖြစ်စေချင်ပါတယ်။

အဲဒီတော့ ဒီနေ့လှူတဲ့လူတွေကို ချီးကျူးဂုဏ်ပြုတဲ့ အပြင် ကျန်တဲ့လူတွေ အားကျစေချင်တာပါ။ တစ်ခုတော့ ရှိပါတယ်။ လှူတဲ့အခါမှာ ပမာဏနဲ့မဆိုင်ပါဘူး။ များများလှူမှ မဟုတ်ဘဲနဲ့ ကလေးတွေ၊ လူငယ်တွေကို မှာကြားချင်တာကတော့ နည်းပညာတွေ အများကြီးထွန်းကားနေတဲ့ကာလမှာ လူငယ်တွေအနေနဲ့ ဝိုင်းဝန်းကူညီကြပါ။ လူငယ်ကဝင်ငွေမရှိဘူး နားလည်ပါတယ်။ ဝင်ငွေနည်းတာလည်း သဘောပေါက်ပါတယ်။ ဒါပေမယ့် လူငယ်တွေမှာရှိတဲ့အား၊ လူငယ်တွေမှာရှိတဲ့စိတ်ဓာတ်တွေ၊ နောက်တစ်ခု အရေးကြီးတာက ဒီကိစ္စကိုပြောတဲ့အခါမှာ အတွေးအခေါ်တွေ ပြင်ဖို့လိုတာ၊ ကိုယ့်နိုင်ငံအေးချမ်းဖို့ဆိုရင် ဘာနဲ့စရမလဲဆိုရင် အတွေးနဲ့စမှ၊ ကိုယ်ကိုယ်တိုင်လည်း အေးချမ်းမှ ရမှာပါ။ ကိုယ်ကိုယ်တိုင်အေးချမ်းဖို့ဆိုရင် လူငယ်တွေအားလုံး တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားတာတို့၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံတာတို့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင်တို့ လုပ်မှရမယ်။ အဲဒီတော့ ဒီနေ့လုပ်တဲ့လုပ်ငန်းတွေအားလုံးသည် အဲဒီရဲ့ခရီးအစပေါ့။ အခုဆိုရင် ဘယ်လောက်ဝမ်းသာစရာကောင်းလဲဆိုရင် ဟိုတစ်နေ့ကပဲ ဒေါ်အောင်ဆန်းစုကြည် အခမ်းအနား ဖွင့်ပြီးတာနဲ့ ချက်ချင်းလက်ငင်း၊ နေ့ချင်းညချင်း လှူချင်တဲ့သူတွေ အများကြီးဖြစ်လာတယ်။

ဒီဟာကိုကြည့်ပြီးတဲ့အခါမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် လူတွေသိလာတဲ့အခါကျရင်လည်း ဒီထက်မက လှူတာတွေဖြစ်စေချင်တယ်။ လှူတဲ့အခါမှာလည်း တိုက်တွန်းချင်တာကတော့ တချို့လူငယ်တွေက အားငယ်နေမှာစိုးလို့ ကိုယ်ကတော့ ဝင်ငွေမရှိလို့ ငါမလှူနိုင်ဘူး။ မဟုတ်ဘူး၊ ပါလို့ရတာပဲ။ ဥပမာ လူငယ်တွေဟာ အရေးအသားနဲ့ ပါလို့ရတယ်။ အတွေးအခေါ်နဲ့ ပါလို့ရတယ်။

လူတစ်ယောက်မှာ အခက်အခဲတွေရှိတဲ့အချိန်ဟာ တကယ်တော့ အဲဒါက အခွင့်အရေးပါပဲ။ အခက်အခဲတွေ ဖြစ်တယ်။ ရခိုင်ဒေသနဲ့ပတ်သက်လို့ အခက်အခဲတွေ ဖြစ်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့ အခွင့်အရေးပါပဲ။ ဒီနေ့ အခမ်းအနားကို တစ်ယောက်တည်းလှူတာ၊ တစ်ဖွဲ့တည်း လှူတာလို့ မစဉ်းစားဘဲနဲ့ တို့နိုင်ငံဟာ တို့နိုင်ငံရဲ့ ပြဿနာကို တို့ဟာတို့ဖြေရှင်းနိုင်တယ်။ နိုင်ငံခြားအကူအညီတွေ မယူချင်ဘူး မဟုတ်ဘူး။ သို့သော်လည်း ပြည်တွင်းအားက ပြည်တွင်းမှာပဲရှိတာ၊ ပြည်တွင်းအားလို့ပြောတဲ့အခါမှာ သူဌေးတွေရဲ့အားတင်မကဘဲ လုပ်ငန်းရှင်တွေရဲ့ အား မဟုတ်ဘူး။ ပြည်သူတွေရဲ့အား၊ အဲဒီတော့ ၅၁ သန်းသော သူတွေရဲ့အားလို့ ရုပ်မြင်သံကြားကနေတစ်ဆင့် လူတွေ သိလာအောင် ကြိုးစားပေးကြပါ။ ကျွန်တော်တို့လည်း လုပ်ကြည့်မယ်။ တစ်ပတ်အတွင်းမှာ အားလုံးနည်းနည်း များများ လှူနိုင်တဲ့သူတွေ လှူနိုင်အောင်၊ အခုခေတ် သုံးနေတဲ့ Facebook ပေါ်ကနေတစ်ဆင့် လှူနိုင်အောင် လုပ်ကြည့်မယ်။ ပြီးတော့မှ ကျွန်တော်ကတော့ ဒါလေးတော့ လုပ်ပေးချင်တယ်။ ကျွန်တော်ကတော့၊ ကျွန်မကတော့ ပညာရေးနဲ့ပတ်သက်လို့ လုပ်ပေးချင်တယ်။ ကျွန်မကတော့ ကျန်းမာရေးနဲ့ပတ်သက်လို့ လုပ်ပေးချင်တယ်ဆိုတဲ့ တုံ့ပြန်မှုတွေ လိုလားတာပါ။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

ကျွန်တော်တို့ ညစာစားပွဲလုပ်လိုက်တယ်။ အဲဒီမှာ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်းဖိတ်တော့ သူတို့တွေ ဝိုင်းကူမယ်ဆိုတဲ့အကြောင်း ပြောတယ်။ ပြောပြီးတော့မှ ကျွန်တော်တို့က အလှူငွေပေးအပ်ပွဲသဘောမျိုး ၂၀ ရက်နေ့မှာ စီစဉ်လိုက်တာပါ။

ကျွန်တော်တို့ ဒီမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ လုပ်မယ့် စီမံကိန်းတွေအကြောင်း ပြောထားပါတယ်။ အဲဒီမှာ သူတို့တတ်နိုင်တဲ့ဘက်က ဝိုင်းကူကြဖို့ ဒီနေ့ပြောကြမှာပါ။

စီမံကိန်းလုပ်ငန်းတွေကတော့ ဦးစားပေးလုပ်ငန်းစဉ် (၃)ခု ရှိပါတယ်။ နံပါတ်(၁)က ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေး၊ နံပါတ်(၂)က ပြန်လည်ထူထောင်ရေး၊ နံပါတ်(၃)က ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးဆိုပြီး နိုင်ငံတော်၏အတိုင်ပင်ခံ မိန့်ခွန်းမှာ ပြောထားတယ်။ အဲဒီလုပ်ငန်းစဉ်(၃)ရပ်ကိုပဲ ဒီ Enterprise က လုပ်သွားတာပါ။

ရခိုင်ဒေသနဲ့ပတ်သက်လို့ ဗဟိုကော်မတီရှိတယ်။ ရခိုင်ပြည်နယ်အတွက် ရေရှည်ဖြေရှင်းနိုင်မယ့် ဖြေရှင်းချက်တွေရဖို့အတွက် လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီကြားထဲမှာ ၂၀၁၆ အောက်တိုဘာလ ၉ ရက်နေ့၊ ၂၀၁၇ ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်စဉ်တွေ ဖြစ်သွားတဲ့အချိန် လိုအပ်တဲ့ ကော်မတီတွေ ထပ်ဖွဲ့တယ်။ ဒေါက်တာဝင်းမြတ်အေး ကော်မတီကကျတော့ ရခိုင်ဒေသမှာ ကော်မရှင်နှစ်ခုဖြစ်တဲ့ ကိုဖီအာနန်ကော်မရှင်နဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကော်မရှင်၊ အဲဒီမှာပါတဲ့ အကြံပြုချက်တွေကို သီးသန့် အကောင်အထည်ဖော်ဖို့ပါ။ ဗဟိုကော်မတီကြီးတစ်ခုလုံး ကတော့ ရှိနေမယ်။ အဲဒီအပေါ်မှာ ဦးစားပေးတာက ငွေရေးကြေးရေးတွေသုံးစွဲတဲ့အခါ နိုင်ငံတကာကလည်း နိုင်ငံတကာပါဝင်မှုကို တောင်းဆိုတယ်။ ဥပမာ ကုလသမဂ္ဂ အဖွဲ့အစည်းတွေ၊ INGO တွေ ပါဝင်ဖို့ ပြည်တွင်းကလည်း ကမ်းလှမ်းတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေရော ပြည်သူတွေရောပါဝင်ဖို့ ပြောလာကြတယ်။ အဲဒီအပေါ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးသပ်ပြီးတော့ Enterprise ပုံစံ ပြည်တွင်း၊ ပြည်ပ၊ အစိုးရလည်းပါမယ်။ ဒီပုံစံအတိုင်း လုပ်သွားမယ်ဆိုပြီး Enterprise ဖွဲ့တာ ဖြစ်ပါတယ်။

ရခိုင်ဒေသမှာ အလေးပေးဆောင်ရွက်တဲ့ ဦးစားပေး လုပ်ငန်းစဉ်တွေနဲ့ ကော်မတီအလိုက်ကမတူဘူး။ သီးခြားစီ လုပ်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ဘတ်ဂျက်က နိုင်ငံတော်ကနေအများကြီးပေးထားတယ်။ အဲဒီမှာမှ ထပ်ပြီးတော့ နိုင်ငံတကာအဆင့်မီ လုပ်ချင်တယ် ပြောလာတဲ့အခါ ဒီလှူဒါန်းမှုတွေကို လက်ခံပြီးတော့လုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်ရှိတာက နယ်စပ်ခြံစည်းရိုးကို နိုင်ငံတကာအဆင့်မီ လုပ်ချင်တယ်။ အဲဒါကို ကြိုးစားသွားမှာဖြစ်ပါတယ်။

အောက်တိုဘာလ ၂၃ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးနဲ့အဖွဲ့ လာမယ်။ မြန်မာနိုင်ငံက ပြည်ထဲရေးဝန်ကြီးနဲ့ ၂၃ ရက်နေ့မှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးလုပ်မယ်။ ၂၄ ရက်နေ့မှာ ဝန်ကြီးအဆင့် အစည်းအဝေးလုပ်မယ်။ ဘင်္ဂလားဒေ့ရှ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သွားတဲ့အချိန်မှာ ညှိခဲ့တာရှိတယ်။ ၁၉၉၃ ခုနှစ် သဘောတူညီချက်ကို အခြေခံပြီးညှိခဲ့တယ်။ အဲဒီအပေါ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က Agreement Proposal ပေးတယ်။ အစိုးရဘက်မှာ အစည်းအဝေးက နှစ်ကြိမ်ထိုင်ပြီးသွားပြီ။ မနေ့က ဒုတိယအကြိမ်ထိုင်တယ်။ ထိုင်တဲ့အချိန်မှာ Final Draft တစ်ခုရတယ်။ အဲဒါကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆီ တင်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆီက ပြင်ဆင်ချက်တွေကို ဘင်္ဂလားဒေ့ရှ်ဘက်က ဝန်ကြီးလာတဲ့အချိန်ကျရင် Finalize ဆွေးနွေးမယ်။ ဆွေးနွေးမှုအပေါ် မူတည်ပြီးတော့ သဘောတူပြီဆိုရင် လက်မှတ်ထိုးမယ်။ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ လက်ခံမယ်ဆိုတာ ဘင်္ဂလားဒေ့ရှ်နဲ့ ညှိနှိုင်းရဦးမှာဖြစ်ပါတယ်။ စာချုပ်ချုပ်ပြီး အချိန်ဘယ်လောက်အတွင်းမှာ ပြန်လည်လက်ခံရေး စတင်မယ်ဆိုတာ ပါပါတယ်။ ရခိုင်ပြည်နယ်အစိုးရကို စိစစ်ခိုင်းတဲ့ အချိန်မှာ မူလစာရင်းရှိတယ်။ လက်ရှိကျန်ခဲ့တဲ့ စာရင်းရှိတယ်။ အဲဒါနဲ့ ပြန်လည်နှိုင်းယှဉ်တဲ့အခါမှာ ကုလသမဂ္ဂနဲ့ UNHCR က ထုတ်ပြန်တဲ့စာရင်း ငါးသိန်းကျော် ခြောက်သိန်းနီးပါးနဲ့ ကွာနေတယ်။ အကုန်လုံးစိစစ်မယ်၊ စိစစ်ပြီးမှ အထောက်အထားတွေပြည့်စုံတယ်ဆိုရင် ၁၉၉၃ တုန်းက လက်ခံခဲ့တဲ့ ပုံစံမျိုးပေါ့။ အဲဒါတွေနဲ့ ပြန်စိစစ်ပြီးရင် ပြန်လက်ခံမယ့် ပမာဏထွက်လာမှာဖြစ်ပါတယ်။ သီးသန့် ရန်ပုံငွေလည်းသုံးတယ်။ ရိုးရိုးပုံမှန် ဘတ်ဂျက်လည်း သုံးတယ်။ နောက်ပြီး အလှူငွေကိုလည်း သုံးမှာဖြစ်ပါတယ်။

**ဒေါက်တာခင်ရွှေ**
**စီးပွားရေးလုပ်ငန်းရှင်**

ကျွန်တော်က ငွေကျပ် သိန်း တစ်သောင်းထည့်တယ်။ သမီးက သိန်း ၃၅၀၀ ထည့်တယ်။ ဦးအောင်ကိုဝင်းက ငွေကျပ် သိန်း သုံးသောင်းထည့်တယ်။ ဦးကျော်ဝင်းက သိန်း တစ်သောင်းထည့်တယ်။ ရခိုင်ပြည်နယ်ကို ကာကွယ်ဖို့အတွက် လုပ်ရပါမယ်။ နောက်တစ်ခါ အဲဒီမှာရှိတဲ့သူတွေ ဘဝရပ်တည်နိုင်ဖို့အတွက် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွားတွေ မွေးနိုင်အောင်လို့ စီစဉ်ပေးပါ။ နောက်တစ်ခါ စက်ရုံတွေ၊ အထည်ချုပ်စက်ရုံတွေဆောက်ပေးပါ။ နောက်တစ်ခါ Infrastructure။ မေယုတောင်ဆို သွားဖို့လာဖို့ တော်တော်ခက်တယ်။ ဖြတ်ဖို့လည်းခက်တယ်။ အဲဒီနေရာမှာလမ်းတွေဖောက်ပါ။ ဖောက်ဖို့အတွက် နိုင်ငံတော်တစ်ဦးတည်း၊ နိုင်ငံတော်တစ်ဖွဲ့တည်းလုပ်ဖို့ဆိုတာ အဲဒီအတွက် ငွေလိုတယ်၊ စီးပွားရေးသမားတွေကလည်း နိုင်ငံတော်နဲ့ တစ်သားတည်းရှိတယ်။ ဒီမိုကရေစီကိုလည်း လက်လွတ်ဆုံးရှုံးမသွားစေချင်ဘူး။ ရခိုင်ဒေသ ဘင်္ဂလားဒေ့ရှ်နယ်စပ်က နယ်မြေကိုလည်း မဆုံးရှုံးစေချင်ဘူး။ အဲဒီအတွက်ကို နိုင်ငံတော်ကနေ စီမံချက်ခိုင်ခိုင်မာမာချပြီး လိုအပ်တဲ့ ငွေကြေးကအစ ဝိုင်းဝန်းပြီးလုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။

သတင်းအဖွဲ့

## ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်အသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မုဒုံ အောက်တိုဘာ ၂၁**

မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေများ စနစ်တကျနှင့် ရေရှည်သုံးစွဲနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိရာ မုဒုံမြို့နယ် ထုံမံကျေးရွာတွင် လက်တူးတွင်းကျယ် နှစ်တွင်းမှ အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်း၍ သုံးစွဲလျက်ရှိသော်လည်း ရေရှည်သုံးစွဲရာတွင် အဆင်မပြေမှုများ မဖြစ်ပေါ်စေရေးအတွက် လက်ရှိရေပေးရေးစနစ်ကို အဆင့်မြှင့်တင်၍ ရေမီတာများ တပ်ဆင်ထားရှိရန် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ရုံးဝန်ထမ်းအဖွဲ့က အောက်တိုဘာ ၁၉ ရက်တွင် ထုံမံကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရေမီတာတပ်ဆင်ရာတွင် ကျေးရွာကော်မတီဖွဲ့စည်းကာ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းတစ်ရပ်ဖွင့်လှစ်၍ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်သည်။ ထုံမံကျေးရွာတွင် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး အဆိုပါရေမီတာတပ်ဆင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂၂၄၀၀၀၀ ကုန်ကျမည်ဖြစ်ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

## စာအုပ်စာပေတိုးတက်မြင့်မားရေးမှသည်...

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဥပဒေစိုးမိုးရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ပြန်လည်ထူထောင်ရေးတို့အတွက် အပြင်းအထန်ကြိုးပမ်းနေရသည့်ကာလ ဖြစ်ပါသည်။ အဆိုပါတိုင်းပြည်ပြန်လည်ထူထောင်ရေးကြိုးပမ်းစဉ်ကာလမှာ စာအုပ်စာပေတိုးတက်မြင့်မားရေးဟူသည့် အခန်းကဏ္ဍသည်လည်း အထူးအရေးကြီးသည်ဟု ယူဆပါသည်။

မြန်မာလူမျိုးတို့၏ အစဉ်အလာယုံကြည်မှုတွင် စာပေသည် လွန်စွာအရေးပါသောနေရာမှာ ရှိပါသည်။ စာတစ်လုံး ဘုရားတစ်ဆူ၊ အလိမ္မာစာမှာရှိ စသဖြင့် စာအုပ်စာပေကို အလွန်ရိုသေကြသည့် ဓလေ့ရှိပါသည်။ စာရေး စာတတ်ခြင်းကိုလည်း တန်ဖိုးထားကြသည်။ ကျေးလက်တောရွာများမှ ကလေးငယ်များကအစ ဘုန်းကြီးကျောင်းပို့ကာ အခြေခံ စာရေး စာဖတ်နှင့် အတွက်အချက်ကို သင်ကြားစေခြင်းဟူသည်ကလည်း ရိုးရာတစ်ခုပဲ ဖြစ်ပါသည်။

ဤကဲ့သို့ ဘုန်းတော်ကြီးကျောင်းသင် ပညာရေးကစတင်သည့် စာရေး စာဖတ် အခြေခံမှသည် ယဉ်ကျေးမှုအခြေခံ၊ ဘာသာရေးအခြေခံများကို သင်ကြားသည်ဆိုသည်က မြန်မာ့လူမှုဘဝ၏ အခြေခံများဖြစ်ခဲ့ပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးမှုနိမ့်ကျသည့်ဒဏ် ပြည်သူလူထုအပေါ် ဖိစီးလာသည့်သည်ဘက်ခေတ်ကာလများတွင်မူ ဆင်းရဲနွမ်းပါးမှုက မိသားစုဘဝများကိုလွှမ်းမိုးလာသည့်အတွက် မြန်မာကလေးငယ်များသည် အဆိုပါအစဉ်အလာ ဘုန်းကြီးကျောင်းစာပင် မသင်နိုင်ကြတော့ဘဲ လယ်ထဲယာထဲ ကိုင်းထဲ၊ တောထဲ တောင်ထဲ မြိုင်ထဲ၊ အင်းထဲ အိုင်ထဲ ကန်ထဲ၊ ချောင်းထဲ မြောင်းထဲ မြစ်ထဲတို့တွင် အရွယ်မရောက်မီ မိကူဘကူဖြင့် လုပ်ငန်းခွင်ထဲ ဝင်နေကြရပါသည်။

အမှန်မှာ မြန်မာကလေးငယ်တိုင်း စာတတ်ဖို့လိုသည်။ စာတတ်ပြီးသည့်နောက် စာဖတ်သူပေါ်များဖို့ လိုသည်။ ဆင်းရဲလို့ စာမတတ် စာမဖတ်ဖြစ်ခြင်းသည် ဆင်းရဲတွင်းထဲမှာ ပိုပိုနစ်မွန်းလာနေကြရဖို့ အကြောင်းဖြစ်နေပါလိမ့်မည်။

သည့်အတွက်ကြောင့်ပဲ တိုင်းပြည်အစိုးရများသည် လူတိုင်း စာတတ်ရန်၊ ကလေးငယ်များ မသင်မနေရ ပညာသင်ကြားရေးစနစ်ရှိရန် စသည်တို့မှာ နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့် လိုအပ်ချက်များဖြစ်လာရပါသည်။ ထို့ကြောင့် စာမတတ်သူ ပပျောက်ရေး၊ လူတိုင်းစာတတ်ရေးနှင့်အတူ စာတတ်သူတိုင်း စာဖတ်လာကြရေး၊ စာဖတ်သူတိုးပွားရေး၊ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြရန်နှင့် ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်တို့မှာလည်း အရေးကြီးလာတာဖြစ်ပြီး ယနေ့ ပြည်သူ့အစိုးရခေတ်မှာ ယင်းတို့ကို အထူးတလည် စတင်အားပေးလာသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါသည်။

အတိုချုံးဆိုရလျှင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့က ဆက်စပ်နေတာဖြစ်ပါသည်။

စာအုပ်စာပေဆိုသည်မှာ လူအများ၏ စဉ်းစားဆင်ခြင်ဉာဏ်ကို ရင့်သန်စေပါသည်။ တွေးခေါ်မြော်မြင်မှုကို အားကောင်းစေပါသည်။ အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်စေပါသည်။ ဗဟုသုတအကြားအမြင် များပြားအမြင်ကျယ်စေပါသည်။

တိုင်းပြည်တွင်းရှိ ပြည်သူအများစုမှာ ယင်းသို့ စဉ်းစားဆင်ခြင်ဉာဏ်ရင့်သန်ပါမှ၊ တွေးခေါ်မြော်မြင်မှု အားကောင်းပါမှ၊ အမှားအမှန်ကိုခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်ပါမှ၊ ဗဟုသုတ အကြားအမြင်များပြားအမြင်ကျယ်ပါမှ၊ နူးညံ့သိမ်မွေ့ ယဉ်ကျေးပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ တည်ဆောက်လို့ရမှာဖြစ်သည်ဟု ယုံကြည်ပါသည်။

စာပေဟူသည် အသိဉာဏ်ပညာတို့ စုဝေးကိန်းအောင်းရာ နေရာဖြစ်ပါသည်။ အသိဉာဏ်ပညာဟူသည် လူ့ဘဝ၏ အရာအားလုံးကို ဦးဆောင်ပါသည်။ နေ့စဉ်ဘဝများတွင် ရှင်သန်နေထိုင်တတ်မှုကအစ ဒုက္ခသံသရာက လွတ်မြောက်မှုအထိ အသိဉာဏ်ပညာက ဦးဆောင်ခြင်းဖြစ်ပါသည်။

ယခုအခါ မြို့ကြီးများတွင် လှည့်လည်ပြုလုပ်လျက်ရှိသော ကလေးစာပေပွဲတော်များကို ဂုဏ်ပြုကြိုဆိုရင်း မြန်မာ့လူမှုအဖွဲ့အစည်း၏ တိုးတက်ငြိမ်းချမ်းမှုအတွက် စာအုပ်စာပေတိုးတက်မှုကို လူထုတစ်ရပ်လုံးကလည်း အားပေးရန်လိုအပ်ကြောင်း တင်ပြလိုက်ပါသည်။

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**မောင်တော အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်းရှိ တမန်းသားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများအဖွဲ့နှင့် မောင်တောခရိုင်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စစ်တွေမြို့ မဏိရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောမ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောမအမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့်အတူ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောမ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ထံမှ ကထိန် အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## စစ်တွေမြို့ ရှုခင်းသာကမ်းခြေတစ်လျှောက် မူးယစ်သောက်စားသူများအား ဖမ်းဆီးအရေးယူ

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ ရှုခင်းသာကမ်းနားလမ်းတစ်လျှောက် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားကြသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲကြသူများအား ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလိုဖမ်းဆီးအရေးယူမှုတွေ မလုပ်ခင်ကတည်းက အသံချဲ့စက်တွေနဲ့ ကြေညာပါတယ်။ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက်မှာ ဝိုင်းဖွဲ့ပြီး အရက်သေစာသောက်စားခြင်းနဲ့ မူးယစ်ဆေးဝါးသုံးစွဲခြင်းတွေဟာ အပန်းဖြေတဲ့ပြည်သူလူထုကို စိတ်အနှောင့်အယှက်ဖြစ်စေတယ်။ မော်တော်ယာဉ်တွေကိုလည်း အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ဖမ်းဆီးအရေးယူမှုတွေ မဆောင်ရွက်ခင် နှစ်ပတ်ကြာ သတိပေးခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ဖမ်းဆီးအရေးယူမှုအနေနဲ့ကတော့ အောက်တိုဘာ ၁၅ ရက်မှာ ပထမအကြိမ်အဖြစ် အမှု ၁၂ မှု၊ ကျူးလွန်သူ ၄၆ ဦးကို ဖမ်းဆီးခဲ့ပြီး ၁၇ ရက်မှာ အမှု နှစ်မှု၊ ကျူးလွန်သူ သုံးဦးကို ဖမ်းဆီးခဲ့ပါတယ်။ အားလုံးပေါင်း ၄၉ ဦးကို ပုဒ်မ ၁၈၈ အရ အရေးယူခဲ့ပါတယ်။

ခုလောလောဆယ်တော့ ဖမ်းပြီးအာမခံပေးလိုက်ပါတယ်။ နောက်နေ့ကျမှ တရားရုံးမှာ အမှုစွဲတင်ပြီး ဒဏ်ငွေ ၂၀၀၀၀ ဆောင်ခိုင်းတယ်။ အခုလည်း မြို့နယ်စည်ပင်သာယာရေးကနေ ဗီနိုင်းတွေနဲ့ တားမြစ်ချက်တွေကို လိုက်ထောင်ထားပါတယ်။

စစ်တွေမြို့အလှကို ထိခိုက်စေပြီး အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ဝိုင်းဖွဲ့စားသောက်တာတွေ၊ မူးယစ်ဆေးဝါးသုံးစွဲတာတွေ၊ ဆောင်းဘောက်တွေကားပေါ်တင် အသံကျယ်လောင်စွာဖွင့်ပြီးမြို့အတွင်း လှည့်ပတ်သွားတာတွေ၊ တရားဥပဒေဖောက်ဖျက်တာတွေ စတာတွေကို မပြုလုပ်ကြစေဖို့ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ တိုက်တွန်းပါတယ်" ဟု ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောသည်။

"စစ်တွေမြို့ကမ်းနားလမ်းဆိုတာ မြို့သူမြို့သားတွေရဲ့ အဓိကအပန်းဖြေရာ နေရာပါ။ အဲဒီလိုနေရာမျိုးတွေမှာ မူးယစ်သောက်စားနေတာကို ဖမ်းဆီးအရေးယူမှုပြုလုပ်ပေးတဲ့ ရဲတပ်ဖွဲ့ကို ကျေးဇူးတင်ပါတယ်။ စီမံချက်တစ်ရပ်အနေနဲ့ လုပ်သင့်တာလည်းကြာပါပြီ" ဟု စစ်တွေမြို့ခံ သရုပ်ဆောင်ဗဂျီးကျော်က ပြောသည်။

စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့်အပြင် ပြည်နယ်အစိုးရရုံးစိုက်ရာ အဓိကမြို့တစ်မြို့ဖြစ်သည့်အလျောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတကာ သံတမန်များ၊ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အဝင်အထွက်များသည့်အတွက် စည်ကားလျက်ရှိသည်။

စစ်တွေမြို့ရောက် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များနှင့် ဒေသခံပြည်သူများ၏ အဓိကအပန်းဖြေအနားယူရာ ရှုခင်းသာကမ်းနားလမ်းအား အရုပ်ဆိုးအကျည်းတန်စေသည့် နေထိုင်ပြုမူ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ယခုလို ထိန်းသိမ်းဆောင်ရွက်ခြင်းကြောင့် လာရောက်အပန်းဖြေအနားယူကြမည့်သူများ စိတ်အေးချမ်းသာစွာဖြင့် အနားယူအပန်းဖြေနိုင်မည်ဖြစ်သကဲ့သို့ မြို့၏ အလှကျက်သရေကိုလည်း ပိုမိုပေါ်လွင်စေမည်ဖြစ်သည်။

**သတင်း-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



## လိပ်ခေါင်းနှင့် တိုင်းရင်းဆေးပညာအကြောင်း စာတမ်းဖတ်ကြား ဆွေးနွေးမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကို လစဉ်ပြုလုပ်လျက်ရှိသည်။ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ လိပ်ခေါင်းနှင့် တိုင်းရင်းဆေးပညာအကြောင်းကို ဦးဆန်းလင်း(တိုင်းရင်းဆေးမှူး)က စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၁**
သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေရေး၊ လက်ရှိ သစ်တောဖုံးလွှမ်းမှု(၄၂ ဒသမ ၉၂) ရာခိုင်နှုန်းအောက် လျော့ကျမှုမရှိစေရန် “မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း”ကို ရေးဆွဲပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ငါးနှစ်တာကာလနှစ်ခု ခွဲခြားရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းရေရှည် မျှော်မှန်းချက်များအဖြစ် မူလတည်ရှိခဲ့သော သဘာဝသစ်တောများကဲ့သို့ ပြန်လည်ရရှိစေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရေးတို့ဖြစ်သည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် သင့်လျော်သော နည်းစနစ်ဖြင့် သစ်တောများ တည်ထောင်စိုက်ပျိုးပြုစုထိန်းသိမ်းရန်၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းတွင် ပုဂ္ဂလိကနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများမှ ရင်းနှီးမြှုပ်နှံလာစေရေး တွန်းအားပေးဆောင်ရွက်ရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ သစ်တောသီးနှံရောနှောစိုက်ပျိုးခြင်းများကို အထောက်အပံ့ပြုရန်၊ မြန်မာ့သစ်တောစိုက်ခင်းတည်ထောင်ခြင်း မူဝါဒ ပေါ်ပေါက်လာစေရန်နှင့် သစ်တောပြန်လည်တည်ထောင်ရေးတွင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောများ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအပါအဝင် လုပ်ငန်း ၁၉ မျိုးကို အကောင်အထည်ဖော်လျက်ရှိပြီး မျှော်မှန်းရလဒ်များအတိုင်း ရရှိစေရေး ကြီးကြပ်စစ်ဆေးခြင်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၏ ၂၀၁၇-၂၀၁၈ ခုနှစ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပြီး တက်ရောက်လာသူများက သစ်တောများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရေးအတွက် စီမံအုပ်ချုပ်မှုရှုထောင့်များမှ ဆွေးနွေးခြင်း၊ လက်ရှိမူဝါဒ၊ ဥပဒေ၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများကိုလည်း ဝိုင်းဝန်းအဖြေရှာရေးတို့ကို ဆွေးနွေးဖော်ထုတ်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# စစ်တွေမြို့၌ ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၂၁**
ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီက စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်ရှိ အဆိုပါစက်ရုံမျက်နှာစာ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ယခုကဲ့သို့ အထည်ချုပ်စက်ရုံတစ်ရုံ ထပ်မံဖွင့်လှစ်ပေးခြင်းအားဖြင့် စစ်တွေမြို့ အပါအဝင် ပြည်နယ်အတွင်းရှိ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း စက်ရုံအလုပ်ရုံများ ယခုထက်ပို၍ တိုးတက်များပြားလာအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

“ရခိုင်ပြည်နယ်မှာရှိတဲ့ အမျိုးသမီးလေးတွေ အလုပ်ပိုမိုရရှိရေးနဲ့ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဒီအထည်ချုပ်စက်ရုံကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ရခိုင်မှအမျိုးသမီးတွေ အလုပ်အကိုင်ရရှိဖို့၊ ပညာတွေသင်ပေးဖို့အတွက် ရည်ရွယ်ချက်ရှိပါတယ်။ ဒါပေမယ့် ကျွန်မတစ်ယောက်တည်း ဒါတွေကို လုပ်ကိုင်လို့မရနိုင်တဲ့အတွက် ပြည်နယ်အစိုးရရဲ့ အားပေးကူညီမှုတွေ လိုပါတယ်။ ပြည်နယ်အစိုးရကလည်း ပံ့ပိုးကူညီပေးတဲ့အတွက် ကျွန်မ ဒီအထည်ချုပ်စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ဒီစက်ရုံကို ဝန်ထမ်း ၃၀ ကျော်နဲ့ စတင်လည်ပတ်နေပါတယ်”ဟု မန်နေဂျင်းဒါရိုက်တာ ဒေါ်စောသိင်္ဂီထွန်းက ပြောသည်။

ထို့ပြင် ဒေါ်စောသိင်္ဂီထွန်းက ကယ်ဆယ်ရေးစခန်းရှိ အမျိုးသမီးများနှင့်တွေ့ဆုံပြီး ဒီဇိုင်နာပညာကို သင်ပေးမည်ဖြစ်ကာ ပညာတတ်မြောက်သွားပါက အပ်ချုပ်စက်များ အခမဲ့ပေးအပ်သွားမည် ဖြစ်သလို စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ချင်သူများကိုလည်း သင့်လျော်သည့် လစာပေးကာ ဝင်ရောက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

“အရင်က ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံက စက်ရုံမှာ အလုပ်လုပ်ကိုင်ဖူးပါတယ်။ ဒါပေမယ့် ကိုယ့်ဒေသမှာ ကိုယ့်မိသားစုတွေနဲ့ အတူနေပြီးအလုပ်လုပ်ရတော့ ပိုပြီးအဆင်ပြေပါတယ်။ အခုဆို ရန်ကုန်ကစက်ရုံတွေမှာ အလုပ်လုပ်ဖူးတဲ့သူတွေ ဒီစက်ရုံမှာလာပြီး လုပ်ကိုင်နေကြပါပြီ။ စစ်တွေမြို့မှာလည်း အရင်ကဖွင့်လှစ်ခဲ့တဲ့ စမတ်အထည်ချုပ်စက်ရုံနဲ့ အခုစက်ရုံနဲ့ဆိုရင် စက်ရုံနှစ်ရုံဖြစ်နေပါပြီ။ ပြည်နယ်အစိုးရအနေနဲ့ အခုလိုအထည်ချုပ်စက်ရုံတွေ ရခိုင်ပြည်နယ်မှာ များများဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ပြည်ပမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ညီငယ်၊ ညီမငယ်တွေကိုလည်း ရခိုင်ပြည်နယ်မှာ စက်ရုံ၊ အလုပ်ရုံတွေ ဖွင့်လှစ်နေပါပြီလို့ အသိပေးချင်ပါတယ်”ဟု ကျောက်တော်မြို့နယ် ပေါက်တောကျေးရွာမှ လာရောက်အလုပ်လုပ်ကိုင်နေသည့် မတန်စိုးက ပြောသည်။

ယခုဖွင့်လှစ်လိုက်သည့် ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံသည် ရခိုင်ပြည်နယ်တွင် ဒုတိယမြောက် ဖွင့်လှစ်သည့် အထည်ချုပ်စက်ရုံဖြစ်ပြီး အထည်ချုပ်စက်အလုံး ၈၀ကျော်ရှိသည့်အတွက် ဝန်ထမ်းအင်အား ၈၀ ကျော်အထိ ဆက်လက်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- တင်ထွန်း၊ ဝင်းမင်းစိုး(ပြန်/ဆက်)**
**ဓာတ်ပုံ- ကံထွန်း**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်/ ထွက် လည်ပတ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**
အောက်တိုဘာ ၁၃ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှ တစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀၄ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၅၆၈ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၂၄ ဦး ရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ်လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းတို့သို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၄၁၈၆၁၄ ဦးဖြစ်သည်။ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည်စုစုပေါင်း ၇၁၇၀ နှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့်ခရီးသည် စုစုပေါင်း ၃၈၄၁ ဦးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# (၂၂) ကြိမ်မြောက် World Police Band Concert တီးခတ်ဖျော်ဖြေပွဲ အကြိုအစမ်းလေ့ကျင့်မှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သော World Police Band Concert တီးခတ်ဖျော်ဖြေပွဲ အကြိုအစမ်းလေ့ကျင့်တီးခတ်မှုကို ယနေ့နံနက် ၇ နာရီခွဲခန့်မှစ၍ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးတို့က ဖဲကြိုးဖြတ်၍ စတင်ဖွင့်လှစ်ပေးခဲ့ကာ ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ယင်းအစမ်းလေ့ကျင့်တီးခတ်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု အလံကိုင်ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတီးဝိုင်းမှ ရဲတပ်ဖွဲ့ဝင်များက ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းဆုံမှ ဆူးလေဘုရားလမ်းအတိုင်း စတင်ချီတက်တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ဆူးလေဘုရားအရှေ့ဘက်ပတ်လမ်းအတိုင်း ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံအထိ ချီတက်တီးခတ်ဖျော်ဖြေခဲ့ကြကာ Sakura Tower ရှေ့တွင် Mini Concert ဖျော်ဖြေခဲ့ကြပြီး နံနက် ၈ နာရီခွဲတွင် အစမ်းလေ့ကျင့်မှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

အာရှဒေသအတွင်းရှိ နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရန်၊စည်းလုံးညီညွတ်ရန်၊ ဆက်သွယ်ဆောင်ရွက်ရန်၊ ချစ်ကြည်ရင်းနှီးမှုရရှိရန်နှင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပြသရန် ရည်ရွယ်ချက်များဖြင့် မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန်နိုင်ငံများမှ Police Band အဖွဲ့များသည် (၂၂) ကြိမ်မြောက် World Police Band Concert အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာဏီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

# ဒလတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်း မလွတ်ကင်းသည့် အဆောက်အအုံများ ဖယ်ရှားနိုင်ရေး တိုင်းတာမှုများပြုလုပ်

**ဒလ အောက်တိုဘာ ၂၁**

မကြာခင်ဆောက်လုပ်တော့မည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားဆောက်လုပ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ မလွတ်ကင်းသည့်အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တိုင်းတာမှုများကို ဒလမြို့ဘက်ခြမ်း တံတားတည်ဆောက်မည့် ဧရိယာအနီးတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ဒလတံတားဆောက်လုပ်နိုင်ရေးအတွက် မလွတ်ကင်းသည့် အဆောက်အအုံများအား တိုင်းတာစစ်ဆေး၍ လျော်ကြေးငွေများ ပေးချေပြီးဖြစ်သော်လည်း ယခုတိုင်းတာစစ်ဆေးသည့် အဆောက်အအုံများမှာ ယခင်ကတိုင်းတာစစ်ဆေးပြီး လျော်ကြေးငွေပေးရာတွင် မပါဝင်ကြောင်း၊ တိုင်းတာစစ်ဆေးမှုများ ပြီးစီးပါက ဖျက်သိမ်းကြေး၊ ပြောင်းရွှေ့ကြေးများပေးချေနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့တိုင်းတာစစ်ဆေးသည့် အဆောက်အအုံများမှာ ဒလမြို့ဘက်ခြမ်း မြစ်ကမ်းနံဘေးတွင် အများဆုံးဖြစ်ပြီး အဆောက်အအုံအလုံးရေ ၉၆ လုံး၊ လူနေရပ်ကွက်ဘက်ခြမ်းတွင် အဆောက်အအုံအလုံးရေ ၂၀ ရှိကြောင်း၊ ကမာကဆစ်ကူးတို့ သမဝါယမအသင်း၊ မြို့နယ်နာရေးကူညီမှုအဆောက်အအုံ၊ အာဇာနည်ကျောက်တိုင်နှင့် ကမာကဆစ်ရပ်ကွက် အနောက်ဘုန်းတော်ကြီးကျောင်းရှေ့ရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအထူးအဖွဲ့(၁၀)မှ တာဝန်ယူရွှေ့ပြောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းတာမှုများပြီးစီးပါက အဆိုပါနေရာအား စီမံကိန်းလုပ်ငန်းခွင် ဧရိယာအဖြစ် ခြံစည်းရိုးကာရံခြင်းကို ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ပြီး မြေပြင်တိုင်းတာစစ်ဆေးမှုများကို တည်ဆောက်ရေးအထူးအဖွဲ့ (၁၀) မှ တာဝန်ရှိသူများက စနစ်တကျတိုင်းတာစစ်ဆေးမှတ်တမ်းများ ရယူခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# လေးလမ်းသွားကွန်ကရစ်ခင်းခြင်း ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနစုမှူး ဦးဝဏ္ဏဝင်း ဦးဆောင်ပြီး ခေမာသီလမ်းအား အဝိုင်းထိပ်မှ နွယ်သာကီလမ်းမထိပ်အထိ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အရှည်ပေ ၅၇၀၀၊ အကျယ် ၄၈ ပေ၊ ဒု ကိုးလက်မရှိ အဆင့်မြင့်ကွန်ကရစ်လေးလမ်းသွားခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ခေမာသီလမ်းမကြီးအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် အောက်တိုဘာ ၂ ရက်ကစပြီး လမ်းပြုပြင်ခြင်း၊ ယခင်ခင်းထားသည့် နွယ်သာကီလမ်းထိပ်မှ သုနန္ဒာလမ်းဆုံအထိ ကြံ့ခိုင်စွမ်းရည်ပြည့် လေးလမ်းသွားအဖြစ် တစ်ဆက်တည်းခင်းခြင်းဖြစ်ပြီး ယာဉ်များ လမ်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တာဝန်ခံဌာနစုမှူး ဦးဝဏ္ဏဝင်းထံမှ သိရသည်။ **(ထွန်းဝင်း)**



# သိမ်ဇရပ်တွင် မြေပြိုမှုကာကွယ်ရန် မြေထိန်းမြက် စုပေါင်းစိုက်ပျိုး

**သိမ်ဇရပ် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် မိုးများစွာရွာသွန်းချိန်၌ မြေပြိုမှုဖြစ်ပွားပြီး လူနေအိမ်များ ထိခိုက်ပျက်စီးလျက်ရှိရာ မြေထိန်းမြက်စုပေါင်းစိုက်ပျိုးပွဲကို အောက်တိုဘာ၂၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သိမ်ဇရပ်တွင် မိုးသည်းထန်စွာရွာသွန်းပါက မြေပြိုမှုများ ဖြစ်ပေါ်တတ်သည်။ ယခုနှစ်တွင်လည်း မိုးများပြီးမြေပြိုသဖြင့် ရွာမရပ်ကွက်နှင့် ဆိပ်ကမ်းသာရပ်ကွက်တို့တွင် လူနေအိမ်အချို့ ပျက်စီးခဲ့သည်။ ယင်းဖြစ်စဉ်များကြောင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီးနောက် မြေပြိုမှုကာကွယ်နိုင်ရန်အတွက် မြေထိန်းမြက်များ စိုက်ပျိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် မွန်ပြည်နယ်အစိုးရအဖွဲ့က မြေထိန်းမြက်စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မြို့နယ်သစ်တောဦးစီးမှူး ဦးဟောင်းလွမ်းက “မြက်ပင်ရရှိရေးအတွက် ကျွန်တော်တို့သစ်တောဦးစီးဌာနက တာဝန်ယူပြီး ဝယ်ပေးပါတယ်။ တစ်ပင်ကို ငွေကျပ် ၆၀ နှုန်း ကျသင့်ပါတယ်။ စုစုပေါင်းအပင်ရေ ၁၉၂၀၀ ပါ။ ဒီမြက်က မြက်ရှည်ပင်အမျိုးအစားဖြစ်ပြီး မြေကြီးအောက်အတော်နက်နက်အထိ ဖောက်ဝင်ပါတယ်။ အမြစ်တွေကအဆုပ်လိုက်တွယ်တော့ မြေဆီလွှာကိုထိန်းသိမ်းပေးတဲ့အပြင် မြေပြို၊ ကမ်းပြိုမှုတွေကိုလည်း ထိန်းပေးပါတယ်။ ရေပြတ်တဲ့ရာသီဆိုရင်တော့ စိုက်ခါစမှာ ရေလောင်းပေးရပါတယ်။ အခုလိုမိုးရွာနေရင်တော့မလိုပါဘူး”ဟု ပြောသည်။ ယင်းမြေထိန်းမြက် စုပေါင်းစိုက်ပျိုးပွဲတွင် အင်အား ၃၀၀ ကျော်က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

# ကြေးမုံသတင်းတို

## နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကျင်းပပူဇော်ရန် ဘုရားများပင့်ဆောင်

**ကော့သောင်း အောက်တိုဘာ ၂၁**

ကော့သောင်းမြို့၏ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယဘုရားပွဲတော်အား နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ရာ နှစ်ဆယ့်ရှစ်ဆူသော ဘုရားရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ပြည်တော်အေးသာသနာ့ဗိမာန်တော်မှ ရပ်ကွက်၊ ကျေးရွာများနှင့် အသင်းအဖွဲ့များသို့ ပွင့်စဉ်အလိုက်မဲစနစ်ဖြင့် မိမိတို့ရပ်ကွက်အတွင်း တန်ဆောင်မုန်းလပြည့်ညမတိုင်မီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကြက်ခြေနီစွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ဆွေးနွေး

**မြန်အောင် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲ၏ အသင်းခွဲဆိုင်ရာ စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်(နေပြည်တော်)မှ တာဝန်ရှိသူများနှင့် မြန်အောင်မြို့နယ် ကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

## ကော့မှူးမြို့၌ အခြေခံကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်

**ကော့မှူး အောက်တိုဘာ ၂၁**

ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်အားကစားခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက အခြေခံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲ ပြုလုပ်ခဲ့သည်။ ကော့မှူးမြို့နယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေးနှင့် တာဝန်ရှိသူများအပါအဝင် အင်အား ၁၅၀ ခန့် တက်ရောက်ကြပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**မြတ်ဟိန်းကျော်(ကော့မှူး)**

## ပုံပြောပြိုင်ပွဲ၊ ပုံတူပန်းချီရေးဆွဲဆေးခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အမက(၂)မရမ်းကုန်းကျောင်းနှင့် အမက(၉)မရမ်းကုန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးသည် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ပုံပြောပြိုင်ပွဲနှင့် ပုံတူပန်းချီရေးဆွဲဆေးခြယ်ပြိုင်ပွဲကျင်းပခဲ့ပြီး အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ဆုရရှိသူများကို ဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားကို တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးကျေးရွာများ ရေများထပ်မံဝင်ရောက်

**မြစ်သား အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေး အနိမ့်ပိုင်းကျေးရွာများဖြစ်သော ရွာပေါင်း ၁၄ ရွာ၊ အိမ်ထောင်စုပေါင်း ၁၃၇၁ အိမ်အတွင်းသို့ ယနေ့အထိ ရေများ ထပ်မံဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများအတွင်းသို့ အောက်တိုဘာ ၁၁ ရက်က ပထမအကြိမ် ရေများဝင်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်လျော့ကျခဲ့သော်လည်း ယနေ့တွင် မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် မိတ္ထီလာ၊ ဝမ်းတွင်းမြို့များမှ မိုးရေများ စီးဝင်လာကာ ဒုတိယအကြိမ် ရေများ ထပ်မံဝင်ရောက်လာခြင်းဖြစ်သည်။ ထို့အတူ ပေါက်မြိုင်ကျေးရွာအနီး မြစ်သား-မြင်းခြံလမ်းပိုင်းတွင်လည်း နှစ်ပေခန့် ရေကျော်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိဘဲ ယာဉ်များပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးကြုံတွေ့နေရသော အိမ်ထောင်စုများထံသို့ ကင်းတားဝင်းလူမှုရေးအဖွဲ့မှ ဦးခင်မောင်အေး ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များက သောက်ရေသန့်နှင့် ထမင်းထုပ်များကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့်အတူ စက်လှေများဖြင့်သွားရောက်၍ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# တံတားအုတ်ခုံကို ကားဖြင့်ဝင်တိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံးကာ ခရီးသည်ခုနစ်ဦး ဒဏ်ရာရ



**မိုးကောင်း အောက်တိုဘာ ၂၁**

မြစ်ကြီးနား-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် ယနေ့နံနက် ၇ နာရီက ခရီးသည်တင်မော်တော်ယာဉ်တစ်စီး တံတားကိုဝင်တိုက်မိ၍ တစ်ဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေး-ဖားကန့်ပြေးဆွဲနေသော မနောရတနာယာဉ်လိုင်းမှ ယာဉ်မောင်း ဝင်းမင်းဦး(၂၄)နှစ်မောင်းနှင်လာသောယာဉ်သည် ခရီးသည် ၁၀ ဦး တင်ဆောင်၍ ဖားကန့်ဘက်သို့ မောင်းနှင်လာစဉ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအုပ်စု ကညင်မြိုင်ကျေးရွာအဝင် တံတားအုတ်ခုံကို ဝင်တိုက်မိခဲ့၍ မြောင်မြို့နယ် ဇီးကျွန်းကျေးရွာနေ ဦးတင်မင်းဦး (၃၇)နှစ် မှာသေဆုံးပြီး အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူများအား မိုးကောင်းမြို့နယ်ဆေးရုံသို့ တောင်နီကျေးရွာ လူမှုကူညီရေးယာဉ်ဖြင့် ပို့ဆောင်ထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မ ရဲစခန်းတွင် အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# မောင်တောမြို့၌ WY စာတန်းပါ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော အောက်တိုဘာ ၂၁**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညဏ်ဝင်းဦး၏ ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များနှင့် မြို့မကညင်တန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်က မြို့မ ကညင်တန်း အုပ်စု ဆီတီလရွာအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ဆီတီလရွာလယ် အရောက်တွင် ပူးပေါင်းအဖွဲ့၏ ရှေ့မှအရှိန်ပြင်းမောင်းနှင်သော သုံးဘီး ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျသွားပြီး မောင်းနှင်သူသည် ဆိုင်ကယ်နောက်ခန်းတွင် တင်ဆောင်သော ဆာလာအိတ်တစ်အိတ်ကို ထမ်းပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လမ်းဘေးရေမြောင်းအတွင်း ပစ်ချ ထွက်ပြေးသွားခဲ့သည်။ ပစ်ချခဲ့သော ဆာလာအိတ်ကို စစ်ဆေးရှာဖွေရာ မီးသွေးများနှင့် ရောနှောထည့်လာသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွ ဆေးပြား တစ်ထုပ်လျှင် ဆေးပြား ၉၅၀၀ စီပါ ၁၅ ထုပ်(စုစုပေါင်း ၁၄၂၅၀၀ ပြား) တစ်ထုပ်လျှင် ဆေးပြား ၁၉၀၀ ပြားစီပါလေးထုပ် (စုစုပေါင်း ၇၆၀၀ ပြား)၊ တစ်ထုပ်လျှင် ဆေးပြား ၁၉၀ ပြားစီးပါ အထုပ်ငါးထုပ် (စုစုပေါင်း ၉၅၀ ပြား)၊ ကာလတန်ဖိုး ဆေးတစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၃၀၂၁၀၀၀၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၅၀၊ သွင်းကုန် ၈၉၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၂ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၀၅၅ သန်း ခန့်) သိမ်းဆည်းရမိခဲ့သည်။ ထူးခြားသိမ်းဆည်းမှု အနေဖြင့် အောက်တိုဘာ ၂၀ ရက်တွင် မူဆယ်သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်(၁၉၁/၇) အနီး၌ ရပ်တန့်ထားသော Toyota MarkII ယာဉ်သုံးစီးကိုစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံ တစ်ရာတင်ပြနိုင်ခြင်းမရှိသော ပိတောက်ခေါးရွှေသစ် ၅၂ တုံး (၁ ဒသမ ၄၆၀)တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၈၈၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငှက်ပျောခြံလုပ်သားနှစ်ဦး စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွား

**မိုင်းယု အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ ခါဆမ်မိန်းကျေးရွာအနီး ငှက်ပျောခြံ အလုပ်သမားတဲ၌ ယနေ့နံနက် ၅ နာရီခန့်က ငှက်ပျောခြံလုပ်သား နှစ်ဦး အရက်သေစာအတူသောက်စား၍ စကားများရန်ဖြစ်ရာမှ ဓားခုတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယုပြည်သူ့ဆေးရုံတွင် နံနက် ၇ နာရီခန့်က လူနာတစ်ဦး ပြတ်ရှဒဏ်ရာများရရှိပြီး ဆေးကုသရန်ရောက်ရှိနေကြောင်း ဖုန်းဖြင့်အကြောင်း ကြားလာသဖြင့် မိုင်းယုနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်စိုးမြင့်သူနှင့် တာဝန်ကျတပ်ဖွဲ့များ သွားရောက်စစ်ဆေးခဲ့သည်။ ခါဆမ်မိန်းကျေးရွာအနီး ငှက်ပျောခြံ၌ အလုပ်လုပ်ကိုင်နေသော တာချီလိတ်မြို့ မယ်ယမ်းကျေးရွာနေ ရန်စိမ့်(၂၅)နှစ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလန်မြို့နေ ဟူလီစန့်(၁၇) နှစ်တို့သည် အရက်သေစာအတူသောက်စား၍ စကားများရန်ဖြစ်ရာမှ ရန်စိမ့်က ဟူလီစန့်အား ဓားဖြင့်ခုတ်ရာ ဝဲဘက်လည်ပင်းနှင့် ဝဲဘက်လက်ဖျံတွင် ဒဏ်ရာ များရရှိခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**




# ရတနာပုံနှင့် အင်းဝတံတားပေါ်တွင် ညအချိန် မူးယစ်သောက်စားသူနှင့်အတွဲများကို အရေးယူ

**စစ်ကိုင်း အောက်တိုဘာ ၂၁**

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်း၏ ညွှန်ကြားချက်အရ စစ်ကိုင်း မြို့ ရတနာပုံတံတားနှင့်အင်းဝတံတားကမ်းနားလမ်းတွင် ညအချိန် အရက်သေစာ သောက်စားမူးယစ်သူများနှင့် အချိန်မတော်နေထိုင်သည့်စုံတွဲများကို မှုခင်း ကျဆင်းရေးတစ်ရပ်အနေဖြင့် ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် အောက်တိုဘာ ၂၀ ရက်မှစတင်၍ အရေးယူဆောင် ရွက်သွားမည်ဖြစ်ပြီး တုတ်၊ ဓားလက်နက်ကိုင်ဆောင်သူများကို အချိန်နှင့်တစ်ပြေးညီ တရားဥပဒေစိုးမိုးရေးအတွက် ညစဉ်လှည့်ကင်း၊ ဝပ်ကင်းများဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များနှင့် မြို့မဈေးအနီးတစ်ဝိုက်တွင် ဖောက်ထွင်း ခိုးယူမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး ယနေ့ချိန်ထိ ဖမ်းမိနိုင်ခြင်းမရှိသေး ကြောင်း သိရသည်။ စစ်ကိုင်းမြို့ပိုးတန်းရပ်ကွက်တွင် နေထိုင်သူ ဦးစိုးဝင်းက "အခုလို ခရိုင်ရဲတပ်ဖွဲ့မှူးက ဦးဆောင်ပြီး တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း တွေချပြီး အရေးယူသွားမယ်ဆိုတော့ ဝမ်းသာပါတယ်။ အများပြည်သူတွေ အတွက် အန္တရာယ်ကင်းသွားပြီလေ။ ဒုစရိုက်သမားတွေအတွက်ကတော့ တဖြည်းဖြည်း အနေကျဉ်းလာပြီပေါ့"ဟု ပြောသည်။

**(၅၃၀)**



# လက်နက်ခဲယမ်း၊ ဘိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တို ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ပြည်ကြီးတံခွန် မြို့နယ် အမှတ်(၂)စက်မှုရပ်ကွက် ကနောင် မင်းသားကြီးလမ်းနှင့် (၆၁)လမ်းထောင့်တွင် မင်းမင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၄၁ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံး တို့ကိုလည်းကောင်း၊ ကွင်းဆက်အရ ညနေ ၃ နာရီ တွင် မန်းကျော်ခိုင်၏နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၇ ပြားနှင့် လက်ကိုင် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ကျော်လွင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၆၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၁၉ ရက် ည ၁၁ နာရီတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့နယ် သာယာကုန်း ကျေးရွာ ထွေးညိုလမ်း(တောင်ပိုင်း)နေ ကျော်သူ(ခ) ကျော်နိုင်ဦး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၅၅၄ ပြား၊ နေအိမ်မှ M-21 ၇ ဒသမ ၆၂ ကျည်ဆန်ငါးတောင့်၊ ပွိုင့် ၃၀ ကာ ဘိုင်ကျည်ဆန် လေးတောင့်၊ AK-47 ကျည်ဆန်သုံးတောင့်၊ ပွိုင့် ၂၂ ကျည်ဆန်နှစ်တောင့်၊ ငွေကျပ် ၆၀၂၅၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ နောင်ဖာရဲကင်းရှေ့ လမ်းမပေါ်တွင် ကျတီမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်၏လေစစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဟွေ့ယုန်း (အာခါ)ရွာသစ် ရွာလယ်လမ်းနေ အားနွေ၏နေအိမ် ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ နှင့် ဘိန်းစိမ်း ၁ ဒသမ ၈၅ ကီလို တို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် အမှတ်(၈)နယ်မြေ ရွှေဝါ လမ်းနေ ဇော်မျိုးထွန်း(ခ)အငဲ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ နှင့် ဘိန်းဆီခဲ ဂရမ် ၃၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထား ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မျိုးဆက်သစ်များကို အလေးထားသည့် ရိုးရာလက်ဝှေ့အစည်းအရုံး၏ လုပ်ငန်းစဉ်

ဇင်လင်းထွန်း (ဓနုဖြူ)



လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုကျော်က ဆရာတော်ကြီးတစ်ပါး မိန့်ကြားခဲ့သော စကားတစ်ခွန်းက ယခု ရက်ထဲတွင် ပြန်လည်သတိရမိစရာဖြစ်လာသည်။ ဓနုဖြူမြို့ ချမ်းသာကြီးပရိယတ္တိစာသင်တိုက်ကို တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီး ဦးပညိန္ဒ မိန့်ကြားခဲ့သောစကားဖြစ်သည်။ သာသနာတော် အရှည်တည်တံ့ရေးအတွက် ပရိယတ္တိသာသနာ၏ အရေးပါသည့်အချက်ကို အလေးအနက်ထားတော်မူသော ဆရာတော်ကြီးသည် ချမ်းသာကြီးပရိယတ္တိစာသင်တိုက်ဖြစ်တည်ရေးအတွက် လွန်စွာကြိုးစားအားထုတ်တော်မူခဲ့ရပါသည်။ ပျံလွန်တော်မူသည်အထိ ပရိယတ္တိသာသနာတော်အတွက် ကိုယ်တော်တိုင် နေ့ညမဟူ လုံ့လစိုက်တော်မူသကဲ့သို့ စာသင်သားတပည့်များကိုလည်း စာချဆရာတော်များ ဖြစ်လာစေရန် ဝါယမစိုက် ပျိုးထောင်တော်မူကာ "သင့်ရာအပ်ပို့ ဆရာတို့" ဝတ္တရားနှင့်အညီ မန္တလေး၊ ပခုက္ကူ အပါအဝင် စာသင်တိုက်ကြီးများသို့ ပို့ဆောင်ပေးတော်မူခဲ့သည်။ ထို့ကြောင့်ပင် ယခုအခါ ချမ်းသာကြီး ပရိယတ္တိစာသင်တိုက်သည် ဓနုဖြူမြို့နယ်အတွင်းသာမက အခြားဒေသမှ စာသင်သားများပါ လာရောက်၍ ပညာရည်နို့သောက်စို့ရာ စာသင်တိုက်ကြီးဖြစ်နေပေသည်။

ဆရာတော်ကြီးက အခြေခံကျသော ပရိယတ္တိသာသနာအရေးအတွက် မိမိသာ လုံ့လစိုက်တော်မူသည်မဟုတ်ဘဲ တပည့်သံဃာများကိုသာမက ဒါယကာ ဒါယိကာမများကိုပါ အလေးအနက်ထား လုံ့လစိုက်စေချင်သည်။ သို့ရာတွင် အလှူရှင်အတော်များများကလည်း နာမည်ကျော်၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကိုသာ ပုဂ္ဂိုလ်ရေးကြည်ညိုမှုဖြင့် ကိုးကွယ်ဆည်းကပ်လှူဒါန်းလိုကြပြီး စာသင်သား သံဃာများ၊ ကိုရင်လေးများဘက်သို့ လှူဒါန်းမှုအားနည်းသကဲ့သို့ရှိနေသည်။ သို့ဖြစ်၍ ဆရာတော်ကြီးက "ခင်ဗျားတို့နှယ် ပြောတော့လည်း ဘုရားရှင်ရဲ့သာသနာတော်ကို ကြည်ညိုလှချည်ရဲ့။ လှူတော့လည်း ပုဂ္ဂိုလ်ရေးအလေးထားကြသလိုဖြစ်နေတယ်။ ဆရာတော်ကြီးတွေဝိုင်းကျတော့ ဟင်းမျိုးကိုစုံလို့၊ ဟို စာသင်သား ကိုရင်လေးတွေဝိုင်းကျတော့ ဘာမှဟုတ်တိပတ်တိမရှိဘူး။ ခင်ဗျားတို့ သတိထားရမှာက ကျုပ်တို့မရှိတော့ရင် ဘုရားသာသနာကို စောင့်ရှောက်ကြရမှာက အဲဒီစာသင်သား ရဟန်းတွေနဲ့ ကိုရင်လေးတွေဗျ။ ကျုပ်တို့က သာသနာတော်မှာ ပျော်နေပြီ။ ခင်ဗျားတို့က လူထွက်ပါဆိုတောင် မထွက်တော့ဘူး။ သာသနာ့ဝန်ထမ်းခဲ့တာလည်း အရှိန်ရနေပြီ။ ဟို စာသင်သား သံဃာတွေ၊ ကိုရင်လေးတွေကျတော့ ချို့ချို့တဲ့တဲ့ဖြစ်လာရင် မပျော်ပိုက်တော့တာမျိုး ဖြစ်တတ်တယ်။ မပျော်ရင် လူထွက်ချင်လာရော။ ပရိယတ္တိဝန်ဆောင်မယ့် ရဟန်းတစ်ပါး၊ ကိုရင်တစ်ပါး လူထွက်သွားတယ်ဆိုရင် သာသနာတော်အတွက် အများကြီးနစ်နာတယ်။ ဘာနဲ့တူလဲဆိုတော့ သူတို့မှာ သီးဖို့ ပွင့်ဖို့ အားတွေရှိနေတဲ့ အပင်လိုပဲ။ အဲဒီအပင်လေးတွေကို ရေလောင်းရမယ်ဗျ။ မြေဩဇာကျွေးရမယ်ဗျ။ ဒါမှ ရှင်သန်လာမှာပေ့ါ။ အခုတော့ ခင်ဗျားတို့က သီးလို့ ပွင့်လို့ အရှိန်ရနေတဲ့အပင်အိုကြီးတွေကျတော့ နင်းကန်ရေလောင်းချင်ကြတယ်။ ဟိုမယ် သီးမယ့်၊ ပွင့်မယ့် အပင်လေးတွေကျတော့ ညှိုးညှိုးနွမ်းနွမ်းနဲ့ဖြစ်နေတယ်။ ညှိုးပါများရင် သေသွားတတ်တယ်။ သီးမယ့်၊ ပွင့်မယ့်အပင်တွေ သေကုန်ရင် မျိုးဆက်ပြတ်ကရောဗျ။ ပရိယတ္တိသာသနာ့ဝန်ထမ်းမယ့် စာသင်သားရဟန်းတွေ၊ ကိုရင်တွေ အထောက်အပံ့ကောင်းမရလို့ သာသနာတော်မှာ မပျော်ပိုက်တော့ဘဲ လူထွက်ကုန်ကြရင် ပရိယတ္တိသာသနာတော်ကြီး အားနည်းသွားမှာပေ့ါ။ ဒီတော့ ခင်ဗျားတို့လည်း ဒါနအကျိုးရစေ၊ သာသနာတော်အရှည်တည်တံ့မယ့် အကျိုးလည်းဖြစ်စေ ပရိယတ္တိသာသနာ့ဝန်ထမ်းမယ့် စာသင်သားရဟန်းတွေ၊ ကိုရင်တွေကို ဂရုစိုက်ကြပါ"ဟု မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ စကားလုံးအားဖြင့် ထပ်တူမဟုတ်နိုင်သော်ငြားလည်း ဆရာတော်ကြီး မိန့်ကြားခဲ့သော သဘောသွားအနှစ်သာရကတော့ ထိုအတိုင်းပင်ဖြစ်ပါသည်။

ဆရာတော်ကြီးမိန့်ကြားခဲ့သော စကားကို သတိတရရှိလာမိခြင်းမှာ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး (Myanmar Lethwei Association - MLA)ဥက္ကဋ္ဌ ဦးဝါဆိုဝင်းမြင့်၊ အတွင်းရေးမှူး ဦးတင်ထွဋ်ဦးတို့နှင့် စကားပြောဖြစ်ခဲ့၍ပင်။ သူတို့က မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးအနေဖြင့် လာမည့် အင်္ဂါနေ့ (အောက်တိုဘာ ၂၄ ရက်) နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၅)၌ မြန်မာ့ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာဟောပြောသရုပ်ပြပွဲများ စီစဉ်မည်ဟု ပြောကြသည်။ ရိုးရာလက်ဝှေ့အစည်းအရုံးအနေဖြင့် အဆိုပါလုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ်ကပင် ပညာရေးဝန်ကြီးဌာနသို့ သွားရောက်တင်ပြညှိနှိုင်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အထက(၆)မှစတင်ကာ ပညာသင်နှစ်တစ်ခုအတွင်း အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းနှုန်းဖြင့် ဆောင်ရွက်ခဲ့ကြပြီဟု သိရသည်။ ရန်ကုန်မြို့တော်ဧရိယာအတွင်းရှိ ကျောင်းများသာမက မန္တလေးနှင့် ပြင်ဦးလွင်ရှိ ကျောင်းများအပြင် ကံဘဲ့(တွံတေး)၊ ပဲခူး၊ ဟင်္သာတ၊ ဓနုဖြူမြို့များရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ပါ ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာများကို လိုက်လံဟောပြောသရုပ်ပြခဲ့ကြကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မင်္ဂလာတောင်ညွန့် အထက(၁)နှင့် တွံတေး(အထက)တို့တွင် သွားရောက်ဆောင်ရွက်ခဲ့ကြပြီး နေပြည်တော် ဇမ္ဗူသီရိ အထက(၅)၌ ဆောင်ရွက်မည့်အစီအစဉ်က တတိယမြောက်ဖြစ်သည်။ ဆက်၍လည်း မြောင်းမြနှင့် ပုသိမ်အထကကျောင်းများသို့ သွားရောက်မည့်အစီအစဉ်ရှိပြီး မန္တလေးနှင့် ပြင်ဦးလွင်မြို့များ၌လည်း ဆောင်ရွက်ရန် လျာထားသည့်ကျောင်းများ ရှိသည်ဟု ဆိုသည်။

ထိုသို့ ဆောင်ရွက်ကြခြင်းနှင့်ပတ်သက်၍ MLA ဥက္ကဋ္ဌ ဦးဝါဆိုဝင်းမြင့်က "ကျွန်တော်တို့ မြန်မာ့ရိုးရာလက်ဝှေ့ဟာ မြန်မာ့မြေပေါ်မှာ ရှေးနှစ်ပေါင်းထောင်ချီ တည်ရှိလာခဲ့တယ်ဆိုတဲ့ အထောက်အထားခိုင်မာမှုရှိတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်လို့ ဆိုနိုင်ပါတယ်။ ပြီးတော့ မြန်မာ့ရိုးရာလက်ဝှေ့ရဲ့ ထူးခြားတဲ့ ကိုယ်ပိုင်ဟန်က မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာတစ်ရပ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရိုးရာလက်ဝှေ့ထက် နှစ်ပေါင်း ၈၀၀ လောက် နောက်ကျတယ်လို့ဆိုရမယ့် ထိုင်းလက်ဝှေ့ကိုတောင်မှ မွေထိုင်းဆိုပြီး ထိုင်းတွေက သူတို့ရဲ့ယဉ်ကျေးမှု၊ သူတို့ရဲ့ အမျိုးသားရေးလက္ခဏာဖြစ်အောင် ဖော်ကျူးနိုင်တဲ့အတွက် ကမ္ဘာ့မာရှယ်အတ် ပရိသတ်တွေကြားမှာ မွေထိုင်းဆိုရင် မသိသူမရှိလို့ ဆိုရလောက်အောင်ဖြစ်နေပြီ။ ကျွန်တော်တို့ဆီမှာကျတော့ ကိုယ့်နိုင်ငံသား လူငယ်တွေတောင်မှ ကိုယ့်ရိုးရာလက်ဝှေ့ဆိုတာကို မသိတော့သလိုဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့ မြန်မာ့ရိုးရာလက်ဝှေ့ရဲ့ အနာဂတ်ဟာ အလွန်စိုးရိမ်စရာကောင်းနေတဲ့အတွက် အနာဂတ်ကိုပိုင်စိုးတဲ့လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ဟာ မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာဖြစ်တယ်။ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးလည်းရှိတယ်။ ကမ္ဘာ့မာရှယ်အတ်ပြိုင်ပွဲလောကမှာ ထူးခြားတဲ့ကိုယ်ပိုင်ဟန်နဲ့ ရပ်တည်နေနိုင်စွမ်းရှိပြီး ခရီးသွားလုပ်ငန်းနဲ့ ချိတ်ဆက်လို့ မီးခိုးမထွက်တဲ့စက်ရုံအဖြစ် ပြင်ပဝင်ငွေရှာဖွေပေးနိုင်တယ်ဆိုတာအထိပါ သိရှိသဘောပေါက်ကြစေဖို့ ကျွန်တော်တို့အစည်းအရုံးက အခုလိုလိုက်လံဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

MLA အတွင်းရေးမှူး ဦးတင်ထွဋ်ဦးကလည်း "ကျွန်တော်တို့ဆီမှာ လူငယ်တွေရဲ့ကဏ္ဍ ဘယ်လောက်အရေးပါသလဲဆိုတဲ့အချက်ကို အလေးအနက်မထားခဲ့ကြတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီလို့ဆိုရမယ်။ ရိုးရာလက်ဝှေ့မှာလည်း မျိုးဆက်သစ်ဖော်ထုတ်ရေးပွဲထက် စီးပွားရေးတွက်ခြေကိုက်မယ့်၊ စီစဉ်သူနာမည်ရမယ့်ပွဲကြီးမျိုးသာ စီစဉ်ကြတဲ့အခြေအနေမျိုးဖြစ်နေတယ်။ ရိုးရာလက်ဝှေ့သမားဆိုရင်လည်း နာမည်ကြီးတဲ့သူနောက်ကိုလိုက်ပြီး ပြုစုချင်ကြတယ်။ ထိုးသတ်ကြေး သိန်းဆယ်ဂဏန်းရနေတဲ့ လက်ဝှေ့သမားကိုပဲ ဆုငွေတွေ အများကြီးထပ်ချီးမြှင့်ချင်ကြတယ်။ လူသစ်တန်းမျိုးဆက်သစ်တွေကိုတော့ ချီးမြှောက်ဖို့မေ့နေကြတယ်။ အဲဒီတော့ ရွက်ပုန်းသီးဘဝနဲ့ပဲ ကြွေကျကုန်ဖို့များနေတယ်။ ရိုးရာလက်ဝှေ့ရဲ့တန်ဖိုးကိုသိဖို့၊ တန်ဖိုးထားဖို့ အပိုင်းမှာလည်း ဦးဝါဆိုပြောသွားသလိုပဲ လူငယ်တွေရဲ့ အခန်းကဏ္ဍအရေးကြီးပါတယ်။ လက်ဝှေ့သမားမျိုးဆက်ရှိတာတောင် တန်ဖိုးထားကြည့်ရှုအားပေးမယ့် ပရိသတ်မျိုးဆက်မရှိတော့ရင်၊ ဝိုင်းဝန်းကူညီပံ့ပိုးမယ့် မျိုးဆက်မရှိတော့ရင် ရိုးရာလက်ဝှေ့ဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစည်းအရုံးက အမျိုးသားရေးစိတ်ဓာတ်အစ စာသင်ကျောင်းကဆိုတဲ့ ခံယူချက်နဲ့ အခြေခံပညာအထက်တန်းကျောင်းတွေမှာ ရိုးရာလက်ဝှေ့ဟာ အမျိုးသားရေးလက္ခဏာဖြစ်ကြောင်း လိုက်လံဟောပြောသရုပ်ပြနေကြတာဖြစ်ပါတယ်"ဟု ပြောသည်။

အဟောင်းတို့ချုပ်ငြိမ်းရာ အသစ်တို့ဖြင့်အစားထိုးကာ ရပ်တည်ရှင်သန်နေရသော လောကကြီး၏သဘာဝတွင် မည်သည့်ကဏ္ဍ၌မဆို အသစ်တို့၏ဖြစ်တည်ရှင်သန်ရေးကို အလေးမထားပါက မုချကျဆုံးတော့မည်သာ။ သာသနာအရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး မည်သည့်အရေးတွင်ဖြစ်စေ မျိုးဆက်သစ်တို့၏ အရည်အသွေး အစွမ်းအစပေါ်မူတည်ကာ သူတစ်ပါးထက် သာလွန်ခြင်း၊ နိမ့်ကျခြင်းတို့ဖြစ်ရသည်ဆိုသော သာဓကလည်း များစွာရှိခဲ့သည်။ ထိုအတွေးက ဆရာတော်ကြီး ဦးပညိန္ဒ၏ စကားကိုကြားယောင်မိရင်း ဆရာကြီး ဦးအောင်သင်း၏ မျိုးဆက်သစ်တို့ တိုးတက်ရစ်မှ ဆိုသောစကားကို သတိရကာ ဖြစ်ပေါ်လာခဲ့ခြင်းပါပေ။ မျိုးဆက်သစ်များကို အလေးထားသော မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA)၏ လုပ်ငန်းစဉ်များ အောင်မြင်ပါစေ။ ။

## မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့ နိုင်ပွဲကိုယ်စီရပြီး မန်ယူအသင်း ရှုံးပွဲကြုံတွေ့

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၉) စနေနေ့ည ပွဲစဉ်များအဖြစ် ချယ်လ်ဆီးနှင့်ဝက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် ပွဲချိန် ၁၂ မိနစ်တွင် ပက်ဒရိုက ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး ဝက်ဖို့ဒ်အသင်းအတွက် ချေပဂိုးကို ပထမပိုင်းပြီး ထပ်ဆောင်းအချိန်ပို နှစ်မိနစ်မှာပင် အဘဒူလာရီဒူကော်ရီက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဝက်ဖို့ဒ်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ရှောဘတ်တို ပီရေရာက သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် လူစားလဲဝင်ရောက်ကစားခဲ့သော ဘက်ရှူဝါရီက ၇၁ မိနစ်နှင့် မိနစ် ၉၀ တို့တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ၈၇ မိနစ်တွင် ချယ်လ်ဆီးအတွက် အပီလီကျူတာက ထပ်မံသွင်းယူခဲ့သည်။ ဟက်ဒါဖီးလ်နှင့် မန်ယူတို့ပွဲစဉ်တွင် ဟက်ဒါဖီးလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည်။ ဟက်ဒါဖီးလ်အသင်းကပွဲချိန် ၂၈ မိနစ်တွင် အာရွန်မွိုင်းက ဦးဆောင် ဂိုးသွင်းယူပေးခဲ့ပြီး ၃၃ မိနစ်တွင် လောရန့်ဒီပိုင်ထရီက ထပ်မံသွင်းယူခဲ့ကာ ဒုတိယပိုင်းတွင် မန်ယူအသင်းအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် ရတ်ဖို့ဒ်က သွင်းယူပေးခဲ့သည်။

မန်စီးတီးနှင့်ဘန်လေပွဲစဉ်တွင် အဂူရို၊ အောတာမန်ဒီနှင့် ဆာနေးတို့၏ သွင်းဂိုးများဖြင့် မန်စီးတီးအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းကို ငါးမှတ်အသာဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ **(ခိုင်ဝင်း)**


**အောက်တိုဘာ ၂၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉**

| | | |
|---|---|---|
| လိုက်ဇစ် | ၁ - ၀ | စတုဂတ် |
| အော့စ်ဘတ် | ၁ - ၂ | ဟန်နိုဗာ |
| ဂလာဘတ် | ၁ - ၅ | လေဗာကူဆင် |
| ဖရန့်ဖတ် | ၂ - ၂ | ဒေ့ါမွန် |

**စပိန်လာလီဂါ ပွဲစဉ် - ၉**

| | | |
|---|---|---|
| လီဗန်တေး | ၁ - ၁ | ဂီတာဖေး |
| ဘက်တစ် | ၂ - ၀ | အလာဗက်စ် |



# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးချစ်ဝင်း-ဒေါ်မြအေးတို့၏သားငယ်

## ဗိုလ်ကြီးကျော်လှိုင်ဝင်း

**B.C.Sc(DSA)**

**M.E (Graphics Engineering)**

နှင့်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)-ဒေါ်သန်းသန်းအေးတို့၏ တစ်ဦးတည်းသောသမီး

## ဒေါက်တာယဉ်မင်းသူ

**M.B.B.S(Ygn)**

တို့၏ ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ရန်ကုန်မြို့ Summit Parkview Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင် အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဝင်းတင်အားလည်းကောင်း၊ ၂၁-၁၀-၂၀၁၇ရက်(စနေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့ကို ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများအား လည်းကောင်း၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော် တေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော ရီရီသန့်-နှင်းရီသန့် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် ဆုသကြန်ဦးနှင့် ဒေါက်တာမြတ်ပြည့်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် စုစုထက်ကျော်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ညီမငယ် ဒေါက်တာ ခွန်းချို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်မင်းဆက်နှင့် ဗိုလ်ကြီးရန်ပိုင်စိုးလွင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာယဉ်မင်းဖြိုးနှင့် ဒေါက်တာ ဖြိုးလဲ့ရည်မောင်၊ မင်္ဂလာသတို့သမီးအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မင်းသက်စံ (Sweet & Smart)၊ မင်္ဂလာသတို့သမီးအရံများအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မနီလာ(Sapphire)၊ အကျွေးအမွေး စီစဉ်ပေးပါသော ဦးစိန်ဝင်း(ထူးထက်စံကုမ္ပဏီ)၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ရွှေရတီ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှ ပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်

ဗိုလ်ကြီးကျော်လှိုင်ဝင်း-ဒေါက်တာယဉ်မင်းသူ

**Top Form Brassiere (Macsot) Co., Ltd.**
**(အမျိုးသမီးဝတ်) အထည်ချုပ်လုပ်ငန်း**
**မဲဆောက်၊ ထိုင်းနိုင်ငံ**

- လိုအပ်သောအရေအတွက် - မ (၁၈၀) ဦး၊ ကျား (၂၀) ဦး
- အသက်ကန့်သတ်ချက် - (၂၀ - ၃၅) နှစ်ကြား
- ကိုယ်အလေးချိန် - ၁၀၀ ပေါင် (သို့) ၄၅ ကီလိုဂရမ်
- အရပ်အမြင့် - ၅ ပေ (သို့) ၁၅၀ စင်တီမီတာ
- အခြေခံလစာ - တစ်ရက်(၃၀၅)ဘတ်(ထိုင်းနိုင်ငံ၏ လစာနှုန်းထားအတိုင်း)
- အလုပ်ချိန် - (၈) နာရီ + အချိန်ပို
- အချိန်ပို - တစ်နာရီ (၁. ၅) ဆနှုန်းဖြင့်
- အလုပ်ပိတ်ရက် - တစ်ပတ် (၁) ရက်
- စာချုပ်သက်တမ်း - (၂) နှစ်

၁။ နိုင်ငံကူးလက်မှတ် (မူရင်း) နှင့် နိုင်ငံတော်မှဝါဒ အတိုင်းကျပ်ငွေ (၁၅၀,၀၀၀/-) သွင်းရမည်။
၂။ နိုင်ငံကူးလက်မှတ်မရှိပါက မိမိဘာသာလျှောက်ထားရန်အတွက် မှတ်ပုံတင် (မူရင်း)၊ အိမ်ထောင်စုစာရင်း (မူရင်း) ယူဆောင်လာပါရန်။

- လုပ်ငန်းလိုအပ်ချက် - (မော်တာစက်ချုပ်တတ်သူများဦးစားပေးမည်။)
မျက်စေ့မှုန်သူ၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရ မည်။ အလုပ်လျှောက်ထားသူ အလုပ်သမားများ အနေဖြင့် လုပ်ငန်းလိုအပ်ချက်အရ အလုပ်ရုံတွင် တာဝန်ချခံရမည့်နေရာတွင် လုပ်ကိုင်နိုင်ရမည်။

အောက်တိုဘာ (တတိယပတ်) ထဲတွင် အမြန်ဆုံးလာရောက် လျှောက်ထားနိုင်ပါသည်။

**Today Top Star Co., Ltd. (Since 1996)**

E-mail : todaytopstar@gmail.com    Facebook : todaytopstar

Viber : 09-43097043

**သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ**

# မောင်တောမြို့၌ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ချီးမြှင့်

မောင်တော အောက်တိုဘာ ၂၁
&cijyne, armiawmc½itwi; r;,paq;0g;rsm; pr;pr;wr azmxwzr;q;conwyz0irsm;tm; cs;jriy Ei axmuyypn; ay;tyytcr;tem;u atmuwbm 20 &u nae 5 em&u c½i&wyz ar,ce;rü usi;yon/

tcr;tem;wi &cijyne, &wyzrl; &rl;u; atmijrwr;u armiawm b;o;awmi &aoawmia'ou vlcla&; &pce; &ui;rsm; ppaq;a&;wm0ejzia&mu&vm jci;jzpalumi; jrermEii&wyz\ &nre;csuwm0e av;&yr r;,paq;0g;tE&m, wm;q;umu,a&; &nre; csuwm0ewp&yvn; yg0iontwu armiawmc½i &wyzrl;0;p;aom wyz0irsm;u 2017 cEptwi; armiawmc½itwi;& jzwoe;0ia&muvmaom r;,p aq;0g;rsm;u ta&twursm;rsm; pcsewizr;q;Eicon twu *Pjylcs;jri&jci;jzpalumi; ajymlum;on/

,i;aemu jyne,&wyzrl;u wyz0irsm;tm; *Pjy qEi axmuyypn;rsm; cs;jriay;tycalumi; o&on/

ခရိုင် (ပြန်/ဆက်)

မြန်မာတို့ တက်ကျန်း ကျွမ်းကျင် တက်လှမ်း လှုပ်ရှားရ ကျော်ကြားစေ

နိုင်ငံတကာ သတင်းဂျာနယ်

အရှေ့အလယ်ပိုင်းဒေသတွင် အင်အားထိန်းညှိရန် ကြိုးပမ်းလာသော တတ်ကောင်းသစ် သို့မဟုတ် ရုရှားနိုင်ငံ

အမေရိကန်တို့၏ စစ်မြေပြင်ဆက်သွယ်ရေးကွန်ရက် အားနည်းချက်များကို ဟက်ထားနိုင်ဖို့ အလုပ်ပြင်းလိုအပ်နေ

တိုက်ပွဲဝင် သူရဲကောင်းမမများ

ရန်ကိုရန်ချင်း တုံ့နှင်းနေသော အမေရိကန်နှင့် အယ်လ်ရှာဘတ်

တနင်္လာနေ့တိုင်း ထွက်ပြီ

E-mail:internationaljournalmm@gmail.com



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မျိုးဆက်သစ်များ၏ ပညာရည်အဆင့်အတန်းကို အမှန်တကယ်တိုးတက်စေလိုပါသလား

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် စတင်ကျင့်သုံးလာစဉ်ကတည်းက အဘက်ဘက်မှ ပွင့်လင်းမြင်သာမှုရှိလာသည်။ နိုင်ငံတော်အစိုးရ၏ တာဝန်ထမ်းဆောင်မှုကိုပါ ရဲရဲတင်းတင်း ဝေဖန်ရေးသားလာကြသည်။ စတုတ္ထမဏ္ဍိုင်အတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ထိုသို့ အမြင်အမျိုးမျိုးကို ဝေဖန်ရေးသားကြရာတွင် တိုင်းပြည်၏ အဓိကကဏ္ဍဖြစ်သည့် ပညာရေးစနစ်ကိုလည်း ရှုထောင့်ပေါင်းစုံမှ ဝေဖန်ရေးသားခဲ့ကြသည်။ အထူးသဖြင့် စာမေးပွဲစနစ်ကို ဝေဖန်ရေးသားမှု များပြားခဲ့သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် စာမေးပွဲကျင်းပပုံနှင့်ပတ်သက်၍ ဖြေလျှော့မှုများ ပြုလုပ်ခဲ့ရသည်။

**စာမေးပွဲစနစ်ပုံစံပြောင်းလဲလာ**

ယခင်က ပညာသင်နှစ် တစ်နှစ်အတွက် အစမ်းစာမေးပွဲနှစ်ကြိမ်နှင့် အတန်းတင်စာမေးပွဲ တစ်ကြိမ်ကျင်းပခဲ့သည်။ ဘာသာရပ်အလိုက် အမှတ် ၁၀၀ ဖိုးစီမေးခဲ့သည်။ အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် ပြုလုပ်သော အစမ်းစာမေးပွဲများတွင် သင်ကြားပြီးစီးသည့်အခန်းအလိုက်သာ မေးမြန်းသော်လည်း အတန်းတင်စာမေးပွဲတွင်မူ ပြဋ္ဌာန်းချက်အားလုံးကို မွှေနှောက်မေးလေ့ရှိသည်။ ထို့ကြောင့် ကလေးများသည် ဘာသာရပ်အလိုက် သင်ခန်းစာအားလုံးကို လေ့လာကျက်မှတ်ထားကြရသည်။ ထိုသို့ ကျက်မှတ်ထားခြင်းကြောင့် ကျောင်းသားတစ်ဦးသည် မူလတန်းဖတ်စာကို လုပ်ငန်းခွင်ဝင်သည်အထိ မှတ်မိနေကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တစ်လချင်း အခန်းဆုံးစာမေးပွဲပုံစံဖြစ်လာသည်။ ဘာသာရပ်အလိုက် ၂၅ မှတ်ဖိုးသာမေးထားသည်။ တချို့ကျောင်းများတွင် မေးခွန်းပုံစံနှစ်စုံသာပေးထားပြီး ထိုထဲမှ တစ်စုံကိုမေးသွားမည်ဖြစ်သည်။ ဘာသာရပ်အလိုက် အောင်မှတ်ရရှိရေးအတွက် နှစ်မျက်နှာလောက်သာ ကျက်မှတ်ကြရသည်။ ပြဋ္ဌာန်းသင်ခန်းစာအားလုံးကို မေးခြင်းမဟုတ်သဖြင့် ကလေးများသည် သင်ခန်းစာမကျေညက်တော့ပေ။ အကျိုးဆက်အနေဖြင့် အလယ်တန်းကလေးသည် မူလတန်းဖတ်စာမှ ကဗျာများကိုပင် မမှတ်မိတော့ပေ။

**အတန်းကူးပြောင်းစာရင်းလား၊ အောင်စာရင်းလား**

၂၀၁၇ ခုနှစ် အတန်းတင်စာမေးပွဲများအတွက် အောင်စာရင်းကို အတန်းကူးပြောင်းစာရင်းဟု ထုတ်ပြန်ခဲ့သဖြင့် ဝေဖန်မှုများပြင်းထန်ခဲ့သည်။ အင်္ဂလိပ်စာအဘိဓာန်တွင်လည်း အောင်မြင်သည် (Pass) နှင့် ကျရှုံးသည်(Fail)ဟူ၍သာတွေ့ဖူးပါသည်။ ငယ်စဉ်ကတည်းက စာမေးပွဲအောင်စာရင်းကို (Result)ဟူ၍သာ သိခဲ့ရပါသည်။ ပြောင်းလဲမှုကိုဖော်ဆောင်ရာတွင် အကာများကိုဆောင်ရွက်နေသည်ထက် အနှစ်ကိုသာ အလေးထားဆောင်ရွက်သင့်ပါသည်။ ဟိုလူပြောဟုတ်နိုးနိုး၊ သည်လူပြောဟုတ်နိုးနိုး လိုက်လုပ်နေမည်ဆိုလျှင် မျိုးဆက်သစ်ကလေးများသာ နစ်နာကြမည်ဖြစ်သည်။ ကလေးများသည် အစမ်းသပ်ခံများမဟုတ်ကြပါ။ အာရုံလွှဲသည့်အလေ့အထနှင့် ပြည်သူများ နားမလည်အောင်လုပ်သည့် အပြုအမူများကို ရှောင်ကြဉ်သွားသင့်ပါသည်။

**စာမေးပွဲစနစ်လိုအပ်**

တချို့သောပုဂ္ဂိုလ်များက ပညာရေးနှင့်ပတ်သက်၍ စာမေးပွဲစနစ်မလိုဟု ပြောဆိုကြသည်။ နိုင်ငံတကာတွင် စာမေးပွဲမကျင်းပဟု ဆိုကြသည်။ တစ်ခုခုကို အထင်အမြင် လွဲမှားနေသည်ဟုထင်ပါသည်။ ထိုသို့ဆိုလျှင် ပညာတတ်များကို မည်သို့မွေးထုတ်သွားမည်နည်း။ အမှန်စင်စစ်မှာမူ ကမ္ဘာပေါ်ရှိ တက္ကသိုလ်အားလုံးတွင် ဘာသာရပ်အလိုက် သင်ကြားပို့ချမှုပြီးနောက် အနည်းနှင့်အများဆိုသလို ဆွေးနွေးခြင်းနှင့် မေးမြန်းခြင်းများ၊ စာတမ်းပြုစုခြင်းများရှိပါသည်။ ထိုသို့ ဆွေးနွေးမေးမြန်းခြင်းနှင့် စာတမ်းပြုစုခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် လေ့လာကျက်မှတ်အားထုတ်မှုများ များစွာလိုအပ်ပါသည်။ ထို့အပြင်ကာလအလိုက် စာမေးပွဲများကိုလည်း ကျင်းပပေးကြပါသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံပညာရေးစနစ်တွင်လည်း စာမေးပွဲကျင်းပပေးရန် အထူးလိုအပ်ပါသည်။ သို့မှသာလျှင် ကလေးများသည် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော ဘာသာရပ်များကို ကျေညက်မှုရှိနေမည်ဖြစ်သည်။ ထိုသို့စာမေးပွဲမကျင်းပလျှင် ကလေးများ၏ တတ်သိနားလည်မှုကို မည်ကဲ့သို့အကဲဖြတ်၍ အတန်းတင်ပေးကြမည်နည်း။ စာမေးပွဲကျင်းပနေသည့်ကြားကပင် အဂတိလိုက်စားမှုများရှိနေ၍ အရေးယူခဲ့ရသည့်သာဓကများစွာရှိနေပါသည်။

သာဓကအနေဖြင့် မြတ်ဗုဒ္ဓ၏သားတော် သံဃာတော်များသည်ပင်လျှင် ဗုဒ္ဓစာပေများကို အာဂုံကျက်မှတ်ပြီး ရေးဖြေစာမေးပွဲများဖြေဆိုနေကြရသည်။ နိုင်ငံတော်အစိုးရသည် ပဋိပတ်သုံးပုံ ရေးဖြေနှင့် အာဂုံဆောင်စာမေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ထိုစာမေးပွဲများမှ သာသနာ့အာဇာနည် တိပိဋကဆရာတော်ကြီးများ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထို့ကြောင့် စာမေးပွဲများသည် လောကီ၊ လောကုတ် နှစ်ဖြာသောအကျိုးအတွက် များစွာအရေးပါလျက်ပင်ရှိသည်။

**အမှတ် ၁၀၀ စာမေးပွဲများဖြင့် အရည်အချင်းမြှင့်တင်ပေးသင့်**

စက်တင်ဘာလက အခြေခံကျောင်းများတွင် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအတွက် အမှတ် ၁၀၀ ဖိုးစာမေးပွဲ ကျင်းပပေးခဲ့သည်။ မေးခွန်းကို မြို့နယ်ပညာရေးမှူးရုံးမှ ထုတ်သည်ဟုဆိုသည်။ စာရေးသူ၏ သမီးကြီးသည်လည်း အဋ္ဌမတန်းတွင် ပညာသင်ယူလျက်ရှိသဖြင့် အမှတ် ၁၀၀ ဖိုးမေးမည့် အစမ်းစာမေးပွဲအတွက် ကြိုတင်ပြင်ဆင် လေ့လာကျက်မှတ်ခဲ့ရသည်။ ကြိုးစားအားထုတ်မှုကြောင့် ဘာသာရပ်အားလုံးကို ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့သည်။ အချို့သော ကလေးများသည် ဆရာ ဆရာမများပေးထားသည့် ခန့်မှန်းမေးခွန်းလောက်သာ ကျက်ထားသဖြင့် အားလုံးဖြေဆိုနိုင်ခြင်းမရှိဟု သမီးကြီးကပြောပြလို့ သိခဲ့ရသည်။

ကျောင်းများပြန်ဖွင့်သည့်အချိန်တွင် အစမ်းစာမေးပွဲအတွက် ဖြေဆိုမှုရလဒ်များကိုပြောပြခဲ့သည်။ အများစုသည် Grade(B)နှင့် Grade(C)သာ ရရှိခဲ့ကြသည်။ အထူးသဖြင့် အင်္ဂလိပ်စာနှင့် သင်္ချာတို့တွင် Grade(B) များသည်ဟုဆိုသည်။ ၂၅ မှတ်ဖိုးသာ ဖြေဆိုရသည့် ကျောင်းတွင်း အတန်းတင်စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ကလေးများသည် အမှတ် ၁၀၀ ဖိုးဖြေဆိုရာ၌ ဘာသာရပ်အားလုံးတွင် Grade(A) မရခဲ့ကြပေ။ အရည်အချင်းမှန် ထွက်ပေါ်လာခြင်းဖြစ်သည်။ သမီးကြီးသည် ဘာသာရပ်အားလုံးတွင် Grade(A) ရရှိခဲ့သည်။ ထို့ကြောင့် အစမ်းစာမေးပွဲများကို ယခင်လို အမှတ် ၁၀၀ ဖိုးအထိမေးမြန်းကာ မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရည်အဆင့်အတန်းကို မြှင့်တင်ပေးသင့်ပါသည်။

**နားချိန်၊ ကစားချိန်မရှိသောကလေးများ**

စာရေးသူတို့ငယ်စဉ်က ကျောင်းမှပြန်ရောက်လျှင် ရေခပ်၊ မြက်နုတ်လုပ်ခဲ့ရသည်။ မိဘကို ကူညီခဲ့ရသည်။ ထို့အပြင်အချိန်ပိုသဖြင့် ဘောလုံးကန်၊ ခြင်းခတ်၊ ဘော်လီဘောပုတ်နိုင်ခဲ့သည်။ ညဘက်တွင်လည်း အချိန်ပြည့် စာကြည့်နေရန်မလိုချေ။ စာမေးပွဲနီးမှသာ ကျက်လိုက်လျှင်လုံလောက်သည်။ မည်သည့်အတွက်ကြောင့်နည်း။ ဆရာ ဆရာမများ၏ကျေးဇူးကြောင့်ပင်ဖြစ်သည်။ ထိုစဉ်က ဆရာများသည် စာသင်ခန်းအတွင်း၌ နားလည်အောင် သင်ကြားပြသပေးခဲ့ကြသည်။

သို့သော် လက်ရှိအချိန်တွင် ကလေးများသည် နားချိန်နှင့် ကစားချိန်ပင်မရတော့ပေ။ ကျောင်းမှပြန်ရောက်လျှင် ကျောင်းလွယ်အိတ်ချပြီး ကျူရှင်လွယ်အိတ်ကိုပြောင်းလွယ်ကာ ကျူရှင်သို့ချက်ချင်းထွက်ရသည်။ အချို့သောကလေးများသည် ကျောင်းဝတ်စုံပင်မလဲရဘဲ ကျူရှင်သို့တစ်ခါတည်းသွားကြရသည်။ အချို့ကလေးများဆိုလျှင် ညစာကြည့်ဝိုင်းဆက်တက်ကြရသည်။ နံနက် ၇ နာရီကတည်းထွက်လာရာ ည ၉ နာရီကျော်မှ အိမ်ကိုပြန်ရောက်ကြသည်။ အိမ်ရောက်လျှင် ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ ကလေးဘဝ ဆုံးရှုံးနေကြရသည်။

**စေတနာထားသင်ကြားပေးစေချင်**

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိ၏ တပည့်ကလေးများကို စာသင်ခန်းအတွင်း၌သာ တတ်မြောက်အောင် စေတနာထား သင်ကြားပေးစေချင်ပါသည်။ ကျောင်းတွင်ဖြစ်သလိုသင်ပြီး ကျူရှင်ရောက်မှ သေချာစွာသင်ကြားပြသပေးသည့် အပြုအမူမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ ထို့အပြင် ကျူရှင်တက်သည့်ကလေးနှင့် မတက်သည့်ကလေး၊ သီတင်းကျွတ်ကာလတွင်လာကန်တော့သည့်ကလေးနှင့် မကန်တော့သည့်ကလေးဟူ၍ ခွဲခြားဆက်ဆံမှုများကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဆရာ ဆရာမများသည် အနန္တဂိုဏ်းဝင်များဖြစ်ကြသည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် သင့်တော်သည့် သင်ရိုးညွှန်းတမ်းများ၊ စနစ်တကျ သင်ကြားပြသပို့ချပေးနိုင်မှုနှင့် စာမေးပွဲစနစ်များရှိနေမှသာ တိုးတက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေးငယ်များ၏ တတ်မြောက်မှုအရည်အချင်းကို စမ်းသပ်စစ်ဆေးနိုင်ရန် အဆင့်မီသောမေးခွန်းများနှင့် ပုံမှန်စစ်ဆေးမှုများ မပျက်မကွက် ပြုလုပ်ပေးသွားရန်လည်း လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ အနန္တဂိုဏ်းဝင် ဆရာ ဆရာမများအနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကို လက်ကိုင်ထားလျက် မျိုးဆက်သစ် တပည့်လေးများကို လူကောင်း၊ လူတော်လေးများဖြစ်အောင် သင်ကြားပြသပေးသွားနိုင်ကြပါစေ။ ။

# လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး



**တမူး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ စော်ဘွားရပ်ကွက်၌ ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာ စတင်ဆောက်လုပ်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


တမူးမြို့ စော်ဘွားရပ်ကွက်တွင် ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာ အရှည် ၁၀၂ ပေ × ၂၅ ပေ လေးခန်းတွဲ လေးထပ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇၆ သန်းဖြင့် စတင်ဆောက်လုပ်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးမှူး၊ မြို့နယ်လမ်းဦးစီးအင်ဂျင်နီယာ ဦးမောင်မောင်အေးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ အသုံးပြုသောကုန်ကြမ်းပစ္စည်းများ စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသောပစ္စည်းများ အသုံးပြုရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာကို လင်းလက်ခနကြွယ်ကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်နေခြင်းဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက အခြားမြို့များမှ လာရောက်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို နေရာချထား နေထိုင်သွားစေမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**













# အာကာသတစ်လွှား ပြိုင်စံရှား အိုဘဲ့လူသား

ukဒifo

အာကာသအတွင်း တစ်နှစ်ကြာမျှ နေထိုင်ခဲ့သူ အာကာသယာဉ်မှူးကြီး စကော့ဂျိုးဆက်ကယ်လီ ရေးသားသည့် စာအုပ်တစ်အုပ်ပေါ်ထွက်လာပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသည့်အခါ လူသားတို့၏ အာကာသရေးရာ စူးစမ်းလေ့လာမှုနှင့် ပတ်သက်၍ ကျွန်ုပ်တွေးတောမိလေ၏။

နေစကြဝဠာအတွင်းရှိ အခြားသော ဂြိုဟ်များနှင့်ပတ်သက်၍ လေ့လာမှုနယ်ပယ်ချဲ့ထွင်နေသော ယနေ့ကာလတွင် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသူမှာ ကယ်လီဖြစ်၏။ ကယ်လီသည် အမေရိကန်ရေတပ်မှ အငြိမ်းစားဗိုလ်ကြီးတစ်ဦးဖြစ်ပြီး ယခုအခါ အငြိမ်းစားအာကာသယာဉ်မှူးလည်းဖြစ်၏။

**နှစ်ပေါက်အောင် နေထိုင်**

အာကာသအတွင်း နှစ်ပေါက်အောင်နေထိုင်ခဲ့သည့် ပထမဆုံးသော အမေရိကန်အာကာသယာဉ်မှူးမှာ ကယ်လီဖြစ်သည်။

ကယ်လီ၏ စာအုပ်သစ်မှာ 'ခံနိုင်ရည်ရှိခြင်း' (Endurance) ဟု အမည်ပေးထားပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြား နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် ရက်ပေါင်း ၃၄၀ တိတိ နေထိုင်ခဲ့စဉ် သူတွေ့ကြုံခံစားခဲ့ရသော အဖြစ်သနစ်များနှင့် သူ့ခံစားချက်များကို ခရေစေ့တွင်းကျဖော်ပြထားလေသည်။

မြေဆွဲအားမဲ့ အခြေအနေတွင် ကာလရှည် နေထိုင်သော လူသား၏ ရုပ်ခန္ဓာနှင့် မနောစိတ်တို့အပေါ် အကျိုးသက်ရောက်မှုများ မည်သို့ရှိနိုင်သည်ကို လေ့လာလိုခြင်းမှာ ကယ်လီ၏ မြင့်မားသောရည်ရွယ်ချက်ဖြစ်လေသည်။

အကယ်၍ မိမိတို့သည် အဆုံးတစ်နေ့တွင် အင်္ဂါဂြိုဟ်သို့ သွားကြမည်ဆိုလျှင် အာကာသခရီးနှင်နေချိန်အတွင်း ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် သွားလာနိုင်စေရေးအတွက် မည်ကဲ့သို့ပြင်ဆင် ဆောင်ရွက်သင့်ကြသည်ကို လေ့လာလိုခြင်းမှာ မိမိ၏ ရည်ရွယ်ချက်ဖြစ်သည်ဟု ကယ်လီက ဆိုသည်။

လူသားတစ်ဦးသည် ယနေ့ကာလ အာကာသယာဉ်၏ အမြန်နှုန်းအပေါ် အခြေခံကာ တွက်ချက်ကြည့်လျှင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိရန် ကိုးလခန့်မျှ အချိန်ကြာမြင့်မည်ဖြစ်သည်။ အာကာသအတွင်း ကာလရှည်ရှည် ခရီးသွားလာရန်မှာ သဘာဝအရ မဖြစ်နိုင်သော်လည်း လူသားတို့၏ စူးစမ်းလေ့လာမှုနှင့် တီထွင်ဖန်တီးနိုင်မှု စွမ်းပကားတို့အရ နောင်တစ်ချိန်ဖြစ်လာနိုင်စရာ အကြောင်းမရှိဟု မဆိုနိုင်ချေ။

ကယ်လီ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို အောက်တိုဘာ ၁၇ ရက်တွင် စတင်ဖြန့်ချိခဲ့သည်။ အဆိုပါစာအုပ်တွင် ကယ်လီက ရေတပ်အရာရှိဘဝမှသည် အမေရိကန်အာကာသအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူးအထိ တက်လှမ်းနိုင်ရန် ကြိုးပမ်းခဲ့ရပုံ၊ နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် နှစ်ပေါက်အောင် နေထိုင်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပုံတို့နှင့် ပတ်သက်၍ ခရေစေ့တွင်းကျ ရေးသားထားလေသည်။

**နံ့နစ်မခံ**

အရက်စွဲနေသူ ဖခင်တစ်ဦး၏ သားအဖြစ် ငယ်စဉ်ဘဝက နေထိုင်ခဲ့ရသော်လည်း ဘဝတွင် နံ့နစ်မခံဘဲ တက်လမ်းရှိရန် ကြိုးပမ်းခဲ့သူမှာ ကယ်လီဖြစ်သည်။

ကယ်လီကို ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် နယူးယောက် ပင်လယ်ရေကြောင်း တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ရေတပ်သို့ ဝင်ရောက်ခဲ့သည်။ ရေတပ်၏ လေယာဉ်မှူးအဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီး တိုက်လေယာဉ်မှူးတစ်ဦး ဖြစ်လာခဲ့သည်။ ကယ်လီသည် အမေရိကန်လေယာဉ်တင်သင်္ဘောကြီး ဒွိုက်အိန်ဆင်ဟောင်ဝါနှင့် အတူလိုက်ပါကာ တိုက်လေယာဉ်မှူး တာဝန် ထမ်းဆောင်ခဲ့သည်။

ရေတပ်တွင် ၂၅ နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အာကာသယာဉ်မှူးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် နာဆာ၏ လက်ရွေးစင်အာကာသယာဉ်မှူးတစ်ဦးဖြစ်လာခဲ့ပြီးနောက် အာကာသယာဉ်မှူးတစ်ဦးအဖြစ် စွမ်းစွမ်းတမံ လေ့ကျင့်ခဲ့သည်။

ကယ်လီသည် အာကာသခရီးစဉ်လေးခု ခရီးနှင်ခဲ့ဖူးသည့် ဝါရင့်အာကာသယာဉ်မှူးကြီးဖြစ်ပြီး အာကာခရီးစဉ် သုံးခုတွင် နိုင်ငံတကာအာကာသစခန်းယာဉ်၏ ယာဉ်မှူးကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အာကာသအတွင်း နေထိုင်သည့် စုစုပေါင်းနေ့ရက်အရ စံချိန်သစ်စိုက်ထူနိုင်ခဲ့လေသည်။ ဤသို့ဖြင့် အာကာသအတွင်း ရက်ပေါင်း ၅၂၀ ကြာမျှ နေထိုင်ခဲ့သည့် ပထမဆုံး အမေရိကန် အာကာသယာဉ်မှူးဖြစ်လာသည်။

ကယ်လီနှင့် ရုရှား အာကာသယာဉ်မှူး မီခေးလ်ကော်နီကိုတို့သည် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် ရက်ပေါင်း ၃၄၀ ကြာမျှ လုပ်ကိုင်ခဲ့ကြပြီးနောက် ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်က ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ကြလေသည်။

အာကာသသိပ္ပံ ဘာသာရပ်သည် အာကာသဟင်းလင်းပြင်ကြီးပမာ အလွန်တရာကျယ်ဝန်းလှသည်။ ယနေ့ကာလတွင် အာကာသသိပ္ပံပညာကို ပိုင်စိုးသည့် နိုင်ငံများမှာ သိပ္ပံနှင့် နည်းပညာအရ ရှေ့တန်းရောက်နေသည့် နိုင်ငံများဖြစ်ကြသည်။

အာကာသ ဟင်းလင်းပြင်သည် လူသားတစ်ရပ်လုံးနှင့် သက်ဆိုင်ခြင်းကြောင့် အာကာသကို စစ်ရေးရည်မှန်းချက်များအတွက် အသုံးပြုရန် မသင့်ဘဲ လူသားအကျိုးပြု လုပ်ငန်းများအတွက်သာလျှင် ရည်စူးဆောင်ရွက်သင့်သည်။

**အာကာသ စစ်မဲ့ဇုန်**

အာကာသ ဟင်းလင်းပြင်ကို စစ်မဲ့ဇုန်အဖြစ် သတ်မှတ်ကာ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို တိုးတက်ပြုလုပ်သွားရန် လိုအပ်ပေလိမ့်မည်။

ကမ္ဘာ့နိုင်ငံများ၏ အာကာသရေးရာဆိုင်ရာ သိပ္ပံနှင့် နည်းပညာအတိုင်ပင်ခံအဖွဲ့ကြီးအဖြစ် ရပ်တည်နေသော အဖွဲ့အစည်းမှာ ကုလသမဂ္ဂအဖွဲ့ဖြစ်သည်။

အာကာသဟင်းလင်းပြင်အား ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် ကုလသမဂ္ဂက အာကာသဥပဒေကို ရေးဆွဲပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အာကာသဥပဒေ၏ စာချုပ်စာတမ်းများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မူကြမ်းပြုစုပေးကြပြီး ကမ္ဘာ့နိုင်ငံများက လက်ခံအတည်ပြုပေးကြသည်။ အာကာသစူးစမ်းလေ့လာမှုမှ ရှာဖွေတွေ့ရှိရသော ဆေးသိပ္ပံနှင့် အခြားသိပ္ပံ ဘာသာရပ်များ၊ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာများကို လူသားအကျိုးပြု လုပ်ငန်းများအတွက် မျှဝေသုံးစွဲနိုင်ရန် ကမ္ဘာ့နိုင်ငံများက သဘောတူညီချက် စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။

**ထိန်းချုပ်ဖို့လို**

အာကာသရေးရာ စူးစမ်းလေ့လာမှုများ ပြုလုပ်ရာတွင် ဥပဒေစည်းမျဉ်းများဖြင့် ထိန်းချုပ်ရန် လိုအပ်ပေလိမ့်မည်။ အကြောင်းမှာ ကမ္ဘာပတ်လမ်းသို့ လွှတ်တင်ထားသည့် ထောင်နှင့်ချီသော ဂြိုဟ်တုများ တစ်ခုနှင့် တစ်ခု လမ်းချော်တိုက်မိနိုင်ခြင်း၊ အာကာသအတွင်း ရေဒီယိုဓာတ်သတ္တိကြွမှု ဖြစ်ပေါ်လာနိုင်ခြင်း၊ အာကာသအတွင်း လွဲမှားသော စမ်းသပ်မှုများကြောင့် မြေကမ္ဘာ၊ အင်္ဂါဂြိုဟ်လနှင့် အခြားနက္ခတ်တာရာများ၏ သဘာဝလှုပ်ရှားမှုများကို ထိခိုက်နိုင်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံး ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်သည်။

လူသားတို့သည် ဒုံးပျံယာဉ်များ တီထွင်ကာ အာကာသအတွင်း ခရီးသွားလာနိုင်ရန် ရည်မှန်းထားကြသည်။ အာကာသအတွင်း ခရီးသွားခြင်းသည်ကား လူတို့၏ အကြီးကျယ်ဆုံး စွန့်စားမှုတစ်ရပ်ဖြစ်လိမ့်မည်။ လူတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်ခန့်ကပင် အာကာသအတွင်း ခရီးနှင်ရန် လေ့လာကြံစည်ခဲ့ကြသည်။


ယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလပတ်လုံး အာကာသတွင် စုစုပေါင်း ရက်ပေါင်း ၅၂၀ နေထိုင်ခဲ့သူ ကယ်လီက အမေရိကန်၏ အာကာသစူးစမ်းလေ့လာရေး သမိုင်းတွင် မှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းမှာ လူသားအားလုံးအတွက် စံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူထိုက်လှပေသည်။

သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့၏ ဝိသေသလက္ခဏာများနှင့် ပြည့်စုံသော နိုင်ငံတကာအာကာသစခန်းယာဉ်သည် ကမ္ဘာမြေပေါ်တွင် ဖြစ်နိုင်စွမ်းမရှိသော နည်းပညာသစ်များနှင့် သုတေသနရေးရာ အောင်မြင်မှုများ၏ ပြယုဂ်ဖြစ်သည်ဟု တွေးတောမိရင်း "အာကာတစ်လွှား ပြိုင်စံရှား အိုဘဲ့လူသား" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



ဓာတ်ပုံ-NASA.com

*Ref:*
*Astronaut Scott Kelly's book is the closest you'll get experiencing space yourself (theverge.com)*



ဓာတ်ပုံ-MEDIA.MNN.COM

# Mr & Mrs Sea World Kachin State 2018 ပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၀**
ပီရူးနိုင်ငံတွင် ကျင်းပမည့် Sea World 2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်များ ပေါ်ထွက်လာရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးစီကို ရန်ကုန်မြို့၌ Grand Final ပွဲကြီးကျင်းပကာ ရွေးချယ်သွားမည်ဖြစ်၍ ကချင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များပေါ်ထွက်လာရေးအတွက် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ရွှေတောင်ဂါးဒင်း၌ မြို့နယ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၂၀ စုစုပေါင်း ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကာ စတင်ရွေးချယ်နေပြီဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ်အတွင်းက ပြိုင်ပွဲဝင်တွေထဲက အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးကိုရွေးချယ်ပြီး ရန်ကုန် Grand Final ပွဲမှာ ပါဝင်ယှဉ်ပြိုင်စေမှာပါ။ ကချင်ပြည်နယ်ကိုယ်စားပြုဖြစ်ဖို့အတွက် ရွေးချယ်တာပါ။ ရန်ကုန်မှာကတော့ နိုင်ငံကိုယ်စားပြုဖြစ်ဖို့ ထပ်ပြိုင်ရပါမယ်။ Sea World 2018 ဖြစ်ခဲ့ရင်တော့ ပီရူးနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ရမှာပါ။ Mr နဲ့ Mrs တို့ရဲ့သဘောသဘာဝအတိုင်း ပရဟိတအလုပ်တွေ လုပ်ခွင့်ရပါမယ်။ ဒီပြိုင်ပွဲကလည်း Sea World ဆိုတဲ့အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်တဲ့ ပရဟိတအလုပ်တွေလုပ်ရမှာပါ။ အခွင့်အရေးကောင်းတစ်ခုဖြစ်လို့ ကြိုးစားစေချင်ပါတယ်"ဟု စီးတီးဒါရိုက်တာ ကိုပြည့်စုံအောင်က ပြောသည်။

Mr & Mrs Sea World ပြိုင်ပွဲသည် ယခင်က ကျင်းပခဲ့ဖူးခြင်းမရှိဘဲ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ယခုပြိုင်ပွဲတွင် ဆုရရှိခဲ့ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပရဟိတအလုပ်များကို ပါဝင်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကာ ရန်ကုန်မြို့၌ ကျင်းပမည့် ပြိုင်ပွဲအတွက်လည်း စခန်းသွင်းသင်ကြားပေးမည်ဟု သိရသည်။

"ပြည်နယ်ကိုယ်စားပြုအတွက် ဆုရတဲ့သူတွေကို ရန်ကုန်မှာ ပြိုင်မယ့်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပြင်ဆင်သင်ကြားပေးမှာပါ။ ရန်ကုန်မှာ ဆုရလို့ နိုင်ငံကိုယ်စားပြုဖြစ်ခဲ့ရင်တော့ ဆုကြေးအပြင် နိုင်ငံတကာပြိုင်ပွဲမှာသွားရောက်ယှဉ်ပြိုင်ရမှာဖြစ်လို့ ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာက အောင်မြင်မှုဆိုတာ ကိုယ့်ရဲ့လက်တစ်ကမ်းမှာပဲရှိပါတယ်။ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိတဲ့အတွက် အစွမ်းကုန်ကြိုးစားပြီးပြိုင်ကြပါလို့ အားပေးစကားပြောချင်ပါတယ်" ဟု ကိုပြည့်စုံအောင်က ပြိုင်ပွဲဝင်များအား အားပေးစကားပြောကြားခဲ့သည်။

Mr & Mrs Sea World 2018 ပြိုင်ပွဲသည် ပထမဆုံးအကြိမ်အဖြစ် ပီရူးနိုင်ငံတွင် ကျင်းပမည်ဖြစ်ကာ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးစီရွေးချယ်မည်ဖြစ်သည်။ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စခန်းသွင်းလေ့ကျင့်ပြင်ဆင်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်၌ နောက်ဆုံးပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကချင်ပြည်နယ်ကိုယ်စားပြုအဖြစ် ရွေးချယ်သော ယခုပြိုင်ပွဲ၌လည်း ဆုရရှိသူများကို ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု သုံးသိန်းနှင့် တတိယဆု နှစ်သိန်းစီအပြင် သရဖူ၊ စလွယ်များကို ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။ **(မင်းမင်းဦး)**



# စီဝမ်ရဲ့ ခွေးကိုက်ခံရပြီး အိမ်နီးချင်းတစ်ဦးသေဆုံး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ချာစီဝမ်ရဲ့မိသားစုမွေးထားတဲ့ ခွေးဟာ အိမ်နီးနားချင်းတစ်ဦးကို ကိုက်မိခဲ့ပြီးနောက် လေးရက်အကြာမှာ ခွေးကိုက်ခံရသူဟာ သေဆုံးသွားခဲ့တာဖြစ်ပါတယ်။ ဒီလို မိမိတို့ခွေးကိုက်ခဲ့ပြီးတဲ့နောက် သေဆုံးသွားခဲ့ရသူအတွက် စိတ်မကောင်းဖြစ်ကာ မိသားစုဝင်တွေကို ချာစီဝမ်မိသားစုက ကိုယ်တိုင်ကိုယ်ကျရော၊ လူမှုကွန်ရက်မီဒီယာတွေပေါ်ကပါ တောင်းပန်စကားဆိုခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၀ ရက်မှာ စီဝမ်ရဲ့အိမ်မှာမွေးထားတဲ့ ပြင်သစ်ခွေးဘီလူးအမျိုးအစားခွေးကိုက်ခဲ့တာကြောင့် သူတို့နဲ့တစ်တိုက်တည်းမှာ နေထိုင်နေတဲ့ အသက် (၅၃) နှစ်အရွယ် မစ္စတာကမ်ဟာ အကိုက်ခံရပြီး လေးရက်အကြာမှာ သေဆုံးသွားခဲ့တာဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

အဲဒီနောက် အောက်တိုဘာ ၂၁ ရက်မှာတော့ စီဝမ်ရဲ့ ညီမဖြစ်သူက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖခင်ဖြစ်သူရေးသားဖော်ပြထားတဲ့ တောင်းပန်စာကို တစ်ဆင့်ပြန်လည်မျှဝေဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ ယင်းစာမှာတော့ ချာစီဝမ်ရဲ့ ဖခင်ဖြစ်သူက "ကျွန်တော်တို့မိသားစုမွေးထားတဲ့ ခွေးအကိုက်ခံရပြီးတဲ့နောက် လူတစ်ယောက်သေဆုံးခဲ့တယ်ဆိုတဲ့သတင်းဟာ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အခန်းတံခါးအနည်းငယ်လေးဟနေတဲ့ အချိန်ခဏလေးအတွင်းမှာပဲ ဒီလိုဖြစ်သွားခဲ့တာပါ"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူက သေဆုံးသူဟာ အဆိပ်ပျံ့နှံ့ခဲ့တာရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကြောင့် သေဆုံးခဲ့ရတာဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။ အဲဒီနောက် သူက သေဆုံးသွားခဲ့ရတဲ့ သူ့ရဲ့မိသားစုဝင်တွေကို ချစ်ခင်ရတဲ့သူတစ်ဦးဆုံးရှုံးခဲ့ရတဲ့အပေါ် ဝမ်းနည်းစကားဆိုခဲ့ပြီး သူ့ရဲ့ခွေးကို ဒီလိုအဖြစ်မျိုး နောက်ထပ်မဖြစ်ပွားစေဖို့ ပိုမိုတင်းကျပ်စွာစောင့်ရှောက်သွားမှာဖြစ်ကြောင်းလည်း ကတိပေးခဲ့တာတွေ့ရပါတယ်။

ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ချာစီဝမ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ တောင်းပန်စကားတွေကိုရေးသားကာ အောက်တိုဘာ ၂၁ ရက်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။***




## Gorgeous နဲ့ ပရိသတ်တွေကို ကိုင်လှုပ်ခဲ့ပြန်တဲ့ တေလာဆွစ်

ပြီးခဲ့တဲ့အောက်တိုဘာ ၂၀ ရက် ညသန်းခေါင်မှာ တေလာဆွစ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Gorgeous"ကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီသီချင်းဟာ လာမယ့်လအတွင်း ထုတ်လွှင့်သွားမယ့် သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေအနက် သုံးပုဒ်မြောက်ထုတ်လွှင့်ခဲ့တဲ့သီချင်းဖြစ်ပြီး ယင်းတေးသီချင်းဟာလည်း အချစ်သီချင်းအမျိုးအစားပဲ ဖြစ်ပါတယ်။ "Gorgeous"ဟာ တေလာဆွစ်ရဲ့ လက်ရှိချစ်သူ မင်းသား ဂျိုးအော်ဝင်န်အကြောင်း ရေးစပ်ထားတာဖြစ်ကြောင်း ဝေဖန်သံတွေပေါ်ထွက်လာခဲ့ပြီး လတ်တလောမှာတော့ ပရိသတ်တွေအကြား ရေပန်းအစားဆုံးတေးသီချင်းဖြစ်နေပါတယ်။

လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Gorgeous"ဟာ ကျော်ကြားပြီး အမျိုးသမီးတွေအကြားရေပန်းစားတဲ့ အမျိုးသားတစ်ယောက်အကြောင်းကို ဖွဲ့သီထားတဲ့ အချစ်တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အချစ်တေးသီချင်းတစ်ပုဒ်အနေနဲ့ ကောင်းမွန်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပေမယ့် တေလာဆွစ်ရဲ့ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ အချစ်တေးသီချင်းတွေနဲ့ ထူးထူးခြားခြားကွဲပြားကောင်းမွန်တာမျိုးတော့ မရှိကြောင်းလည်း ဟောလိဝုဒ်မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြတာတွေ့ရပါတယ်။

တေလာဆွစ်ဟာ လတ်တလောအချိန်အထိတော့ "Reputation"တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေအနက် "Look What You Made Me Do"တေးသီချင်းကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ နောက်ထပ်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Ready For It"ကိုလည်း ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ "Look What You Made Me Do" တေးသီချင်းစတင်ထုတ်လွှင့်ချိန်မှာတော့ တေလာဆွစ်ဟာ စံချိန်သစ်တွေတင်နိုင်သည်အထိ အောင်မြင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့်တေးသီချင်းတွေကို လျှို့ဝှက်နားဆင်တဲ့ ပါတီပွဲတွေကိုလည်း လန်ဒန်မှာ တစ်ကြိမ်၊ အမေရိကန်မှာ တစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုကျင်းပပေးပြီးနောက် တေလာဆွစ်က တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တတိယမြောက်တေးသီချင်း "Gorgeous" ကိုတော့ အောက်တိုဘာ ၂၀ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့်နိုဝင်ဘာ ၁၀ ရက်မှာ စတင်ဖြန့်ချိသွားမှာဖြစ်ပါတယ်။



အေးပြည့် စုစည်းသည်

## အတူပြောင်းရွှေ့နေထိုင်ကြမယ့် ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်

နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်တို့ဟာ လက်တွဲလာခဲ့တာအချိန်အတော်ကြာခဲ့ပြီးနောက်မှာတော့ နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ပိုမိုရင်းနှီးလိုကြတာကြောင့် ပိုမိုနီးကပ်စွာနေထိုင်ဖို့ကြိုးပမ်းလာခဲ့ကြတာဖြစ်ပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ နေအိမ်သစ်ကိုပြောင်းရွှေ့ကာ အတူနေထိုင်သွားကြဖို့စီစဉ်နေကြကြောင်း ဟောလိဝုဒ်မီဒီယာတစ်ခုရဲ့ ဖော်ပြချက်အရ သိရပါတယ်။

လတ်တလောမှာ သူတို့နှစ်ဦးဟာ အတူနေထိုင်နိုင်မယ့်နေအိမ်တစ်လုံးကို ဝယ်ယူနိုင်ဖို့အတွက် လိုက်လံရှာဖွေနေကြပြီး အရင်းအနှီးအတူပြုလုပ်နိုင်မယ့် စီးပွားရေးလုပ်ငန်းတစ်ခုကိုလည်း စုံစမ်းနေကြောင်းသိရပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ယခင်အိမ်ထောင်တွေနဲ့ ရရှိခဲ့ကြတဲ့ ရင်သွေးလေးတွေ ကိုယ်စီရှိနေကြပြီး မိသားစုတွေအတူနေထိုင်ဖို့အတွက် နေအိမ်ကျယ်ကျယ်တစ်လုံး လိုအပ်နေတာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်တွေအရ ဝင်ငွေတွေကိုလည်း နှစ်ဦးသဘောတူ ခွဲဝေစီမံသုံးစွဲနေကြတာဖြစ်ပြီး အနာဂတ်အစီအစဉ်တွေကိုလည်း ခိုင်ခိုင်မာမာချမှတ်ထားကြပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။ ကြယ်ပွင့်စုံတွဲဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရန်ပုံငွေပွဲတစ်ပွဲကိုလည်း အတူလက်တွဲကာ တက်ရောက်ခဲ့ကြပြီး ပေါ်တိုရီကိုရေဘေးနဲ့ ဟာရီကိန်းဒဏ်ခံခဲ့ရတဲ့သူတွေအတွက်လည်း အလှူငွေတွေ ထောက်ပံ့ပေးခဲ့ကြောင်း သိရပါတယ်။

# မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်မည်



**ဘားအံ၊ အောက်တိုဘာ ၂၁**
ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များအား စီးပွားရေးအားကောင်းသော၊ ပညာရေး ကောင်းမွန်သော၊ နေချင်စဖွယ်နှင့်သန့်ရှင်းလုံခြုံသော မြို့များဖြစ်စေရန် ရည်ရွယ်လျက် သုံးရက်တာ ကျင်းပသည့် ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်၊ မြို့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန (ရုံးချုပ်)တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပြင်ပပညာရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်တို့က အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်(ငြိမ်း)(ပြင်ပပညာရှင်)နှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ချင်းပြည်နယ်အတွင်း မြို့ပြစီမံကိန်းများကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် ဟားခါးမြို့၊ ဖလမ်းမြို့နှင့် ပလက်ဝမြို့များကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် ဆမီးမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ခိုင်ကမ်းမြို့၊ ရိခေါဒါရ်မြို့နှင့် ကျီခါးမြို့များကိုလည်းကောင်း၊ တတိယအဆင့်တွင် မတူပီမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ကန်ပက်လက်မြို့၊ တွန်းဇံမြို့နှင့် ထန်တလန်မြို့များကိုလည်းကောင်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းပြီးစီးပြီကြောင်း သိရသည်။

ယင်းတိုက်နယ်ဆေးရုံ ပင်မဆောင်တွင် အမျိုးသား၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်းတို့ပါဝင်ပြီး ဝန်ထမ်းအိမ်ရာသုံးလုံးတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၆၁၉ သန်းဖြင့် Nay (43)Group Construction ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းဖြင့် ကျွန်းလှမြို့နယ်အပြင် ကန့်ဘလူနှင့် ကောလင်းမြို့နယ်တို့မှ အိမ်ထောင်စုပေါင်း ၂၅၉၀၊ လူဦးရေ ၁၃၂၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပုပ္ပားတောင်ကလပ်တွင် မိုးရွာသွန်းမှုများသဖြင့် မြေကျွံနိမ့်ကျမှု အနည်းငယ်ဖြစ်ပွားပြီး ကတ္တရာလမ်းအချို့ပြတ်ရွေ့မှုဖြစ်ပွား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် ပြီးခဲ့သည့်ရက်များအတွင်း မိုးရွာသွန်းမှုများသဖြင့် မြေသားနိမ့်ကျအိဆင်းမှုဖြစ်ပွားခဲ့ပြီး ကတ္တရာလမ်းနေရာအချို့တွင် မြေသားပြတ်ရွေ့မှုများဖြစ်ပွားခဲ့သဖြင့် အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးနှောင်းကာလဖြစ်သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာအတွင်း မိုးရွာသွန်းမှုများပြားခဲ့သဖြင့် ပုပ္ပားတောင်ကလပ်ရှိ အောင်သိဒ္ဓိကုန်းတွင် ကတ္တရာလမ်းမြေသားပြတ်ရွေ့မှု နှစ်နေရာ ဖြစ်ပေါ်ခဲ့ပြီး ရွှေဂူချောင်အနီးတွင် မြေသားကျွံကျမှုအချို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အောင်သိဒ္ဓိကုန်းတွင် စကားဝါချောင် မုခ်ဦးနှင့် တည့်တည့်နေရာတွင် ကတ္တရာလမ်းမြေသားပြတ်ရွေ့မှုအနည်းငယ်ဖြစ်ပွားခဲ့ပြီး ယင်းနေရာ၏ တောင်ဘက် တောင်ကလပ်လမ်းအဆင်းကွေ့အနီး ရေပြွန်တည့်တည့်နေရာတွင် ပြတ်ရွေ့မှုအနည်းငယ်ဖြစ်ပွားခဲ့ကြောင်းသိရကာ ရွှေဂူချောင်တွင် မြေသားပျော့အိကာ နိမ့်ဆင်းမှုကြောင့် တိုင်ထောင်သွပ်မိုး ထမင်းချက်ဆောင်တစ်ဆောင် ယိုင်နဲ့သွားသဖြင့် ဖြိုဖျက်ထားရကြောင်း သိရသည်။ ထို့ပြင် အောင်သိဒ္ဓိကုန်းရှိ တောင်စောင်းကမ်းပါးယံတွင် ဆောက်လုပ်ထားရှိသော အိမ်ထောင်စုသုံးစုတွင် တောင်နံရံမြေသားပဲ့ကျမှုကြောင့် အုတ်တံတိုင်းအချို့ပြိုပျက်မှုရှိခဲ့ပြီး ဝိုင်းမြေအတွင်းမြေသား အက်ကွဲမှုအနည်းငယ်ရှိသဖြင့် ယာယီရွှေ့ပြောင်းနေထိုင်ရန် တာဝန်ရှိသူများက စီစဉ်ထားရှိပေးထားကြောင်းသိရသည်။

"မြေသားနိမ့်သွားတာကတော့ 'ဗ' ပုံစံမျိုးပဲဗျ။ တစ်ပေကျော်လောက်တော့ရှိမယ်ထင်တယ်။ မြေပြိုတာကတော့ မြေသားအိပြီး ပဲ့ကျတဲ့သဘောပါ။ တောင်နံရံမှာ ကပ်ဆောက်ထားတဲ့ အိမ်ဝိုင်းတွေက အုတ်တံတိုင်းတွေတော့မြေပိပြီး ပြိုသွားတာပေါ့။ အဲဒီနားက အိမ်ဝိုင်းထဲမှာတင် မြေသားအက်ကွဲနေတဲ့ အိမ်လေးတွေရှိတယ်။ သူတို့ကိုလည်း လောလောဆယ်တော့ သူတို့ဆွေမျိုးသားချင်းတွေဆီမှာ ယာယီပြောင်းရွှေ့နေကြဖို့ စီစဉ်ပေးထားပါတယ်။ နောက်ထပ် မိုးသိပ်များလာရင်သာ ဒီအက်ကွဲကြောင်းတွေထဲရေဝင်ပြီး ပိုဆိုးလာမှာကြောက်ရတာပါ။ ခုအခြေအနေကတော့ သိပ်မစိုးရိမ်ရပါဘူး" ဟု ပုပ္ပားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

ပုပ္ပားတောင်ကလပ် ဒေသသည် ပြည်တွင်းပြည်ပဘုရားဖူးများ နေ့စဉ်ဝင်-ထွက် သွားလာလျက်ရှိသောနေရာဖြစ်ပြီး ဒေသခံများအတွက်လည်း အရောင်းအဝယ်လုပ်ငန်းများဖြင့် စီးပွားရေးအခွင့်အလမ်းပွင့်လမ်းရာနေရာ ဖြစ်သဖြင့် တစ်နေ့တခြား နေထိုင်လုပ်ကိုင်စားသောက်သူ ပိုမိုများပြားလာပြီး ဘာသာရေးအဆောက်အအုံများ၊ လူနေအဆောက်အအုံများမှာ အများအားဖြင့် ဖို့မြေနေရာများတွင် ဆောက်လုပ်ထားကြခြင်း၊ ကမ်းပါးယံများတွင် ဖြစ်သလိုဆောက်လုပ်ထားခြင်းများကြောင့် ယခုလို မိုးများသည့် ကာလများတွင် အန္တရာယ် ဖြစ်ပေါ်နိုင်ကြောင်းလည်း သိရသည်။



အဆိုပါ မြေသားပြတ်ရွေ့မှုဖြစ်ပွားရာနှင့် မြေသားနိမ့်ကျမှုဖြစ်ပွားရာနေရာများသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင် ဦးသန်း၊ ပုပ္ပားကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးခင်မောင်ညွန့်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေး၍ မြေသားပြတ်ရွေ့မှု ဖြစ်ပေါ်သောနေရာများအား လမ်းဦးစီးဌာနနှင့်ညှိနှိုင်း၍ အမြန်ဆုံး ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်းကြောင့် ပျော်ဘွယ်မြို့နယ်ရှိ သီးနှံစိုက်ခင်းအချို့ရေနစ်မြုပ်ပျက်စီး

**ပျော်ဘွယ် အောက်တိုဘာ ၂၁**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းကြောင့် စပါး၊ ပဲစင်းငုံ၊ ငရုတ်နှင့် ဝါသီးနှံစိုက်ခင်းများ ရေနစ်မြုပ်၍ ပျက်စီးခဲ့ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ်မိုးက နောက်ပိုင်းကျမှ မိုးပိုနေတာ။ အစောပိုင်းတုန်းက မိုးခေါင်လို့နှမ်းတွေ တောင်မအောင်ဘူး။ အခုရွာတဲ့မိုးက နှစ်တိုင်းရွာနေကျမဟုတ်တဲ့မိုးမျိုးပါ။ မိုးမခြိမ်းဘဲ တဖြောင်းဖြောင်းရွာချတာ။ အိမ်အောက်ထပ်တွေ အကုန်လုံးမြုပ်သွားတယ်။ ကျွန်တော့်အသက် (၅၀) ရှိပြီ။ တစ်နှစ်မှ ဒီလိုမကြုံဖူးဘူး။ ဒီနှစ်က လူတွေဆို တော်တော်ကြောက်သွားတာ။ အရင်နှစ်တွေက ဒီအချိန်ရွာတော့ရွာတယ်။ ဒီလောက်ကြီးမများဘူး။ ဒီနှစ်က မိုးရွာတဲ့ပုံစံပြောင်းလာတယ်။ ရာသီဥတုဖောက်ပြန်တာပေါ့ဗျာ"ဟု ပျော်ဘွယ်မြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။

အဆိုပါကျေးရွာတွင် စက်တင်ဘာ ၂၃ ရက်က မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး ၂၇၊ ၂၈ ရက်တို့တွင် ရေအမြင့် လေးပေအထိ မြင့်တက်ခဲ့ကာ အောက်တိုဘာ ၂၀ ရက်အထိ ရေနှစ်ပေခန့်ကျန်ရှိနေသေးပြီး ဇကရာဇ်ကုန်း၊ ဘုမကုန်း၊ ဇောင်ချမ်းကုန်း စုစုပေါင်းကျေးရွာသုံးရွာတွင် စပါးဧက ၃၀၀ နီးပါးနှင့် အခြားသီးနှံများဖြစ်သော ငရုတ်၊ ဝါ၊ ပဲစင်းငုံနှင့် ကြက်သွန်စသည့် စိုက်ခင်းဧက ၁၅၀ ခန့်ပေါ်တွင်လည်း ရေများဖုံးလွှမ်းကြောင်း ၎င်းထံမှ သိရသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံက ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းကတော့ ဆယ်စုနှစ်အလိုက် ပျမ်းမျှအပူချိန်တွေက တဖြည်းဖြည်းပိုပိုပြီး ပူလာတဲ့အနေအထားမျိုး သုတေသနတွေ့ရှိချက်တွေ တွေ့ရတယ်။ တချို့အညာဒေသတွေမှာဆိုရင်လည်း မိုးရွာသွန်းမှု ပုံမှန်မဟုတ်တာမျိုးတွေ တွေ့ရတတ်တယ်။ မိုးရွာရက်ကတအားနည်းတယ်။ နောက်ပြီးရွာလိုက်ပြန်ရင်လည်း တအားသည်းထန်တယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"မိုးသည်းထန်စွာရွာတယ်ဆိုတော့ နောက်ဆက်တွဲရုတ်တရက် ရေကြီးတာတွေလည်း နောက်ပိုင်းမှာဖြစ်ရတယ်။ ဒီလို မိုးလေဝသဖြစ်စဉ်တွေကြောင့်လည်း မိုးခေါင်မှုတွေ လျှပ်တစ်ပြက် ရေကြီးမှုတွေကလည်း ဒီအညာဒေသမှာ ဖြစ်ပေါ်တာမျိုးတွေရှိတယ်။ တစ်နှစ်ပတ်လုံး နှစ်စဉ်ရွာသွန်းတဲ့ မိုးရေချိန်က အပြောင်းအလဲအလွန်များတယ်" ဟု ၎င်းက ဆက်လက် ပြောသည်။

အဆိုပါ မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုများကြောင့် ကျောက်ဆည်မြို့နယ်တွင် ၁၈ နှစ်တာကာလအတွင်း ၂၀၁၇ ခုနှစ် မေ ၁၇ ရက်တွင်လည်း စံချိန်တင်မိုးရေချိန် ၅ ဒသမ ၁၁ လက်မရွာသွန်းခဲ့ကာ ၂၀၁၄ ခုနှစ် မေ ၁၆ ရက်တွင်ရွာသွန်းခဲ့သည့် အများဆုံးမိုးရေချိန် ၃ ဒသမ ၄၂ လက်မကို ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)၏ မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ပြီးခဲ့သည့်မေလ၏ စံချိန်တင်မိုးရွာသွန်းမှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သီးနှံစုံထိခိုက်မှုမှာ ဧက ၉၀၀၀ ကျော်ရှိ၍ ပျက်စီးမှုစာရင်းမှာ ဧက ၁၀၀၀၀ ကျော်ရှိကာ ကျောက်ဆည်ခရိုင်အတွင်း နှမ်းဧကအများဆုံး ထိခိုက်ပျက်စီးခဲ့ကြောင်းလည်း ယင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဇွန် ၁၂ ရက်အထိ ကောက်ယူထားသောစာရင်းများအရ သိရသည်။



မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသောသီးနှံများစိုက်ပျိုးနိုင်ရန် သက်တမ်းရှည်သီးနှံများအစား သက်တမ်းတိုသီးနှံများစိုက်ပျိုးခြင်း၊ ခြောက်သွေ့ရာသီ ကျော်လွှားနိုင်ရန် စိုက်ပျိုးနည်းစနစ်များအသိပညာပေးခြင်းများအပြင် ရာသီဥတုဒဏ်ခံနိုင်ရန်အတွက် ရေငတ်ခံစပါး၊ ရေမြုပ်ခံစပါး၊ ဆားငန်ဒဏ်ခံစပါးများကိုလည်း မြေစာရင်းသုတေသနနှင့် စိုက်ပျိုးရေးဌာနတို့က ပူးပေါင်း၍ နှစ်စဉ် တောင်သာ၊ နွားထိုးကြီး၊ မလှိုင်စသည့် မြို့နယ်များတွင် နမူနာစမ်းသပ်ကွက်များ စိုက်ပျိုးကာ တောင်သူများအား လက်တွေ့ပြသမှုများ လုပ်ဆောင်ပေးနေကြောင်း သိရသည်။

**နဒီလှိုင်း**

## အထူးကျေးဇူးတင်ရှိပါကြောင်း

Kandawgyi Palace
The Golden Teak Hotel on the Royal Lake

အောက်တိုဘာလ (၁၉) ရက်နေ့၊ နံနက် (၃) နာရီ (၁၅) မိနစ်ခန့်တွင် ထူးကုမ္ပဏီများအုပ်စု၏လုပ်ငန်းခွဲတစ်ခုဖြစ်သော ကန်တော်ကြီးပဲလေ့စ်ဟိုတယ် ( Kandawgyi Palace Hotel) မီးလောင်ကျွမ်းခဲ့မှုကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် ထူးကုမ္ပဏီများအုပ်စုအနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။ ယမန်နေ့ မီးလောင်ကျွမ်းမှုဖြစ်စဉ်အား လာရောက်စစ်ဆေးပြီး မီးငြိမ်းသတ်နိုင်ရေးအတွက် အဘက်ဘက်မှ စီမံ ဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လုံခြုံရေးဆောင်ရွက်ပေးခဲ့သော တပ်မတော်သားများနှင့် ပြည်သူ့ ရဲတပ်ဖွဲ့ဝင်များ ၊ မီးငြိမ်းသတ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အကြီးအကဲများနှင့် တပ်ဖွဲ့ဝင်များ၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် တည်းခိုနေသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများအား ဘေးကင်းရာသို့ရွှေ့ပြောင်းရာတွင် အဘက်ဘက်မှကူညီပေးခဲ့ကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအားလုံးကိုလည်း ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးတေဇနှင့်ဝန်ထမ်းများမှ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးတေဇ
ဥက္ကဋ္ဌ
Htoo Group Of Companies



## ရခိုင်ပြည်နယ်အတွက် " ၆၅,၁၆၀ သိန်း " လှူဒါန်းခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အား အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း မှ ရခိုင်ပြည်နယ် အတွက် အောက်ဖော်ပြပါအတိုင်း လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(က) ၂၆.၈.၂၀၁၇ - ရက်နေ့က ကျဆုံး/ဒဏ်ရာရ ဝန်ထမ်းများအတွက် ( ၄၇၀) သိန်း
(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်၊မောင်တောမြို့နယ် - နယ်စပ်ခြံစည်းရိုးကာရန်အတွက် ( ၃၁၆၉၀) သိန်း
(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေးအတွက် ( ၃၀၀၀) သိန်း
(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ပေးအပ်ခြင်း။ ( ၃၀၀၀၀) သိန်း

စုစုပေါင်း ကျပ်သိန်းပေါင်း ခြောက်သောင်း ငါးထောင်တစ်ရာ့ခြောက်ဆယ် (၆၅, ၁၆၀သိန်း)
နိုင်ငံအတွင်း လိုအပ်သည့်နေရာဒေသတိုင်းအတွက် လူမျိုးမရွေး၊ ဘာသာမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် အမြောက်အမြား လှူဒါန်းပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွက်လည်း ယခုကဲ့သို့ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်း ပေးခဲ့သည့်အတွက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း နှင့် အဖွဲ့သားများအားလုံး သက်ရှည်ကျန်းမာပြီး စီးပွားဥစ္စာရတနာများ တိုးပွားလျက် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆတက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)
Rakhine National Social & Welfare Organization

# ကြော်ငြာ

## စတုတ္ထအကြိမ် (၅)ရက် မီးငြိမ်းတရားစခန်းပွဲ

လှိုင်သဲအင်းဂူအဖွဲ့မှ ကျင်းပသော ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌ၏ ဥပနိဿယအတိုင်း ပြည်တွင်းပြည်ပ သာသနာပြုကမ္မဋ္ဌာနာစရိယ အရှင်ပုညသေဋ္ဌ(သဲအင်းဗဟိုဌာနချုပ်)၊ ခန္ဓာဉာဏ်ရောက်ကြောင်း သစ္စာတရားများကို ညွှန်ကြားပြသမည်ဖြစ်ပါ၍ တရားစခန်းသို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၀-၂၀၁၇ ရက်မှ ၃၀-၁၀-၂၀၁၇ ရက်ထိ

နေရာ - အမှတ်(၂)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

**(အင်းယားရွာသစ်ကျောင်းတိုက်)**

**စံရိပ်ငြိမ်မှတ်တိုင်အနီး**

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၂၄၉၄၉၃၃၊ ၀၉-၃၂၃၈၂၃၅၄**

## ပထမအကြိမ် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော် ဖိတ်ကြားလွှာ

လွန်တော်မူပြီးသော အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် တတိယမြတောင် ဆရာတော် ဘဒ္ဒန္တဝိစာရာဘိဝံသ၊ စစ်ကိုင်းမြတောင်ချောင် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မာလောက၊ မန္တလေး မြတောင်ရွှေဝါဝင်း ဆရာတော် အဘိဓဇမဟာဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သာသနာဘိဝံသ ဆရာတော်ကြီးသုံးပါးတို့၏ ဂုဏ်ရည်ကိုအာရုံပြု၍ အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်တော်မူအပ်သော မဏိစလရံသီ၊ မဏိစလဝံသ၊ မဏိစလပါလစေတီတော်မြတ်သုံးဆူအား တပည့်ဒါယကာ၊ ဒါယိကာမများမှ ပေါင်းစု၍ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်း ဗုဒ္ဓပူဇနိယပွဲတော်တွင် ပင့်သံဃာတော်အပါး(၅၀)နှင့် သီလရှင်ဆရာလေး(၃၀)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား လာရောက်ကြည်ညို ကုသိုလ်ယူနိုင်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊
၂၇-၁၀-၂၀၁၇ ရက် (သောကြာနေ့)

ဌာန - စစ်ကိုင်းတောင် မြတောင်ချောင်၊ မဏိစလဆုတောင်းပြည့်စေတီ

အချိန် - နံနက် ၉ နာရီ

**ရွှေပင့်ကူ**

**တောင်ကြီးသီးပုံးပွဲတော်**

Nov - 1

09-423720047, 09-450224339

**မြို့စဉ်အဆ ASIA KING**

• ချောင်းသာ 12000

• ငွေဆောင် 15000

• ကျိုက်ထီးရိုး 10000

09-77 85 85 912, 09-43 11 43 01

**မာန်အောင်သစ္စာ**

Ph- 09778501277 - 09968837630

**AA ယာဉ်မောင်းသင်တန်း**

09-43158300, 09-254051326

09-782793551

**သန်းသန်းမြင့်ဦး**

ခရိုင်မြို့နယ်အရှေ့ပိုင်း၊
မြောက်ပိုင်း၊တောင်ပိုင်း၊
အိမ်ကပ်လေးမြို့နယ်ရှိ
မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။

09-420067001

09-428777677

## အောင်ဗောဓိမြေဖင်းတောရ ဓမ္မရိပ်သာ(သန်လျင်)

## (၂၄)ကြိမ်မြောက် တရားစခန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ပျဉ်ထောင်ကျောင်းကျေးရွာ၊ အောင်ဗောဓိမြေဖင်းတောရ ဓမ္မရိပ်သာကြီး၏ (၂၄)ကြိမ်မြောက်တရားစခန်းကို တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ၁၂-၁၁-၂၀၁၇ မှ ပြာသိုလဆန်း ၇ ရက် ၂၄-၁၂-၂၀၁၇ ရက်ထိ ကန္နီနည်းဥပနိဿယအတိုင်း မောင်းထောင်မြေဖင်းတောရ ဆရာတော်ကြီး၏ တပည့် (ဆရာတော်ဦးကုမာရ)မှ ဦးဆောင်ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။

ဆွမ်းစားစရိတ် ပေးသွင်းရန်မလိုပါ။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၆၂၆၀၆၁၊ ၀၉-၇၇၅၅၁၆၆၅၀၊ ၀၉-၇၉၉၄၃၈၈၁၉**

## ဘီးလင်းတိုက်သစ်ကျောင်း

## (၆၈)ကြိမ်မြောက်ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဓမ္မဒူတနိုက်ဗဟိုဌာန၊ ဒုတိယသင်္ဃနာယက၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဝေဠုဝန်)၊ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ "ဘဒ္ဒန္တဥာဏဘာသ" အား အမှူးထား၍ သံဃာတော်(၉၀)ပါးတို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နိစ္စဓန်ကို ရည်မျှော်၍ "ကထိန်သင်္ကန်းနှင့်ဆွမ်း" စသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုကို (၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ရက်)၊ ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်(၈)နာရီမှ (၁၂)နာရီထိ ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ဘီးလင်းမြို့နယ်သူ/နယ်သားများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့

**ဟန်းဂုရ (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**

အထူးသင်တန်းခကြေး (၁) သိန်းကျပ် (အမြဲတမ်း)EPS

စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ

(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း

www.facebook.com/HANGUK Korean Languages Center

09-784899914,09-784899915

**တွန်ဖိုအခန်းရောင်းမည်**

မင်္ဂလာဈေး တော်ဝင်ပလာဇာအနီး မင်္ဂလာတောင်ညွန့်မြို့နယ်

LA MIN THAR YAR CONDO

1904 (Sqf) MB-1, SB-2, Lift-2

အသင့်ပြင်ဆင်ပြီး

09 5143469, 09 5110202

## ရန်ကုန်မြို့

## ရွှေတိဂုံစေတီတော်(စနေထောင့်)

## ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း

## မဟာဘုံကထိန် ဖိတ်ကြားလွှာ

ရွှေတိဂုံစေတီတော် စနေထောင့်ရှိ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ (၂၀)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို ၂၈-၁၀-၂၀၁၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် (စနေထောင့်ရှိ) ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း တန်ဆောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**၂၈-၁၀-၂၀၁၇ ရက် (စနေနေ့)**

**အမှုဆောင်အဖွဲ့**

## ဂရန်မြေကွက်အမြန်ရောင်းမည်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ပေါ် နီးဘုရားအနီးရှိ မြေကွက်ကျယ်ကျယ် နှစ်ကွက်တွဲ ၀ ဒသမ ၇၇၂ ဧကအား ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်အမြန်ရောင်းမည်။

(မှတ်ချက် ခွဲမရောင်းပါ)

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၆၅၀၂၇၀၂၅၊ ၀၉-၇၈၅၀၂၇၀၂၅**









## မန္တလေးအသင်း(ရန်ကုန်)
## မဟာဘုံကထိန်နှင့်သက်ကြီးပူဇော်ပွဲ
## ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် ဘုံကထိန်လှူသက်န်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ "သစ္စာဂုဏ်ရည်စာသင်တိုက်"မှ ဝါဆိုသံဃာအပါး(၃၅)ပါးတို့အား ဆက်ကပ်လှူဒါန်းပွဲနှင့်(၄၃)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(က) လှူဖွယ်ပစ္စည်းများကို အသင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ပါသည်။
(ခ) အသက်(၇၅)နှစ်မှအထက် အသင်းဝင်ဘိုးဘွားများ ၂၇-၁၀-၂၀၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံး စာရင်းပေးသွင်းကြပါရန်။

**အစီအစဉ်**

(၁) ၂၈-၁၀-၂၀၁၇ ရက် (စနေနေ့) ကထိန်အကြိုနေ့ မွန်းလွဲ(၂)နာရီတွင် မန္တလေးအသင်း(ရန်ကုန်)ခန်းမ၌ သက်ကြီးပူဇော်ပွဲကျင်းပပြုလုပ်ပြီး၊ မန္တလေးကြာဆံဟင်း၊ တာဝတိံသာသီးသီးသုပ်၊ မက်မန်းပေါင်း၊ ငါးပိကြော်တို့ဖြင့် ကထိန်အကြို ဧည့်ခံပါမည်။
(၂) ၂၉-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မန္တလေးအသင်း(ရန်ကုန်)ခန်းမ၌ ကထိန်လှူသက်န်းဆက်ကပ်ပြီး ကထိန်အနုမောဒနာတရားတော်များနာယူ၍ ရေစက်ချလှူဒါန်းပါမည်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား နံနက်စာဖြင့် ဧည့်ခံပါမည်။

**မန္တလေးအသင်းအမှုဆောင်အဖွဲ့**
**အမှတ်(၆၂၈/၆၃၂) ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်**
**ဖုန်း-၃၈၈၆၀၃/၃၇၅၉၄**

## အထက(၅) မင်္ဂလာဒုံ မြတ်ဆရာပူဇော်ပွဲ

အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ (ယခင် အ. လ. က-၁၊ ယခု အ. ထ. က-၅၊ မင်္ဂလာဒုံ) ကျောင်းသား/ကျောင်းသူဟောင်းများမှ (၆၀)နှစ်အထက် အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ၁၉၆၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ယခင် အ. လ. က(၁)၊ ယခုအ. ထ. က-၅ မင်္ဂလာဒုံတွင်(၃)နှစ်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ ကျောင်းသူဟောင်းများမှ အမြန်ဆက်သွယ်အကြောင်းကြားပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါလူပုဂ္ဂိုလ်၊ တယ်လီဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးကျော်မင်း | ၀၉၅၀၀၈၂၇၆ | ဦးဇော်ထက် | ၀၉-၄၃၁၇၆၃၄၄ |
| ဦးစိန်ဝင်း | ၀၉၄၄၃၂၀၇၇၀၈ | ဦးအာကာရဲမင်း | ၀၉၃၁၀၇၈၃၅၅ |
| ဒေါ်ချိုနွယ်ဦး | ၀၉၅၀၂၀၅၂၇ | ဒေါ်အေးအေးသက် | ၀၉-၄၂၁၁၈၃၂၅၅ |
| ဒေါ်ကေသီလှိုင် | ၀၉၅၁၈၇၈၇၅ | ဒေါ်ခင်ချောဦး | ၀၉-၇၆၅၁၄၇၆၈၉ |
| ဒေါ်ခင်ခင်နွဲ့ | ၀၉-၅၀၅၀၃၆၉ | ကိုကိုအောင် | ၀၉-၄၀၃၇၄၀၈၆၉ |
| ဒေါ်စမ်းသီတာ | ၀၉၄၂၀၁၅၀၂၄၈ | ကိုတေဇာမောင် | ၀၉-၇၉၈၂၈၃၉၀၉ |
| ဦးမောင်မောင်မြင့် | ၀၉-၅၀၆၈၀၇၇ | ကိုကျော်ဆန်းဦး | ၀၉-၉၇၂၈၆၆၉၇၉ |
| ဦးသောင်းမြင့်ထွေး | ၀၉၅၀၅၃၇၆၄ | မဖြူဖြူဇော် | ၀၉-၉၉၇၄၀၀၀၃၉၄ |
| | | မနေနွယ်ဝင်း | ၀၉-၇၈၈၆၁၉၄၀ |

မြင့်မိုရ် CAR RENTAL
ALPHARD,HIACE (အမျိုးမျိုး)
09-5191361,09-765191361

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်းရှိ မြေညီထပ်မှ(၆)လွှာအထိ တိုက်ခန်းများကို အမြန်ရောင်းမည်။(B.C.C ပါတာရရှိပြီး)
ဖုန်း- 09-5002931, 095401011




## ကျေးဇူးဆပ်ပါမည်

Excel United International Co.,Ltd.မှ ကုန်ပစ္စည်းတင်သွင်းထားသည့် သွင်းကုန်ကြေညာလွှာ ID အညိုမှုရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်-

| | | | |
|---|---|---|---|
| ၁။ | ID No. | 174594 | (16.9.2016) |
| ၂။ | ID No. | 143054 | (11.7.2016) |
| ၃။ | ID No. | 177902 | (23.9.2016) |
| ၄။ | ID No. | 143064 | (11.7.2016) |
| ၅။ | ID No. | 122996 | (31.5.2016) |
| ၆။ | ID No. | 115247 | (13.5.2016) |
| ၇။ | ID No. | 115249 | (13.5.2016) |
| ၈။ | ID No. | 119930 | (24.5.2016) |
| ၉။ | ID No. | 115260 | (13.5.2016) |
| ၁၀။ | ID No. | 104351 | (24.4.2016) |
| ၁၁။ | ID No. | 183974 | (6.10.2016) |
| ၁၂။ | ID No. | 170208 | (6.9.2016) |
| ၁၃။ | ID No. | MA0009027560 | (14.12.2016) |
| ၁၄။ | ID No. | MA0009028970 | (20.12.2016) |
| ၁၅။ | ID No. | MA0009028950 | (20-12-2016) |
| ၁၆။ | ID No. | 177899 | (23-9-2016) |

**ဆက်သွယ်ရန်ဖုန်းနံပါတ်-Excel United International Co.,Ltd. (09-43130974)**
**ကျေးဇူးဆပ်ပါမည်။**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကြယ်စင်မြင့်မိုရ်/၁၁၉၇၈ တွဲတွန်း/တွဲဆွဲရေယာဉ်၏ မူလပိုင်ရှင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ အမှတ်(၁၂/၇၄)နေ ဦးလှမိုး[၅/မရန(နိုင်)၀၁၅၇၇၈]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်း အထောက်အထားများတင်ပြ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း(အမှတ်-၁၁)နေ ဦးမြင့်သိန်း[၁၄/ကပန(နိုင်)၀၀၄၂၇၂]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးလေးလမ်းမတန်း၊ အခန်း(၉)၊ တိုက်(၁၂)နေ ဒေါ်ရီရီနွယ် [၁၄/ငပတ(နိုင်)၀၅၆၅၅၂]တို့မှ ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ရောင်းမည်
ဖုန်း-၀၉-၉၇၁၅၅၃၀၇၇၈

ရွှေနန်းခံ
အိမ်ငြောင်း / အိမ်ရှေ့ရှပ်ဝင်နိုး
ပြူတွင်း / နယ်ထေး
09 770639155
09 773733163

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၁၂)နေ (ဘ)ဦးစောလွင်(ခ)ဦးစိုးလွင် [၁၂/တတန(နိုင်)၀၀၀၇၈၆]၊ (မိ)ဒေါ်ခင်ပြုံး[၁၂/တတန(စ) ၀၀၀၀၂၀]တို့၏ သားဖြစ်သူ မောင်မင်းခန့်သူသည် မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိသဘောအလျောက် ပြုလုပ်သွားပါသဖြင့် ၎င်းကိစ္စကို အသိအမှတ်မပြုပါကြောင်းနှင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ပါကြောင်း မောင်မင်းခန့်သူနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သီရိလှိုင် LL.B** | **ဒေါ်နွယ်နွယ်နေမျိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၅၀)** |

**ရုံး/အိမ်-အမှတ်(၁၃၂)၊ မဗေဒါ(၁)လမ်း၊ မင်းပိုင်းရပ်ကွက်၊ တွံတေးမြို့။**
**ဖုန်း-၀၉-၇၈၅၀၄၄၁၆၈**

**ROLEX, OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင် ... (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
**SERVICE** ... **ROLEX** ...
ရွှေလဝင်း နာရီပြုပြင်ရေး
အမှတ်(၁၃၁)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ဖုန်း။ ၀၁-၂၄၆၀၂၄

Golden Lane Hair & Beauty School
ချစ်ပုံ
နိုင်ငံတကာ အသိအမှတ်ပြုဆံပင်၊ မိတ်ကပ်၊ လက်သည်း၊ မျက်ခုံးထိုး၊
အလှပြင်သင်တန်းကျောင်း
အထူး Promotion **(50%)** အပြင် လက်ဆောင် **(၃ သိန်း)** ဖိုး ပေးပါမည်။
International Award,
Dip: (Australia, Egypt, China, Singapore, Thiland, Japan, Taiwan, Vietnam)
ရန်ကုန် -
မန္တလေး -
ဖုန်း - 09-401659049, 09-261005031 Page -

မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296


STANDARD
your affordable quality
SG Eco laminate floor
New Designs
8 mm- ၁ ကျင်း
103,000 Ks
→ Showroom :
Hotline: 09 4555 444 30, 09 4555 444 03

# ဖြူးရိပ်သာ(ရန်ကုန်)စုပေါင်းဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဖြူးဆရာတော်စံလွန်တော်မူခဲ့ရာ (၈)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပမည်

ကျေးဇူးတော်ရှင်ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြုသီတင်းသုံးတော်မူခဲ့သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ပုရိမဝါမှ ထတော်မူကြကုန်သော ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပမဟာစည်နာယက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ် အမျိုးရှိသော သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၁၈)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ စံလွန်တော်မူခဲ့ရာ (၈)နှစ်ပြည့်အထိမ်းအမှတ်ပူဇော်ပွဲကို (၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၃-၁၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ယောဂီ သူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စ၊ ဓမ္မပူဇာ အလှူဒါနအစုစုတို့ကို ဖုန်း-၀၁-၅၃၉၀၄၁၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၉-၄၂၈၄၈၅၃၅၀၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မူလလှိုင်ရွှေ-ဟောလှိုင်သောက်
ရွှေမန်းဂြိုလ် အမှတ်တံဆိပ်
ပန်းပေါင်းစုံ ဆေးသွေး
TMR000849(0516)
ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)

THE UNIVERSITY OF MELBOURNE
TRINITY COLLEGE
THE UNIVERSITY OF MELBOURNE
FOUNDATION STUDIES

PREPARING MYANMAR'S BEST FOR THE UNIVERSITY OF MELBOURNE

INFORMATION SEMINAR

**Students and their parents are invited to attend an information seminar with Associate Dean, Mr David Bunyan.**

**Date:** Saturday 28 October 2017
**Time:** 2:00pm - 4:00pm
**Location:** Sule Shangri-La, Yangon
223, Sule Pagoda Road, Yangon

For more information contact:
**AVSS** 127(A), 1st Floor, West Shwe Gon Daing Road, Bahan Township Yangon
**Tel :** +95 9 45000 6944, +95 9 514 7227
**Email :** avssmyr@gmail.com



May Thazin Oo
Trinity College Foundation Studies 2016
Scholarship Winner, Bachelor of Commerce 2017
CRICOS CODE




Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

MAZDA PARTS WARRANTY

---

โรงพยาบาลสุขุมวิท SUKUMVIT HOSPITAL | ဆူကွန်ဗစ်ဆေးရုံကြီး ထိုင်းနိုင်ငံ (ဘန်ကောက်မြို့) Myanmar Representative Office (Yangon) | your health...our concern, your family...our care

## ဆူကွန်ဗစ်ဆေးရုံကြီး၏ မြန်မာပြည်ရုံးခွဲဖွင့်လှစ်ခြင်းအထိမ်းအမှတ် အထူးသတင်းကောင်း

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံတကာအဆင့်မီဆူကွန်ဗစ်ဆေးရုံကြီး၏ မြန်မာပြည်ရုံးခွဲဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အနေဖြင့် အထွေထွေကျန်းမာရေးစစ်ဆေးမှုများအတွက် မူလတန်ဖိုးအားအထူး လျှော့ချထားမှုအပြင် **အထူးအခွင့်အရေးအနေဖြင့် နောက်ထပ်(၁၀%)အား ထပ်မံလျှော့ချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အထူးအခွင့်အရေးရရှိနိုင်မှုအား ယနေ့မှစ၍ (၁၁.၁၀.၂၀၁၇)ရက်နေ့အတွင်း ကြိုတင်ဝယ်ယူနိုင်ပြီး (၁၁.၁၂.၂၀၁၇)နေ့အထိ စစ်ဆေးနိုင်ပါသည်။**

| Package / Gender | Gold Package | Platinum Package |
|---|---|---|
| Male | ~~14,352 Baht~~ | ~~26,900 Baht~~ |
| | 9,900 Baht | 16,500 Baht |
| Special Promotion | 8,910 Baht | 14,850 Baht |
| Female | ~~19,832 Baht~~ | ~~28,500 Baht~~ |
| | 9,900 Baht | 19,500 Baht |
| Special Promotion | 8,910 Baht | 17,550 Baht |

ဆက်သွယ်ရန် - အမှတ်(၇၇/E) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - 09 338 444 00/ 09 338 444 11

---

ဗိတိုရိယဆေးရုံ Victoria Hospital | HVC နှလုံးနှင့်သွေးကြောဌာန

## ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်

**Bulgaria** နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
(အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည့်အပြင်

- နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)
- နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
- နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်ခြင်း

24/7

အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်းအမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရုံးနာတရင်းပေးသွင်းလိုပါက
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

---

## " Single Topic Symposium on Treatment of Chronic Hepatitis C " ခေါင်းစဉ်ဖြင့် Lotte Hotel & Resort (Yangon) တွင် ဟောပြောပွဲ ကျင်းပ

Golden Hawks International Ltd & Hetero Labs Limited, India and Myanmar GI & Liver Society မှ တာဝန်ယူ ကြီးမှူး ကျင်းပသည့် အသည်းရောင်အသားဝါ "စီ" ပိုး ကာလရှည် ကုသမှု ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲအဖြစ် ရန်ကုန်မြို့ရှိ Lotte Hotel & Resort (Yangon) တွင် ၁၅.၁၀.၂၀၁၇ (တနင်္ဂနွေနေ့)တွင် "Single Topic Symposium on Treatment of Chronic Hepatitis C " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာဝင်းမောင်ဝင်းမှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး တပ်မတော် ဆေးရုံ အသည်းရောဂါဌာန မှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ... ရန်ကုန်မြို့၊ ခုတင် ၅၀၀ ဆံ့ အထွေထွေဆေးရုံကြီး အသည်းရောဂါဌာန မှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ... အထွေထွေ ဆေးရုံကြီး အသည်းရောဂါဌာန မှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ... ရန်ကုန်မြို့၊ ခုတင် ၅၀၀ ဆံ့ အထူးကု ဆေးရုံကြီး အသည်းရောဂါဌာနမှ တွဲဖက် ပါမောက္ခ ဒေါက်တာ ... ၊ Yangon GI & Liver Centre မှ ဒေါက်တာ ... တို့မှ အသည်းရောင်အသားဝါ "စီ" ပိုး နှင့် ပတ်သက်သည့် ကာလရှည် ကုသမှု များကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲ အပြီးတွင် ကြွရောက်လာသော ဆရာဝန်များမှ ကာလရှည် ကုထုံးများနှင့် ပတ်သက်၍ ထပ်မံ သိရှိလိုသည်များကို မေးမြန်းကြရာ ဆရာဝန်ကြီးများမှလည်း ပြန်လည် ဖြေကြားခဲ့ပါသည်။ ထို့နောက် Golden Hawks International Ltd & Hetero Labs Limited, India တို့မှ ကြွရောက်လာသော ဆရာဝန်နှင့် ဆရာဝန်ကြီးများအား ညစာဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုဆောင်ကာ ရည်မှန်းချက်ပြည့်မြောက်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေး ခဲ့သော အသည်းရောင်အသားဝါရောဂါ "စီ" ပိုး ကာလရှည် ကုထုံးသစ် ဆေးဝါးများဖြစ်သည့် Sofgen (Sofosbuvir 400mg ), Lisof (Ledipasvir 90mg + Sofosbuvir 400mg) , Virdac (Daclatasvir 60mg) နှင့် Velfa (Velpatasvir 100mg + Sofosbuvir 400mg) ဆေးဝါးများဖြစ်ပြီး Golden Hawks International Ltd အမှတ် (၁၅) ဧကလမ်း ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ မြန်မာနိုင်ငံ တစ်ဝန်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

---

**မြေကွက်များဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09-260664480,
09-260664490

---

## ရောင်းမည်/ငှားမည်

ဘုရင့်နောင်လမ်းမ၊ ဂုတ်ခြံ၊ လှိုင်၊ မြကန်သာ International School (ISM) ကျောင်း သီရိမင်္ဂလာဈေးသစ်အနီး ၊ စီးပွားရေး လုပ်ကိုင်နိုင်သော (၃)ဘက်ဖွင့် မြေကွက် ပေ(၇၀×၅၀) ဂရန်မြေ ညှိနှိုင်းဈေးဖြင့် ရောင်းမည်/ငှားမည်။
Ph:09-5152632/09-972097189

ကြော်ငြာ

ဝေဦးခိုင်မင်း 09-444450446, 09-444450558, 09-250144709

ရွှေလမ်းညွှန် 09-420087371, 09-259302029
37000
57000
38000
Oct 27 Nov 2,10

တာကာလူ Travel...

JTM Journey To Myanmar Travel & Tours
No. 50(A), 13 Ward, Thirimyaing Rd, Hlaing Tsp, Yangon.
09795881467,09963340804,0931293404

DADDY
Nov - 2 ,10 70000/-
Nov - 2 ,10 45000/-
Nov - 2 ,10 45000/-
Ph: 09 448001903, 09-440334848

NEW GENERATION
Ngapali Beach Tour Package
" Memento " Sea View Package 160000/-
" Memento " Garden View Package 130000/-
" Du Wun Kyal " Guest House Package 110000/-
Family Holiday Package (Ngapali Beach)
City Mart
Ph : 09 426887227, 09 426887228

တာကာလူ Travel...
Package
09-2548 55560, 09-2548 55583

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

ပန်းချစ်သူ

ပညာတံခွန်

FAME
Nature-Q10®
Coenzyme Q10 - 30 mg
နှလုံးဆေး



TMR 011902 (0516)
09-965559860, 09-73142216
ISO 9001 : 2015 ISO 14001 : 2015 OHSAS 18001 : 2007 GMP Certified Organic Certified

# သန်လျင်ကသစ်ဝိုင်ဓမ္မရိပ်သာ စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ

၁၃၇၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တအာစာရသိက္ခအား (၂၈၈) ကြိမ်မြောက် သိမ်ထပ်မင်္ဂလာနှင့် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နံနက်၉နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ ရဟန်း၊ ရှင်၊ လူ၊ ယောဂီ၊ ဓမ္မမိတ်ဆွေများကြွရောက် လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကထိန်ဖြစ်မြောက်ရေးအဖွဲ့**

## Vacancy Announcement

Advanced Synergy Co.,Ltd
Email Address – info@synergygn.com
Contact Phone – 01-2301124, 2301125, 2301977

**1.Marketing Manager (Brand Leader)** M/F ( 3 )
Requirements
- M.B.B.S , B.Med.Tech , B.Pharm.Sc , B.B.M
- Minimum 3 years experience in medical and pharmaceutical field.
- Leadership skills, Management skills, Marketing management skills, Analytical skills.

**2.Medical Sales Representative** M/F ( 6 )
Requirements
- B.Pharm.Sc , B.Med.Tech , B.Com , B.B.M , B.Sc (I.C)
- Minimum 2 years experience in medical and pharmaceutical field.
- Deliver presentation to doctors,pharmacist and hospital medical teams.

**3. Office Executive** M/F ( 1 )
Requirements
- B.A (English)
- Commercial and business awareness
- Excellent communication skills
- Computer and I.T knowledge

Interested Candidates may send their C.V to above e-mail address.

## Job Vacancy Announcement

A foreign real estate investor is looking for a diligent and qualified Myanmar Engineer for a development project in Myanmar.

Vacant Post: Assistant Engineer (Development Program)

Education: Master of Engineering (M.E(Any subject)), Master of Business Administration(MBA)

Experience: At least two years at an engineering firm in Myanmar

Age:Less than 30 years old

Language proficiency: Writing and Speaking Skills (in English and Burmese)

IT Knowledge and Skills: Microsoft word, Excel,Power Point and Microsoft Project or Schedule software

Interested candidate is cordially invited to submit his/her application with CV in English, recent photos, educational certificates, copy of working reference and NRC to Following e-mail not later than 5:00pm of 30 October 2017. The venue, date and time for interviews will be informed to the candidates on and after 31 October 2017.

E-mail:Yppp@gmail.com



# GFA အသင်း နှစ်ကျော့စလုံးအနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ပထမနေ့အဖြစ် ချင်းယူနိုက်တက်နှင့် GFA အသင်းတို့ ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ GFA အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**GFA - နှစ်ဂိုး**
**ချင်းယူနိုက်တက် - ဂိုးမရှိ**

ချင်းဒါဘီပွဲတွင် တိုက်စစ်မှူး အီမန်နျူရယ်၏ဂိုးများဖြင့် GFA အသင်းအနိုင်ရခဲ့ပြီး ချင်းယူနိုက်တက်ကို နှစ်ကျော့စလုံးအနိုင်ရခဲ့သည်။ GFA အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် တန်းဆင်းဇုန်မှ လွတ်သွားခဲ့သည်။

အရေးပါသည့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး ချင်းဒါဘီပွဲဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၆ သို့ ○**

# နှစ်ဝိုတူပျော်ပျော်... မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်

မဒေါက် အောက်တိုဘာ ၂၁

**ယခုနှစ် (၄၅)ကြိမ်မြောက် မဒေါက်တန်ဆောင်တိုင်မီးမျှောပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၂ ရက်)မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၄ ရက်)ထိ ကုန်းပွဲ၊ ရေပွဲများဖြင့် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကို
စစ်တောင်းမြစ်အတွင်း၌ ယမန်နှစ်က ကျင်းပစဉ်။ (ဓာတ်ပုံ-ရာမည)



Indoor Skydiving Wind Tunnel ကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Indoor Skydiving ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ၏ လေထီးခုန်အားကစားနည်းကို အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်သည့် ပထမဦးဆုံးသော Indoor Skydiving ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၉)မိုင် တော်ဝင်လမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံအပျော်တမ်း လေထီးခုန်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသူများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံ အပျော်တမ်းလေထီးခုန်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေတို့က Indoor Skydiving အဆောက်အအုံကို

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ▼**







မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

အောက်တိုဘာ ၂၂၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# မေတ္တာတက်တူး အတ္တဆူး

■ ဆွေး(မြိတ်)



အဝေးသင်စာမေးပွဲဖြေဆိုရန် နီးကပ်နေပြီဖြစ်သောကြောင့် ကျွန်တော်သည် တာဝန်ကျရာ ရွာမှ အိမ်သို့ပြန်ရန် ပြင်ဆင်နေ၏။ ထိုအခိုက်တွင် တပည့်ကလေးများသည် ငှက်ပျောသီး၊ သခွားသီး၊ ဇရုတ်သီးအစရှိသော ၎င်းတို့၏ ခြံထွက်သီးနှံများကို လက်ဆောင်အဖြစ်လာပေးကြလေ၏။ မောင်ချမ်းသော်၏ အမေ ဒေါ်ငွေမြိုင်ဆိုလျှင် ဆရာ့အမေမီးမွှေးရအောင်ဟုဆိုကာ ရော်ဘာပြားကလေးများကိုပါ လက်ဆောင်လာပေးသေး၏။ သူတို့ဆီမှ လက်ဆောင်ရသဖြင့် ကျွန်တော်မပျော်။ ဒေါသတချောင်းချောင်း ထွက်မိလေသည်။

ကျွန်တော်သည် မြိတ်ဇာတိဖြစ်၏။ မူလတန်းပြကျောင်းဆရာအဖြစ် နိုင်ငံတော်က တာဝန်ပေးအပ်သည့်အခါ၌မူ ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ရွာကလေးတွင် တာဝန်ကျလေသည်။ ထိုရွာကလေးသည် ထားဝယ်မြို့မှ ရှစ်မိုင်ခန့်ကွာဝေး၏။ ကျွန်တော်မြိတ်သို့ပြန်သည့်အခါများတွင် ရွာမှထားဝယ်မြို့သို့ လိုင်းကားဖြင့် အရင်သွားရသည်။ ထိုမှ တစ်ဖန် မြိတ်မြို့သို့ အဝေးပြေးကားဖြင့် ဆက်သွားရပြန်၏။ ကားအနံ့ရသည်နှင့်ပင် မူးဝေတတ်သော ကျွန်တော့်အတွက်မူ ထိုကဲ့သို့ ကားစီးရသည်မှာ ငရဲကျနေသည်နှင့်တူပေ၏။ ထို့ကြောင့်ပင် တပည့်ကလေးများ လာပေးသော လက်ဆောင်ပစ္စည်းများကို ကျွန်တော်လက်မခံချင်ပါ။ ထိုသခွားသီးတောင်း၊ ဇရုတ်သီးတောင်း၊ ငှက်ပျောသီးခိုင်များသည် ကျွန်တော့်အတွက် လွန်စွာအနှောင့်အယှက်ဖြစ်လေ၏။

သို့ဖြစ်၍ တပည့်များ၏ လက်ဆောင်များကို လက်မခံဘဲနှင့် အဆင်ပြေသလိုပြောဆိုကာ ပြန်ပေးလိုက်၏။ ထိုအခါများတွင် တပည့်ကလေးများ၏မျက်နှာများသည် နေလောင်သောပန်းနှယ် နွမ်းလျကုန်၏။ သို့သော်လည်း ဆရာ့စကားကို အထွန့်မတက်ကြဘဲ လက်ဆောင်တောင်းကို ပခုံးနှင့်ထမ်းသူကထမ်း၊ နှစ်ယောက်မျှဆွဲသူကဆွဲ၊ ခေါင်းပေါ်ရွက်သူကရွက်၍ မျက်ရည်စွက်ကာ ပြန်သွားကြလေ၏။ ကိုယ့်ဝမ်းနာကိုယ်သာသိသည်မို့ စိတ်မကောင်းဘဲနှင့်ပင် ကျွန်တော်လည်း မျက်လုံးမှိတ်ကာ မသိချင်ဟန်ဆောင်၍ နေရသည်။ တပည့်ကလေးများ ပြန်သွားကြသည့်အခါ သိမ်းဆည်းစရာရှိသည်များကို ဆက်လက်သိမ်းဆည်းနေလိုက်သည်။

ရွာမှထွက်လာသောကားသည် ထားဝယ်မြို့သို့ မနက် ၇ နာရီခွဲတွင် ရောက်လေသည်။ မြိတ်မြို့သို့သွားမည့် အဝေးပြေးကားကိုရှာ၍ လက်မှတ်ဖြတ်သည့်အခါ မနက် ၈ နာရီထွက်မည့်ကားကို မမီတော့ပေ။ ထို့ကြောင့် ၁၀ နာရီထွက်မည့်ကားမှ လက်မှတ်ဝယ်ရသည်။ ကြား၌အားလပ်နေသည့် အချိန်များတွင် ကျွန်တော်သည် ဆံပင်ညှပ်ဆိုင်သို့သွားပြီးလျှင် ယခင်ညှပ်နေကျ နံဘေးခွဲပုံစံမှခေတ်ပေါ် ဆံပင်ပုံစံတစ်ခုကို ပြောင်း၍ညှပ်လိုက်သည်။ ထို့နောက်တွင် အထည်ဆိုင်တစ်ဆိုင်သို့သွားကာ ပေါင်နေရာ၊ ဒူးနေရာများတွင် ခြစ်ကြောင်းများထွင်ထားသည့် ဂျင်းဘောင်းဘီအကျပ်တစ်ထည်နှင့် ကိုယ်စေ့အင်္ကျီတစ်ထည်ကို ဝယ်ပြီးလျှင် ဆိုင်အတွင်းရှိ အဝတ်လဲခန်းတွင် မူလလည်ကတုံးအင်္ကျီနှင့် ပုဆိုးကိုချွတ်၍ လဲဝတ်လိုက်၏။

ပြီးလျှင် ယောကျ်ားလေးအသုံးအဆောင်များရောင်းသည့်ဆိုင်တစ်ဆိုင်သို့ ဆက်သွားကာ ဦးထုပ်တစ်လုံး၊ နေကာမျက်မှန်တစ်ခုနှင့် ကပ်နားကပ်တစ်ဖက်ကိုဝယ်ကာ ကိုယ်တွင် ထပ်မံဆင်မြန်းလိုက်၏။ ဆိုင်အတွင်းတွင်ထားရှိသော ကိုယ်လုံးပေါ်မှန်၌ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်မိသည့်အခါ မသိမသာလေးပြုံးမိ၏။ ခေတ်ပေါ်ဆံပင်ဒီဇိုင်း နေကာမျက်မှန်၊ ကပ်နားကပ်နှင့် ကိုယ်ကျပ်အင်္ကျီ၊ ဂျင်းဘောင်းဘီ ဝတ်ထားသည့်ကျွန်တော့်ကို မည်သူတစ်ဦးတစ်ယောက်မှ ကျောင်းဆရာဟုထင်မည်မဟုတ်။ ထို့အတွက်ပျော်ရွှင်မိ၍ ကျွန်တော်ပြုံးနေမိခြင်းဖြစ်သည်။ ဆိုင်ထဲမှအထွက်လက်တွင်ပတ်ထားသော နာရီကိုကြည့်မိသည့်အခါ ကိုးနာရီပင်ခွဲပေတော့မည်။ ထို့ကြောင့် ဆိုင်ကယ်တက္ကစီတစ်စီးငှားကာ အဝေးပြေးဂိတ်သို့ အမြန်မောင်းစေလိုက်၏။ ကားဂိတ်သို့ရောက်သည်နှင့် ကားမူးသည့်ဒဏ်ကို ကာကွယ်ရန်အတွက် အသင့်ဆောင်ထားသော ဆေးများကိုလည်း ကြိုသောက်ထားလိုက်သည်။ များမကြာမီ၌ အဝေးပြေးကားကြီးသည် ထားဝယ်မြို့မှ မြိတ်မြို့သို့ စတင်ထွက်ခွာလေတော့သည်။ ကားအတွင်း၌ ဖွင့်ပေးထားသော သီချင်းများအကြား လိုက်ပါခံစားရင်း ကျွန်တော့်မျက်ခွံများက တဖြည်းဖြည်းလေးလံလာ၏။ သောက်ထားသောဆေး၏အစွမ်းကြောင့်ဟု ထင်သည်။

နားထဲသို့ဆူညံသံအချို့ တိုးဝင်လာ၏။ ငိုသံများပါသလို ချော့မြှူပြောဆိုနေသံများလည်းပါသည်။ ထိုအသံများကို တစ်ခဏတည်း ထွက်ပေါ်လာပြီး ပြန်ပျောက်သွားသည်မဟုတ်။ အချိန်အတော်ကြာသည်အထိ တရစပ်ထွက်ပေါ်လာနေသည်။ ထို့ကြောင့် ကျွန်တော်သည် မှိတ်ထားသော မျက်လုံးအစုံကို အားယူဖွင့်ထုတ်၍ကြည့်လိုက်၏။ ကျွန်တော်တို့ကားသည် မူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၏ ရှေ့တည့်တည့်တွင် ရပ်ထားလေသည်။ လူအချို့သည် ခြင်းတောင်းအချို့ကို သယ်မ၍ ကားအောက်ဘက်ရှိပစ္စည်းများထားသည့်နေရာသို့ သွင်းနေလေ၏။ ကားနံဘေးတွင်ကား ကလေးတစ်သိုက်နှင့် ပါတိတ်ဝမ်းဆက်ဝတ်ထားသည့် အမျိုးသမီးတစ်ဦး ရပ်နေသေးသည်။ ယခင်ကကြားနေရသော ငိုသံများသည် ကလေးများဆီမှ ထွက်ပေါ်ခြင်းဖြစ်ပြီး ချော့မြှူသံများသည် ထိုအမျိုးသမီးဆီမှထွက်ပေါ်လာနေခြင်းဖြစ်၏။ ပစ္စည်းများကို ကားထဲသို့သွင်းပြီးသည့်အခါ၌ ဒရိုင်ဘာက "ဆရာမလေးတက်တော့ဗျ။ ကျွန်တော်တို့ သွားတော့မယ်"ဟုဆိုသည့်အခါ အမျိုးသမီးသည် ကလေးများကို နှုတ်ဆက်ရင်းဆွဲခြင်းတစ်လုံးဆွဲကာ ကားပေါ်တက်လာလေသည်။ ကားစပယ်ယာသည် ခုံနံပါတ်တစ်တွင်ထိုင်နေသော ခရီးသည်ဦးလေးကြီး၏ နားအနီးသို့ကပ်၍ တစ်စုံတစ်ခုပြောလိုက်သည့်အခါ ဦးလေးကြီးသည် "ရတာပေါ့"ဟုဆိုကာ လက်ကာပြ၍အနောက်ဘက်တွင်ရှိသော ခုံအလွတ်ဆီသို့ နေရာပြောင်းထိုင်ပေးလိုက်သည်။

ကားဘီးစတင်ရွေ့လိုက်သည်နှင့်ကလေးများသည် ဆရာမလေးအား သံပြိုင်အော်ဟစ်နှုတ်ဆက်ကြပြန်၏။ သူတို့၏အသံဝဲဝဲလေးများကြောင့် ရွာသည်ကရင်ရွာကလေးဖြစ်မည်ဟု ကျွန်တော်ခန့်မှန်းလိုက်၏။ ကျောင်းရှေ့မှ ကားထွက်ပြီး မကြာမီအချိန်၌ ဆရာမလေးသည် ကားစပယ်ယာကိုခေါ်၍ ခြင်းထဲတွင်ပါလာသော မာလကာသီးများကို ခရီးသည်များအား ဝေပေးစေ၏။ ခရီးသည်အချို့က ဆရာမလေး၏တပည့်များသည် ဆရာမအတွက်ပေးလိုက်ခြင်းသာဖြစ်၍ ဆရာမလေးသာ စားပါဟုဆိုသည့်အခါ သူကိုယ်တိုင်ထ၍ အတင်းလိုက်ဝေပေး၏။ ကျွန်တော့်တွင်လည်း အများနည်းတူပင် မာလကာသီးတစ်လုံးရ၏။

"ကျွန်မတပည့်လေးတွေက ကျွန်မစားဖို့အတွက်ပေးတယ်ဆိုပေမယ့် ကျွန်မတစ်ယောက်တည်းစားရင် တစ်ယောက်စာအတွက်ပဲ သူတို့လေးတွေကုသိုလ်ရမှာပေါ့ရှင်။ အခုလိုလူအများကို ကျွေးလိုက်တော့ ကျွန်မကလေးတွေလည်းကုသိုလ်ရ၊ ကျွန်မလည်းကုသိုလ်ရတာပေါ့။ သူတို့စေတနာနဲ့ ထပ်တူထပ်မျှကုသိုလ်ရတော့ ကျွန်မလည်းပျော်ရတာပေါ့"။

ဝေပေး၍အပြီး ထိုင်ခုံပေါ်တွင် ထိုင်ချချိန်၌ သူဆိုလိုက်သောစကားများကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် လိပ်ပြာမလုံဘဲဖြစ်သွားလေသည်။ ထို့ကြောင့် မာလကာသီးကို စားမည်ပြုပြီးမှ မစားတော့ဘဲ လက်ထဲ၌ပင်ဆက်၍ ဆုပ်ကိုင်ထားလိုက်သည်။

"ဆရာမလေးက မြိတ်အထိစီးမှာလားဗျ"

"ဟုတ်တယ်ဦးလေးရေ။ မြိတ်အထိသွားမှာ။ မနက်ကျမှ လှေစီးပြီး ရေကန်အော်ကိုပြန်မယ်။ ကလေးတွေပေးလိုက်တဲ့ လက်ဆောင်တွေကို အိမ်မှာပြန်သွားပေးရမှာလေ။ နောက်တစ်ရက်ကျ မြိတ်ပြန်လာရမှာ။ အဝေးသင်စာမေးပွဲဖြေရမယ် ဦးလေးရေ။ ခုတောင် လစာမဲ့ခွင့်ယူပြီးလာတာ"။

ဒရိုင်ဘာကိုပြောပြနေသည့် ဆရာမလေးကိုကြည့်ရင်း ကျွန်တော်ပြုံးလိုက်မိသည်။ ရေကန်အော်ဟူသော ရွာကလေးသည် ကျွန်းစုမြို့နယ်အတွင်း၌ တည်ရှိ၏။ မြိတ်မြို့မှတစ်ဆင့် လေးနာရီခန့်စက်လှေစီး၍ သွားလျှင်ရောက်၏။ ထိုရွာအထိ ရောက်အောင် ထိုပစ္စည်းများကို သယ်သွားမည်ဟုဆိုသဖြင့် လက်ဆောင်ပစ္စည်းကို မက်မောတတ်သည့် မိန်းမတို့၏သဘာဝကို တွေးမိရင်းကျွန်တော် ပြုံးလိုက်ခြင်းဖြစ်သည်။

"ဟာ. . . ဆရာမလေး အဝေးကြီးပြန်ရမှာပဲ။ တစ်ယောက်တည်းနိုင်မှာမဟုတ်ဘူး။ ဒီလိုလုပ်ပါလား။ ကန်ဖျားဈေးကို ဆရာမသိတယ်မလား။ အဲဒီဈေးမှာ ကျွန်တော့်အသိတွေရှိတယ်။ သူတို့ဆီ ဆရာမ မှာပါလာတဲ့ သခွားသီး၊ ပဲသီး၊ ဇရုတ်သီးတွေ ကျွန်တော်ရောင်းပေးရမလားဗျ။ ခရီးစရိတ်လေးဘာလေးရတာပေါ့။ မဟုတ်ရင် ဆရာမလေး ဒီပစ္စည်းတွေနဲ့. . . "

"အမယ်လေး---အဲလိုတော့ မလုပ်ပါရစေနဲ့ရှင်။ ကလေးတွေရဲ့စေတနာကို ကျွန်မ မရောင်းစားရက်ပါဘူး။ ပြီးတော့ ဒီဟာတွေက ကျွန်မကလေးတွေနဲ့ သူ့မိဘတွေက ချွေးနဲ့ရင်းပြီး စိုက်ထားရတာတွေလေ။ ကျွန်မကို ပေးတယ်ဆိုတာကလည်း စေတနာမှတကယ့်စေတနာအသန့်ပါရှင်။ ကျွန်မပြန်တော့မယ်ဆိုမှ အမြန်ခူးပေး၊ လုပ်ပေးလိုက်ကြတာ။ စောပဂေးဆိုးဆိုရင် ဖန်ပုလင်းအကွဲနဲ့တောင် ရှသွားသေးတာ။ ကျွန်မဘယ်ရောင်းရက်မလဲရှင်"။

ဒရိုင်ဘာကြီး၏ စကားကိုပင် ဆုံးအောင်နားမထောင်နိုင်တော့ဘဲ ကြားမှအတင်းရှင်းပြနေသည့် ဆရာမလေး၏ အသံသည် တဖြည်းဖြည်းတုန်ခါလာနေသည်။

"အင်းပါ ဆရာမရယ်။ ကျွန်တော်ကလည်း ဒီခြင်းတွေနဲ့ဆရာမ သွားရလာရ သယ်ရပြုရတာတွေ ပင်ပန်းနေမှာစိုးလို့ပါဗျ"။

"ဟုတ်ကဲ့ပါ ဦးလေးရယ်။ ကျွန်မလည်း ဦးလေးစေတနာကို နားလည်ပါတယ်။ ကလေးတွေရဲ့စေတနာဆိုတာ အသိအမှတ်ပြုရတယ်တဲ့။ ပြီးတော့ အလွဲသုံးစားမလုပ်ရဘူးတဲ့။ ကျွန်မတို့ ကျောင်းအုပ်ဆရာမကြီးက ပြောပြထားတာ။ ဒါကြောင့် ဒီခြင်းတွေနဲ့ဆိုပင်ပန်းမယ်ဆိုတာသိလျက်နဲ့ ကျွန်မငြင်းဘဲယူလာခဲ့တာ။ ကိုယ်ပင်ပန်းမှာ တစ်ခုတည်းကိုကြည့်ပြီး ငြင်းလိုက်ရင် သူတို့ထိုးပေးတဲ့ မေတ္တာတက်တူးကို ကျွန်မကအတ္တဆူးနဲ့ ဖျက်သလိုဖြစ်သွားမှာပေါ့။ ကျွန်မပင်ပန်းမှာက အနည်းဆုံးတစ်ရက်ပဲ။ သူတို့လေးတွေက နှလုံးသားမှာထာဝရနာကျင်သွားမှာ"။

ဆရာမလေး၏ နှုတ်ထွက်စကားလုံးအချို့သည် မည်မျှအထိ စွမ်းပကားကြီးမားနေသည်မသိ။ တစ်စုံတစ်ယောက်ကကျွန်တော့်ကိုယ်အနှံ့ကိုအပ်တစ်ချောင်းနှင့်ထိုးသည့်နှယ် တစ်ကိုယ်လုံး စူးရှရှဖြစ်လာလေသည်။ အကြောင်းပြချက်ကင်းမဲ့စွာပင် လက်ထဲ၌ဆုပ်ထားသည့်မာလကာသီးကို ကျွန်တော်စူးစိုက်၍ကြည့်နေမိ၏။ ပြောင်လက်နေသော မာလကာသီးပေါ်၌ လက်ဆောင်တောင်းများကို ထမ်း၍မသာမယာပြန်သွားကြသော တပည့်ကလေးများ၏ပုံရိပ်ကို ဖော်ကြည့်နေမိ၏။ သို့သော် ပုံရိပ်တို့က ဝါးဝါးသာထင်လေ၏။ ရင်ထဲမှလှိုက်တက်လာသော ခံစားချက်တို့သည် ကျွန်တော်၏ မျက်ဝန်းအိမ်နှစ်ခုတွင် အသင့်နေရာယူထားသောကြောင့်ဖြစ်သည်။

ဟိုသို့သည်သို့ အတွေးများသွား၍ဖြစ်မည်။ ကျွန်တော့်ခေါင်းထဲ မူးနောက်နောက်ဖြစ်လာ၏။ ထို့ကြောင့် အော့အန်လာပါက အသင့်ဖြစ်နေစေရန်အတွက် ကားစပယ်ယာဆီတွင် ပလတ်စတစ်အိတ်တစ်လုံးလှမ်းတောင်းလိုက်သည်။

"ဒီမာလကာရွက်လေးပါ ယူသွားပေးလိုက်ပါရှင်။ ကားမူးတဲ့အခါ အရွက်ကိုခြေပြီး ရှူရင်သက်သာတယ်လေ။ ဒါကြောင့် ကျွန်မကလေးတွေ ခူးထည့်ပေးလိုက်တာ"

စပယ်ယာသည် ကျွန်တော်တောင်းလိုက်သည့်အိတ်နှင့်အတူ မာလကာရွက်အချို့ကို ကျွန်တော့်ဆီယူလာပေးလေ၏။ ထို့ကြောင့် အရွက်များကို ခြေဖျက်၍အားပါးတရှူရှိုက်လိုက်သည့်အခါ အော့အန်ချင်စိတ်သည် အတန်ငယ်သက်သာသွားလေသည်။ ကလေးများ၏ မေတ္တာအစွမ်းကြောင့်ဖြစ်မည်ဟု ကျွန်တော့်ရင်ထဲမှ ကောက်ချက်ချလိုက်မိသည်။ တစ်ပြိုင်နက်တည်းလိုလို၌ပင်"၊ "ကျွန်မပင်ပန်းမှာက အများဆုံးတစ်ရက်ပဲ။ သူတို့လေးတွေက နှလုံးသားမှာ ထာဝရနာကျင်သွားမှာ" ဟူသောဆရာမလေး၏ စကားသံအချို့သည် ကျွန်တော့်နားထဲသို့ တပျော်တပါးကြီးစီးဝင်လာတော့သည်။ စကားလုံးများက လှသလို အဆီအနက်လည်း အင်မတန်များသော ထိုစကားလုံးများသည် "ဒီအရွက်များကို နမ်းရှူဖို့မတန်ဘူး"ဟူ၍ ကျွန်တော့်ကို လှောင်ရယ်နေဟန်ရှိ၏။ အမှန်စင်စစ်၌လည်း ကျွန်တော်သည်. . .။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# ဝါသနာကောင်းနှင့် ဘဝကို အလှဆင်တတ်ပါစေ

■ မင်းကို(မြောက်ဦး)

"လူတစ်ကိုယ် အကြိုက်တစ်မျိုး"ဟု ဆိုကြသည်။ ဟုတ်လေသည်။ လူတိုင်းတွင် စရိုက်ကိုယ်စီ၊ အကြိုက်ကိုယ်စီ ရှိကြသည်။ တချို့က အချိုကြိုက်သည်။ တချို့က ခါးခါးလေးမှ။ တချို့က မငန်လျှင် လေးလေးပင်ပင်မရှိဟု ဆိုသည်။ တစ်မိတစ်ဖတည်းမှ ရင်ချင်းဆက် အမွှာမွေးလာသူများပင် အကြိုက်ကွာခြားကြသေးလျှင် ရေမြေဒေသ နောက်ခံနှင့် လူမျိုးချင်းမတူ၍ အကြိုက်ချင်း ကွာခြားသည်ကို ဆန်းသည်ဟု မဆိုသာ။ သို့သော်လည်း မိမိ၏စရိုက်၊ မိမိ၏အကြိုက်၊ မိမိ၏ဝါသနာကို လိုက်၍ လုပ်ဆောင်ချက်တို့ကြောင့် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက် သော်လည်းကောင်း၊ လူအများစုသော်လည်းကောင်း ထိခိုက်နစ်နာသွားနိုင်မည်ဆိုလျှင် မိမိကိုယ်ကိုယ် ပြန်လည်ဆင်ခြင်သုံးသပ်ဖို့ လိုအပ်လာပြီ ဖြစ်သည်။

လူသည် မိမိအတ္တပေါ်တွင်သာ လုပ်ဆောင်ရှင်သန်တတ်ကြမြဲ ဖြစ်သည်။ မိမိဘဝကို ဖန်တီးပုံဖော်ရာတွင်လည်း မိမိ၏အတ္တများသည် ဘဝစာမျက်နှာများ၌ အရိပ်ပမာ ထင်ဟပ်နေကြသည်။ သို့သော် အတ္တကိုချည်း အခြေတည်ကာ ဘဝကိုပုံဖော်ရပ်တည်နေသူကို မည်သူမျှ အမှန်လေးစားနိုင်မည် မဟုတ်ချေ။ အောင်မြင်ခဲ့လျှင်လည်း သူ၏ အောင်မြင်မှုသည် ရေရှည်တွင် နာမည်ဆိုးနှင့် ဇာတ်သိမ်းရမည်မှာ မြေကြီးလက်ခတ် မလွဲပေ။ ထို့ကြောင့် တစ်ခဏတာ လူ့ဘဝ၌ တန်ဖိုးရှိသောလူအဖြစ် ရပ်တည်နိုင်ဖို့ တန်ဖိုးရှိသော ဝါသနာ၊ အလုပ်ကို ရွေးချယ်တတ်ဖို့ လိုသည်။

လူတိုင်းတွင် ဝါသနာတစ်မျိုးမက ရှိနေတတ်ကြသည်။ တချို့က မိမိ၏ဝါသနာကို သတိမမူကြ။ အရေးမထားကြပေ။ လက်တွေ့ကျသော ဘဝအတွက် စိတ်ပင်ပန်းကြီးစွာ လှုပ်ရှားရုန်းကန်ရင်း မိမိ၏ မသိစိတ်၌ ကိန်းအောင်းနေသော တခြားလူများထက် သာလွန်နိုင်သည့် ဝါသနာအရည်အချင်းများကို မေ့ထားတတ်ကြသည်။ နှာမြောစရာကောင်းသည်။

လူသည် စားဝတ်နေရေး တစ်ခုတည်းအတွက်သာလျှင် လှုပ်ရှားရုန်းကန်နေရလျှင် တိရစ္ဆာန်နှင့် ဘာမှကွာခြားတော့မည် မဟုတ်။ အချိန်တန်လျှင် မြေကြီးထဲမဖြစ်မနေ ရောက်ကြရမည့်အတူတူ ရောက်လာသည့် ဘဝ တစ်ခဏ၌ မိမိနှင့်မိမိပတ်ဝန်းကျင်အတွက် တန်ဖိုးရှိ၍ လေးစားလောက်သော လူအဖြစ် ရပ်တည်နိုင်ရန် လုပ်ဆောင်ခဲ့သင့်သည်။ သို့မှသာ လူဖြစ်ကျိုးနပ်ပေလိမ့်မည်။

ဝါသနာနှင့် အသက်မွေးရလျှင် ဘဝသည် ကျေနပ်ပီတိဖြစ်စရာပင်။ ဝါသနာအလုပ်မှ အောင်မြင်မှုရလျှင် ပြောစရာမလိုတော့။ မိမိကိုယ်ကိုယ် ယုံကြည်မှု၊ မိမိကိုယ်ကိုယ် တန်ဖိုးထားမှုရှိလာကာ ဘဝသည်လည်း နေချင်စရာကောင်းလာပါလိမ့်မည်။ သို့သော် မိမိကိုယ်ကိုယ် လေးစားရန်အတွက်မူ ထိုဝါသနာသည် သန့်ရှင်းသော ဝါသနာ၊ လူ့ပတ်ဝန်းကျင်နှင့် လူအများအတွက် အကျိုးပြုပေးနိုင်သော ဝါသနာမျိုးဖြစ်ဖို့ လိုသည်။ သို့မှသာ မိမိကိုယ်ကိုယ် လေးစားတန်ဖိုးထားမှု အပြည့်အဝ ရနိုင်ပါလိမ့်မည်။ လူအများကလည်း မိမိကို လေးစားတန်ဖိုးထားကြပေလိမ့်မည်။

ဘဝ၏ အခက်အခဲမျိုးစုံကို အားတင်းဖြတ်ကျော်နေရသည့် လူသားများအဖို့ လက်တွေ့ဘဝ၌ ဝါသနာအလုပ်နှင့် ဘဝကံကြမ္မာအရ လုပ်နေရသော အလုပ်တို့သည် တစ်ထပ်တည်းကျရန် လုံးဝမလွယ်ကူကြချေ။ သို့သော် မိမိ၌ရှိသည့် ကောင်းသော၊ မိမိ၏ဘဝနှင့် လူအများအတွက် တိုးတက်အောင် မြှင့်တင်ပေးနိုင်စွမ်းရှိသော ဝါသနာကိုကား ဘဝအကြောင်းတရားအမျိုးမျိုးကြောင့် စွန့်ပစ်လိုက်ရန်မသင့်ချေ။ အားလပ်သောအချိန်များတွင် ထိုဝါသနာကို ဖော်ထုတ်၍ မြှင့်တင်ပေးထားရန် လိုအပ်သည်။ သို့မှသာ အခွင့်အလမ်းပေါ်ခိုက်တွင် အသုံးချ၍ ရနိုင်ပါလိမ့်မည်။

သတ္တဝါထဲတွင် လူသည် အဆင့်အမြင့်ဆုံးဖြစ်သည်။ မိမိကိုယ်ကိုယ် ဖန်တီးတည်ဆောက်သလောက် မိမိ၏ဘဝကို လှပအောင် တည်ဆောက်နိုင်သည်။ ထို့ကြောင့် ဘဝဆိုသောအရာကို လေးလေးနက်နက် တန်ဖိုးထားချင်သူမှန်ပါလျှင် မှန်ကန်သောအကျင့်ကောင်းသောဝါသနာများနှင့် ဘဝကို အကောင်းဆုံး ဖန်တီးတည်ဆောက်နိုင်ကြပါစေဟု စေတနာဖြင့် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

❑

ဆောင်းပါး

# အတူတူငိုမယ် စိုးစိုးရယ်

■ အေးမြတ်မြတ်ဖြိုး(ကံမ)

"စိုးစိုး"ဆိုတဲ့ ကျောင်းသားလေးတစ်ယောက်ရဲ့ နာမည်ကို ပြောရင် လူတိုင်းသိကြမှာမဟုတ်ပါဘူး။ ဒါပေမယ့် "တေးသံရှင် လွှမ်းမိုး"ဆိုရင်တော့ တစ်ခေတ်တစ်ခါက မြန်မာစတီရီယိုလောကမှာ လျှမ်းလျှမ်းတောက် ထင်ရှားခဲ့သူမှန်း အားလုံးသိကြပါတယ်။ ကျွန်မတို့ငယ်စဉ်က အဒေါ်တွေ ကက်ဆက်ဖွင့်ရင် အဆိုတော်ကြီး ဦးလွှမ်းမိုးရဲ့ သီချင်းခွေတွေကိုပဲ ခဏခဏဖွင့်တာမို့ သူ့သီချင်းအတော်များများနဲ့ ရင်းနှီးခဲ့ရတာပေါ့ရှင်။ ပြောရရင် "ဟို အစ်ကိုကြီးရဲ့ မခင်နှင်းဆီ" နဲ့ပဲ ကျွန်မတို့ လူလားမြောက်ခဲ့ကြတယ် ဆိုကြပါစို့။ "ကိုပေါ်" တို့ "အဖေ" တို့ စတဲ့သီချင်းတွေဆို ကျွန်မကြိုက်မှကြိုက်။ သူကွယ်လွန်သွားခဲ့ပေမယ့် ခုချိန်ထိလည်း သူ့သီချင်းတွေက ပရိသတ်များစွာရဲ့ နှလုံးသားကို သိမ်းပိုက်ထားနေဆဲပါပဲ။ ဒါပေမယ့် ကျွန်မ အခုက ပြောချင်တာက နိုင်ငံကျော်အဆိုတော်ကြီး ဦးလွှမ်းမိုးရဲ့ အောင်မြင်ကျော်ကြားမှုကို မဟုတ်ပါဘူးရှင်။ တကယ်ကျွန်မပြောချင်တာက ဦးလွှမ်းမိုးရယ်လို့ ဖြစ်မလာခင် "စိုးစိုး"ဆိုတဲ့ ကျောင်းသားလေးဘဝက ကြုံတွေ့ခဲ့ရတဲ့ အကြောင်းအရာလေးနဲ့ ဆက်စပ်လို့ပါ။

စာရေးဆရာတွေက သူတို့ငယ်ဘဝကို သူတို့ရေးတဲ့ ဆောင်းပါးတွေ၊ ဝတ္ထုတွေမှာ တစ်စွန်းတစ်စ လှစ်ဟပြတတ်သလို ကဗျာဆရာတွေကလည်း သူတို့ကဗျာတွေမှာ သူတို့ ခံစားချက်တွေကို ထည့်သွင်းသီကုံးတတ်ကြပါတယ်။ ဟော-အဆိုတော်တွေကျတော့ရော။ သူတို့ကလည်း သူတို့ သီဆိုတဲ့သီချင်းတွေမှာ သူ့ရင်တွင်းဖြစ်ကို ဖွင့်ဟတတ်တာပဲပေါ့။ ခုလည်း ဦးလွှမ်းမိုးက သီချင်းလေးနဲ့ ပြောပါတယ်။

"ငါ ငယ်ငယ်က အတန်းထဲမှာ ခုံခေါက်ရင်း သီချင်းလေးဆို. . ဒါကို ဆရာမကြားတော့ အတန်းရှေ့ကို လာစမ်း. . လူပုံအလယ် အရှက်ကြီးရှက်ရအောင် ခုံခေါက်တဲ့ လက်ကလေးကို . . ပေတံစောင်းနဲ့ရိုက်ပြီး မှတ်အောင်အပြစ်ပေးတယ်"တဲ့။

စာသင်ခုံကိုခေါက်ပြီး သီချင်းဆိုနေတဲ့ စိုးစိုးတစ်ယောက် ဆရာမရဲ့အပြစ်ပေးခြင်းကို ခံရပါသတဲ့။ လူပုံအလယ်အရိုက်ခံရလို့ ရှက်သွားတဲ့ စိုးစိုးဟာ သူ့ဝါသနာကိုတော့ မဖျောက်နိုင်ခဲ့ပါဘူး။

"ကျွန်တော်ငယ်ငယ်က အတန်းထဲမှာ ချောင်ကပ်ပြီး သီချင်းရေးတယ် ဆရာမဒေါ်သက ရပ်စမ်းခုံပေါ်မှာ ခုံပေါ်မှာ ငိုခဲ့တဲ့မျက်ရည် ခုသီချင်းကလေးဖြစ်သွားပြီ ဆရာမသောတဆင်နိုင်ဖို့ပါ"။

စာရေးရမယ့်အချိန်၊ လေ့ကျင့်ခန်းလုပ်ရမယ့်အချိန် သီချင်းလေးတွေရေးနေတဲ့ စိုးစိုးကို ဆရာမ ဒေါ်သထွက်ပြန်တာပေါ့။ ဒီတစ်ခါတော့ သူ့ကိုခုံပေါ်မှာ မတ်တတ်ရပ်နေရမယ်လို့ ဆရာမက အပြစ်ပေးပါတယ်။ ရှက်တာရော ဝမ်းနည်းတာရော ခံစားချက်တွေ ရောနှောသွားတဲ့ မျက်ရည်စက်များက သီချင်းတစ်ပုဒ် ဖြစ်လာစေခဲ့ပါသတဲ့။ ကျွန်မငယ်ငယ်က ဒီသီချင်းလေး စနားထောင်ဖူးတော့ စိုးစိုးကို သနားလိုက်တာ။ အတန်းသူ အတန်းသား သူငယ်ချင်းများရဲ့ရှေ့မှာ ပေတံစောင်းနဲ့ ခေါက်ခံရတဲ့ စိုးစိုးအဖို့ လက်ဆစ်ကလေးတွေသာမက နှလုံးသားလေးပါ နာကျင်သွားလေမလားလို့ တွေးမိပါတယ်။ သူ့အစား စိတ်မကောင်းဖြစ်လိုက်ရတာ။ ကိုယ်ချင်းတွေစာလိုက်ရတာ။ ကိုယ်ချင်းစာဆို ကျွန်မကလည်း အဲဒီတုန်းက သူ့လိုပဲ အဆူခံ အရိုက်ခံ အပြစ်ပေးခံရသူကိုး။

ဒါပေမယ့် ကျွန်မကတော့ စိုးစိုးလို စာမရေးဘဲ သီချင်းရေးတာ မဟုတ်ပါဘူး။ ကဗျာလိုလို ဘာလိုလို စာတိုပေစတွေရေးချင်တာပါ။ လေ့ကျင့်ခန်းစာအုပ်ထဲ ပြဇာတ်တွေ ဝတ္ထုတွေ စိတ်ကူးပေါက်ရာ ရေးထားတာတွေ့တော့ ဆရာမကဆူ။ အမေကရိုက်။ အရွယ်မတိုင်ခင် စိတ်ကစားရပါ့မလားရယ်လို့ ငေါက်ပြီး စာတိုပေစရေးခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ခံခဲ့ရဖူးပါတယ်။ ကိုယ်ဝါသနာပါလို့ ခုံခေါက်ပြီး သီချင်းဆိုတာတွေ၊ ဝတ္ထုရေးတာတွေဟာ ဘယ်သူ့ကို ထိခိုက်နေလို့ တားမြစ်နေရတာလဲဆိုပြီး လူကြီးမိဘတွေအပေါ် မကျေနပ်စိတ်ဝင်ခဲ့ဖူးပါတယ်။ စိုးစိုးကို သနားလွန်းတော့ ငါသာ သူ့ဆရာမဖြစ်ခဲ့ရင် သူ့ကိုမဆူမငေါက်ဘဲ သူ့ဝါသနာကို မြေတောင်မြှောက်မယ်၊ အဆိုတော်ကြီးဖြစ်အောင် လွတ်လွတ်လပ်လပ် ကြိုးစားခွင့်ပေးမယ်၊ မငိုပါနဲ့ စိုးစိုးရယ်ဆိုပြီး ချော့မော့နှစ်သိမ့်အားပေးမယ်လို့တောင် တွေးမိခဲ့ပါရဲ့။

ဒီလိုနဲ့ ကျွန်မဟာ ဝါသနာပါရာအလုပ်ကို မြည်းစမ်းခွင့်တောင်မရဘဲ တစ်စက်လေးမှ ဝါသနာမပါတဲ့ ကျောင်းဆရာမအလုပ်ကို မိဘတွေအလိုကျ ရွေးချယ်ခဲ့ရပြန်ပါတယ်။ စာသင်တဲ့အလုပ်ကို ဝါသနာတစ်စက်လေးမှ မပါဘူးဆိုတဲ့ ကျွန်မဟာ အချိန်တွေကြာလာတာနဲ့အမျှ ကလေးတွေရဲ့ "မင်္ဂလာပါဆရာမ"ဆိုတဲ့ နှုတ်ဆက်သံတွေကြားမှာ ပျော်မှန်းမသိပျော်လာခဲ့ပါပြီ။ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမအချင်းချင်း ခင်မင်ရင်းနှီးလာတော့ လုပ်ငန်းခွင်ကို တွယ်မှန်းမသိ တွယ်ငြိလာပါပြီ။ ဒီလိုနဲ့ တပည့်တွေကို စာလည်းသင် လူလည်းပြင်ရတဲ့ ဒီလူသား ဉယျာဉ်မှူးအလုပ်ကို နှစ်ခြိုက်မှန်းမသိ နှစ်ခြိုက်လာခဲ့ပါတော့တယ်။ ကိုယ်တိုင်ဆရာဖြစ်လာတော့ ကိုယ်ငယ်ငယ် ကျောင်းသူဘဝက ကလေးအတွေးတချို့ကို ပြန်သုံးသပ်မိပါတယ်။

ဆရာ ဆရာမအများစုဟာ သူတို့စာသင်နေချိန်မှာ တပည့်တွေက ငေးနေတာ၊ ငိုင်နေတာ၊ အာရုံမစိုက်တာမျိုးကို လုံးဝ မကြိုက်ပါဘူး။ သင်လိုက်တဲ့စာကို မရမှာစိုးတာကြောင့် ဆူတာ၊ ငေါက်တာ၊ အပြစ်ပေးတာမျိုး လုပ်တတ်ကြပါတယ်။ ကျွန်မတို့ ငယ်ငယ်ကလည်း အဆူခံရတာပါပဲ။ ရှေ့မှာ ဆရာစာရှင်းနေတုန်း ဘေးကသူငယ်ချင်းနဲ့ စကားပြောမိလို့၊ လေ့ကျင့်ခန်းစာအုပ်ထဲ ပုံတွေလျှောက်ဆွဲထားလို့ စသဖြင့်ပေါ့လေ။ ဆူခံငေါက်ခံရတာကို သဘောကျကျေနပ်တဲ့ ကျောင်းသူကျောင်းသားရယ်တော့ ဘယ်မှာလာရှိပါ့မလဲ။

ပြီးတော့ ကျွန်မတို့ခေတ်မှာ ဆရာ ဆရာမတွေ ရပ်တည်ရတဲ့ အနေအထားဟာ အတော်လေးခက်ခဲပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လက်ရှိသွားနေတဲ့ ပညာရေးစနစ်ကလည်း စာမှစာ။ ဝါသနာကိုဘေးချိတ်။ ဆယ်တန်းအောင်မှတ်နဲ့ တက္ကသိုလ်ဝင်ခွင့်ကို ဆုံးဖြတ်ပေးနေတော့ အခက်သားလား။ ကျောင်းတွေမှာလည်း အများအားဖြင့် ဆရာကျောင်းသားအချိုးက မညီမျှတဲ့အပြင် လပိုင်းမာတိကာနဲ့အညီ သင်နိုင်ဖို့၊ အောင်ချက်ကောင်းဖို့ စတဲ့ဖိအားတွေကလည်း ရှိနေပြန်ပါတယ်။ အမျိုးမျိုးသော လမ်းညွှန်ချက်တွေကို မလူးသာမလွန့်သာ အမီလိုက်ရင်း "တတ်အောင်သင် အောင်အောင်စစ်"လို့ ဆိုပေမယ့် တတ်အောင်သင်ချိန်မရဘဲ အောင်အောင်စစ်ပေးလိုက်ကြရတာတွေကလည်း ကလေးတွေရဲ့ ကြိုးစားချင်စိတ်ကို သတ်ပစ်နေသလိုပဲလို့ တွေးမိပါတယ်။ ဆရာ ဆရာမတွေကို ခိုင်းနေတဲ့ ဘာသင်တန်း ညာသင်တန်း၊ ဘာစာရင်း ညာစာရင်း၊ ဘာဂျူတီ ညာဂျူတီ ဗာဟီရပဟန်ပြအလုပ်တွေလျှော့ချလိုက်ရင် ကလေးတွေကို အခြေခံခိုင်မာဖို့ သင်ကြားလေ့ကျင့်ပေးချိန်တွေ ပိုထွက်လာမှာပါ။ စာရိတ္တကောင်းအောင် ပြုပြင်ပေးဖို့ အချိန်တွေ ပိုရလာမှာပါ။

စာရေးဆရာကိုတာ ဘာသာပြန်ထားတဲ့ "ငါတို့ ဘာကြောင့် ကျောင်းသွားရတာလဲ" စာအုပ်ကလေးမှာ ဂျပန်က သူတို့ကလေးတွေကို မူကြိုကျောင်းပို့တာက တခြားကလေးတွေနဲ့ ဆော့ကစားတဲ့အခွင့်အရေးရအောင်လို့တဲ့။ ဒါမှသာ ငယ်စဉ်ကတည်းက တခြားသူတွေကို ထောက်ထား စာနာတတ်တဲ့၊ တခြားသူတွေနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့် ကောင်းလေးတွေ သူတို့စိတ်ထဲ ဝင်လာမှာတဲ့၊ ကြည့်ပါဦး ကောင်းလိုက်တဲ့ ရည်ရွယ်ချက်နော်။ ဒီတော့လည်း ဂျပန်နိုင်ငံရဲ့ ပညာရေး ထိပ်တန်းရောက်သွားတာပေါ့လေ။

ကျွန်မတို့တွေကျတော့ "ဆယ်တန်းအောင်ချက်" ဆိုတဲ့ တစ္ဆေကအမြဲခြောက်နေတော့ကာ ကာယချိန်မှာလည်း စာသင်ရပါတယ်။ ရသချိန်မှာလည်း စာသင်ရပါတယ်။ အိမ်တွင်းမှုဆိုတာ ဝေလာဝေး။ ပန်းချီ၊ ဂီတ ဘယ်နားမှန်းတောင်မတွေးတတ်။ မပြတ်တမ်း စာ. . . စာ. . . စာ။ ကလေးတွေအတွက် ဘယ်မှာလဲ ကစားချိန်၊ ပျော်ရွှင်ချိန်။ မြို့ပေါ်က ကလေးဆိုပိုဆိုး။ ကျောင်းပြီး ကျူရှင်၊ ကျူရှင်ပြီး စာကျက်ဝိုင်း။ စက်ရုပ်တစ်ရုပ်လို ဖြစ်လာပြီး ကြာတော့ စာကြောက်ရောဂါရပြီပေါ့။ ဒီလောက်သင်နေလို့လည်း ရတယ်မထင်ပါနဲ့။ တစ်နှစ်တစ်နှစ် ကြက်တူရွေးတွေကိုသာ အလုံးအရင်း မွေးထုတ်ပေးနေရသလို အခြေအနေမို့ စိတ်မသက်မသာ ဖြစ်နေရတာအမှန်ပါ။အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးမျှော်လင့်နေတဲ့ ပညာရေးစနစ်က တကယ့်လူကောင်းလူတော်တွေကို မွေးထုတ်ပေးနိုင်မှာတဲ့လားလေ။

လူမှာပြောင်းလဲခြင်းနှစ်မျိုးရှိတယ်လို့ ကျွန်မတို့ လေ့လာခဲ့ရဖူးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ (Physical) ပြောင်းလဲခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ (Mental) ပြောင်းလဲခြင်းပါ။ လူတစ်ယောက်ဟာ အရွယ်နဲ့လိုက်ပြီး ရုပ်ပိုင်းဆိုင်ရာ (Physical) ပြောင်းလဲဖို့လိုသလို စိတ်ပိုင်းဆိုင်ရာ (Mental) လည်း ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ စိတ်ပိုင်းဆိုင်ရာ (Mental) ဖွံ့ဖြိုးတိုးတက်ဖို့ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီစတဲ့ အနုပညာပစ္စည်းတွေကို ခံစားတတ်ဖို့၊ ဖတ်ရှုတတ်ဖို့လိုပါတယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီတွေက တစ်ဆင့် စိတ်နှလုံးသားတွေ နူးညံ့ယဉ်ကျေးအောင်၊ ကိုယ်ချင်းစာတတ်အောင်၊ အကောင်းအဆိုးခွဲခြားတတ်အောင်၊ အသိပညာ ဗဟုသုတပြည့်စုံအောင်၊ သဘာဝကို ချစ်မြတ်နိုးတတ်အောင်၊ ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတတ်အောင်၊ အဖျက်အဆီးစိတ်ဓာတ်တွေ လျော့ပါးအောင် သင်ကြားပေးမှသာ လူ့ဘောင်လောကအတွက် အမှန်တကယ် တန်ဖိုးရှိမယ့် လူကောင်းလူတော်တွေ မွေးထုတ်နိုင်မှာပါ။

လက်ရှိ ကျွန်မတပည့်လေးတွေထဲမှာ အတွေးအခေါ်ဆန်းသစ်တဲ့ ကလေးတွေရှိတယ်။ ဘောလုံးကို စွဲစွဲလန်းလန်းရူးသွပ်တဲ့ ကလေးတွေရှိတယ်။ အံ့သြရလောက်အောင် လက်ရာကောင်းတဲ့ ပန်းချီဝါသနာရှင်လေးတွေ ရှိတယ်။ အဆိုကောင်း၊ အကကောင်းပြီး ဂီတပိုးပါတဲ့ ကလေးလေးတွေရှိတယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက သူတို့ဝါသနာအတွက်၊ သူတို့ပါရမီအတွက် ဖြည့်ဆည်းပေးဖို့ရာ အချိန်မရှိပါဘူး။ ပံ့ပိုးပေးဖို့ရာ အခွင့်အလမ်း မရှိပါဘူး။ သီချင်းဆိုချင်တဲ့ ပါးစပ်လေးတွေက အလီတွေ၊ မီးနင်းတွေ တရစပ်ရွတ်ဆိုနေရတာမြင်တိုင်း၊ ပန်းချီဆွဲချင်တဲ့ လက်ကလေးတွေက အချိန်ပြည့် သင်္ချာတွက်နေရတာ မြင်တိုင်း ကျွန်မတို့စိတ်ထဲလည်း နာကျင်ရတာပါပဲ။

ဦးလွှမ်းမိုးရဲ့ သီချင်းထဲက "စိုးစိုး"ကတော့ အခက်အခဲတွေကို ကျော်ဖြတ်ပြီး သူဝါသနာပါတဲ့ ဂီတလမ်းကြောင်းပေါ်ကိုရောက်အောင် လျှောက်လှမ်းနိုင်ခဲ့ပါသတဲ့။ ကျွန်မရဲ့ "စိုးစိုး" လေးတွေကရော သူတို့ ဝါသနာပါရာလမ်းကြောင်းပေါ်ကို လျှောက်လမ်းခွင့် ရမှရနိုင်ကြပါ့မလား။ ကျွန်မရဲ့ "စိုးစိုး"လေးတွေ လက်ဆစ်အခေါက်ခံနေရဦးမှာလား။ "စာမှစာ တစာစာ" ရှေ့တန်းတင်နေသရွေ့ ခုံပေါ်တက် မတ်တတ်ရပ်ရင်း မျက်ရည်ခိုးသုတ်နေရဦးမှာလား။ ဝါသနာကို အခြေခံတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေဟာ စာမေးပွဲရမှတ်ရဲ့ နင်းခြေခြင်းအောက်မှာ နာလန်မထူနိုင်သရွေ့ ငိုနေရဦးမယ့် စိုးစိုးတို့အဖွဲ့ကို ကျွန်မတို့ ဘယ်လိုဖေးမနှစ်သိမ့်ကြရမှာပါလိမ့်။

ငယ်တုန်းက ကလေးစိတ်နဲ့ စိုးစိုးကိုသနားတာပဲသိပြီး "မငိုပါနဲ့ စိုးစိုးရယ်"လို့ နှစ်သိမ့်ဖို့ စိတ်ကူးယဉ်ခဲ့တဲ့ကျွန်မ တကယ်ဆရာမဖြစ်လာတော့ ပြောစရာစကားက တစ်ခွန်းပဲ ရှိပါတော့တယ်။ ဩော်-အတူတူငိုမယ်-စိုးစိုးရယ်။

■

ဝတ္ထုတို



# နတ်သမီးလေးလို မိချောလှချင်တယ်

ဇင်ငြိမ်းမွန်

မကြာခင်ရောက်လာတော့မယ့် ဘုရားပွဲအတွက် မိချောရင်တွေခုန်လှပြီ။ ရင်ခုန်တာလည်း မပြောနဲ့လေ။ မနှစ်က ဘုရားပွဲတုန်းက မိချော ကလေးလို ဆော့ကောင်းတုန်း။ အမေကလည်း မိချောကို ကလေးပဲသဘောထားတာ။ အပျိုကြီး မဝါမြင့် မင်္ဂလာဆောင်တော့ မိချောကို အပျိုရံအဖြစ် ဖိတ်တယ်လေ။ ဒီတော့မှ အမေက "အင်း ငါ့သမီး မိချောတောင် အရွယ်ရောက်ပြီ"။ ဒီနှစ် ထားထားအိမ်ထောင်ကျလို့ ဘုရားပွဲမှာရင်အေးနေတာ။ နောက်တစ်ယောက် ခေါင်းခဲရတော့မှာပဲ" ဆိုပြီး သက်ပြင်းချကာ ပြောလေရဲ့။

ထားထားဆိုတာ မိချောရဲ့ အစ်မပေါ့။ ဝါကျွတ်တုန်းက ယောကျ်ားယူသွားခဲ့တာ။ ရပ်ကွက်ထဲက ကောင်လေးတွေရဲ့ ပါးစပ်ဖျားမှာ အစ်မက ရေပန်းစားတယ်။ မနှစ်က ဘုရားပွဲတုန်းက အမေဝယ်ပေးတဲ့ အဝတ်အစားအသစ်တွေနဲ့ အစ်မလှလွန်းလို့ နတ်သမီးလေး ထားထားဆိုပြီး အားလုံးက တင်စားကြတယ်။ ဘုရားပွဲကြရင် မိချောလည်း အမေဆင်ပေးတဲ့ အဝတ်အစားသစ်တွေနဲ့ နတ်သမီးလေးလို လှနေမှာ။

အမေ ညည်းတွားနေပေမယ့် မိချောကို အင်္ကျီအသစ်ဝယ်ပေးမှာပါ။ မိချောလိုပဲ အရွယ်ရောက်လာသူတွေ အများကြီးပဲ။ အားတော့ငယ်မိပ့ါ။ ကလေးဘဝကတည်းက ကတောင် သူတို့အားလုံးက အကောင်းစားတွေ ဝယ်ဝတ်နိုင်ကြတယ်။ အပျိုအရွယ်မှာလည်း မိချော သူတို့ကို ယှဉ်နိုင်ဖို့မမြင်။ သူတို့ထက်မသာတောင် ဈေးပေါပါစေ၊ ဘုရားပွဲမှာ အသစ်လေးဝတ်ရရင်ကို မိချော ကျေနပ်ပါတယ်။

"ဟဲ့ ရီမာ ညည်းကရွဲ့တာလား၊ အတိုးဖိုးက ငါရမယ့် တစ်ဝက်တောင် မရှိပါဘူးအေ"။

"မရွဲ့ရပါဘူး မမမြရယ်။ ခုတလော ဈေးရောင်းမကောင်းလို့ပါရှင်၊ ပြေလည်တာနဲ့ အတိုးများများပေးပ့ါမယ်နော်"

"ပေးရမှာပေ့ါအေ။ အတိုးက အရင်းကျော်နေပြီကို။ ဟွန်း ခုတော့ဒီလောက်နဲ့ ကျေနပ်ရမှာပေ့ါ"

အတိုးချေးစားတဲ့ ဒေါ်တင်မှာ အသံမာမာနဲ့ ပြောဆိုပြီး မိချောတို့အိမ်ရှေ့ကနေ ထွက်သွားတယ်။ မျက်နှာမသာမယာနဲ့ အမေကျန်ခဲ့ရှာတယ်။ အစ်မတို့ မင်္ဂလာဆောင်တော့ ကောင်လေးဘက်က အကုန်အကျခံရတာဆိုပေမယ့် အမေလည်း ပိုက်ဆံစိုက်ရပုံပဲ။ အစ်မနဲ့ ခဲအိုကို "နှုတ်ခမ်းပဲ့ခြင်း မီးမှုတ်ကြတာ"လို့ လူတွေက ဝိုင်းပြီး ကဲ့ရဲ့တယ်။ မင်္ဂလာပွဲလည်းပြီးရော အမေလည်း အကြွေးတွေနဲ့ ကျန်ခဲ့တာပဲ။ အစ်မကတော့ ကံကောင်းပါတယ်။ ခဲအိုက အစ်မနဲ့ လက်ထပ်ပြီးမှ အလုပ်အဆင်ပြေလာတာကြောင့် အစ်မတင်မက ခဲအိုအမေပါ ရွှေဝတ်နိုင်ပါရဲ့။ ဒါပေမယ့် အမေ့အပေါ် ကျ အစ်မကမသိတတ်။ အကြွေးလေးတောင် ဆပ်မပေးပါလား။

"သမီးငယ်ရေ လာပါဦး"။

"ဟုတ်. . . လာပြီ အမေ"

အမေ့ဘေးမှာ မိချောထိုင်လိုက်တယ်။ အမေ ဘာပြောမလို့ပါလိမ့်ဆိုပြီး စိတ်လှုပ်ရှားလာတယ်။ မကောင်းတဲ့ အငွေ့အသက်တစ်ခုကို မိချောစိတ်ထဲ ခံစားနေရတယ်။

"ဘုရားပွဲကြရင် ဆိုင်ထွက်မလားလို့၊ ပိုရောင်းကောင်းလောက်တယ်။ အဲဒါ သမီးငယ် အမေ့ကို လိုက်ကူပါလား"

"ဟင်"

အမေရဲ့ မုန့်ဟင်းခါးဆိုင်လေးက လမ်းထိပ်မှာ ဖွင့်တာလေ။ ဘုရားပွဲတွင်း ဆိုင်ထွက်ရင် ရောင်းကောင်းမှာ အသေအချာပဲ။ ဒါပေမယ့် မိချောလည်း ဘုရားပွဲမှာ ပျော်ချင်တာပေ့ါ။ ဝမ်းနည်းလာတော့ မျက်ရည်က အလိုလို ဝဲလာတယ်။

"အောင်မလေး မငိုပါနဲ့အေ။ အမေလည်း ဘယ်ထွက်ချင်ပ့ါမလဲ။ အတိုးဖိုးတွေက နစ်လာပြီကိုး။ သမီးဘာသာ သူငယ်ချင်းတွေနဲ့ ပျော်ပါကွယ်"

မိချော ခေါင်းကိုပုတ်ကာ အမေအိမ်ထဲကို ဝင်သွားတယ်။ ဘုရားပွဲမှာ အမေလည်ခွင့်ပေးပေမယ့် စိတ်ထဲအရင်လောက် မပျော်နိုင်။ ဒီလိုအခြေအနေဆို မိချောနတ်သမီးမဖြစ်နိုင်တော့။ "ဝေးပါပြီ အင်္ကျီအသစ်လေးရယ်" လို့ မိချောတိုးတိုးလေး ရေရွတ်လိုက်တယ်။

"အမေ ဆိုင်သွားဖွင့်တော့မယ်။ ခုမှအပျိုဖြစ်ခါစကို ပြင်လို့ကို မပြီးနိုင်ဘူး"

"အဝတ်အစားကို စိတ်တိုင်းမကျသေးလို့ပါ" ယောင်ပြီး ထွက်သွားတဲ့ပါးစပ်ကို ပိတ်ရိုက်ချင်မိတယ်။ နတ်သမီးလေးလို လှချင်လို့ ပြင်နေတာဆိုပြီး ဖြေလိုက်ရမှာ။ တော်ကြာ အမေစိတ်မကောင်းဖြစ်သွားလိမ့်မယ်။ ပွဲဈေးကို မိချော ခပ်သွက်သွက်လေး လျှောက်လာခဲ့တယ်။ ပွဲဈေးရောက်တော့ မိချောဝတ်လာတဲ့ ပုံစံကို ကြည့်ပြီး သူငယ်ချင်းတွေ မျက်နှာပျက်သွားကြတယ်။ စိတ်ထဲပျော်လိုက်ပုံများ၊ ဘေထုပ်တွေထဲ ခေါင်းမှုးခံမွှေရကျိုးနပ်ပြီလေ။ တီရှပ်နီလေးနဲ့ ဂျင်းစကတ် ဒူးဖုံးလေးကို မိချောဝတ်ဆင်လာတာပေ့ါ။ သေချာလျှော်လိုက်တော့ ဘေထုပ်ကလည်း ပွဲတိုးပါလား။ အစ်မအေးသင်းက မိချောပါးကို ဆွဲလိမ်ကာ "ဟယ် နတ်သမီးလေးကျနေတာပဲ။ အပျိုပေါက်စတွေထဲ မိချော အလှဆုံးပဲဟ့"။

ရှက်ရွံ့အားနာစိတ်ကြောင့် သူငယ်ချင်းတွေကို တောင်းပန်သလိုကြည့်တော့ အားလုံးက မျက်နှာမဲ့ပြကြတယ်။ ဖြူပြာက အဆိုးဆုံး။ မနေ့ကကို "ဟဲ့ နင်ဝတ်စရာမရှိရင် ငါ့အကျႌတွေဝတ်ပါလား" လို့ မိချောကို ပြောသေးတယ်။ မပျော်ရရင်နေ သူများအကျႌ မဝတ်ချင်တာကြောင့် ခေါင်းခါ ငြင်းလိုက်တယ်။

အဝတ်အစားကြောင့် မပျော်ရတော့ဘူးထင်မိပေမယ့် အစ်မတို့လင်မယား အမေ့ကို လာကန်တော့တုန်း မိချောကိုပါ နှစ်ထောင် မုန့်ဖိုးပေးတာကြောင့် ဘေထုပ်တန်းထဲသွားပြီး ဝင်မွှေတော့ သင့်တော်တဲ့ အဝတ်အစားရခဲ့တာ။ အားလုံးနဲ့ယှဉ်ရင် မိချောအဝတ်အစားက တန်ဖိုးမရှိပါ။ သူငယ်ချင်းတွေက အဖက်မလုပ်တော့ အစ်မတွေနားပဲ ကပ်နေမိတယ်။ နောက်ကနေ အင်္ကျီကို ဆောင့်ဆွဲခံရတာကြောင့် မိချော လဲမလိုဖြစ်သွားကာ မကျေမနပ်နဲ့ ဆွဲတဲ့သူကိုကြည့်တော့ ဖြူပြာဖြစ်နေတယ်။ မိချောအင်္ကျီကို အားရပါးရ နှာခေါင်းနဲ့ လိုက်နမ်းပြန်တယ်။ ဘာလို့နမ်းပါလိမ့်လို့ မိချောစဉ်းစားနေတုန်း

"မိချော ဝတ်ထားတာ ဘေထုပ်ကြီးဟ။ ဟား ဟား ငါက အသစ်မှတ်နေတာ"။

"ဟင် သူ့အစ်မတုန်းက အသစ်တွေပဲ ဝတ်တာပါ။ မဟုတ်လောက်ပါဘူး" မိချော ဒီကိုလာစမ်း။ အစ်မရဲ့ သူငယ်ချင်းက ထပ်ပြီးတော့ မိချောအဝတ်အစားကို နမ်းပြန်တယ်။ "ဟင် ဟုတ်သားပဲ ဘေအနံ့ရတယ်ဟ" အကြီးတွေက မိချောကို သနားသလိုကြည့်နေကြတယ်။ သူငယ်ချင်းတွေကတော့ အချင်းချင်းတီးတိုးပြောကာ ရယ်နေကြပါရဲ့။ ရှက်ရွံ့စိတ်ကြောင့် လူတစ်ကိုယ်လုံး ထူပူလာပြီး အမေ့ရဲ့ မုန့်ဟင်းခါးဆိုင်လေးကို မိချော ပြေးလာခဲ့တယ်။ မျက်ဝန်းထဲကနေ အရှက်မျက်ရည်တွေ အပြိုင်အဆိုင်ကျလာကြတယ်။ မနောရဲ့ သီချင်းသံလေး ပျံ့လွင့်လာပါရဲ့။

"မိချောရေ မိချောရေ မုန့်လုံး" ဆိုပြီး သီချင်းသံကို မိချောရဲ့ နားထဲမှာ "မိချောရေ မိချောရေ ဘေထုပ်" လို့ ကြားမိတော့ အားငယ်စိတ်တွေ ပျောက်ကွယ်သွားတယ်။ ဘေထုပ်နဲ့လည်း မိချောနတ်သမီးလေးလို လှနေတာပဲ။ ပါးပြင်ထက်က မျက်ရည်တွေကိုသုတ်ပြီး မိချောပြုံးလိုက်တော့တယ်။ လူတိုင်းအဆင်မပြေတဲ့ အချိန်ဆို မပြည့်စုံမှုတွေ၊ လိုအပ်ချက်တွေရှိတာ မဆန်းပါဘူး။ ဒါပေမယ့် ကိုယ့်ဘဝကို ရောင့်ရဲတင်းတိမ်နိုင်ရင် စိတ်ဆင်းရဲခြင်းကင်းဝေးကာ ပျော်ရွှင်မှုကို ပိုင်ဆိုင်ရမှာပါ။ ။

## နေပျော်ခြင်း၏ ရသ

ဘဝဆင်းရဲ အနေမွဲလည်း
ခယောင်းလမ်းမ ဂယက်ထလည်း
လွန်စွပြုံ့စင် ရိုးဂုဏ်အင်ကို
စိတ်ဝယ်ကျေနပ် အနေတတ်၏။
ရေပွက်ပုံမှီး ဘဝကြီးတွင်
မေတ္တာပန်းမျိုး ငါစိုက်ပျိုးလျက်
ပညာဝေငှ အလင်းပြမည်။
တိုင်းပြည်အတွက် ပန်းပျိုးလက်ဖြင့်။
မျိုးစေ့မျိုးမှန် အပင်သန်အောင်
ညိုးရော်သိမ်နွမ်း အမြုံပန်းတို့
ဖူးငုံတင့်ဆန်း အပွင့်လန်းအောင်
မြေဆွပေါင်းသင် ငါပြုပြင်မည်။
အလှတင့်ဝေ ပန်းတို့မြေမှာ
မေတ္တာကိုနှင်း ရင်နှင့်ရင်း၍
ဘဝမွေ့လျော် ငါနေပျော်မည်
ပွင့်သောပန်းတိုင်း မွှေးစေသတည်း။

နှင်းနု

## နေ့စဉ်တရား လက်ကိုင်ထား

လောကနီတိ ကျမ်းလာရှိတာ
"ပ"မှာသိပ္ပံ "ဒု"ဓနံနှင့်
ဓမ္မံ "တ"ဟု ထိုသုံးခု။
ပညာရှာရင်း ရှင်သေမင်းနှင့်
စစ်ခင်းရပြား ထိုသူအားလျှင်
တရားဘယ်ခါ ရအံ့နည်း။
ဥစ္စာကုန်နီး ဖွေရှာမှီးရင်း
သေမင်းခေါ်ရာ လိုက်ရပါမူ
ဘယ်သူတရား ရအံ့နည်း။
ဩော်...
ကြီးစွမဟူ ငယ်သူကစ
မြတ်ဓမ္မကို ကျင့်မှနောင်ခါ
သေရွာသွားသော် အဖော်အလား
ကိုယ့်အားစောင့်ရှောက် မကြောက်ရွံ့
ရဲဝံ့တည်ကြည် မရဏပြည်ကို
လှမ်းချီတက်သွား စွမ်းပကား။
နေ့စဉ်တရား လက်ကိုင်ထား။ ။

ဖျာပုံ မောင်သုည

## ကိုယ်နှင့်ယှဉ်

သံသရာ ဝဋ်နောင်ထုံးကိုဖြင့်
ရှောင်ပုန်းလို့ မလွတ်ပေ။
ပြုသည့်ကံ မှန်သမျှ
ဆပ်ရမသွေ။
ပြု၊ ကြံ၊ ပြော ကောင်းအောင်နေ
ဆင်ခြင်စေ လူအများ။
ကိုယ်နှင့်ယှဉ် မေတ္တာကိန်းပါလို့
ထိန်းကြစေသား။ ။

အောင်သင်းမိုး

aqmifyg;

# စည်းလုံးညီညွတ်ကြပါစို့

**နန္ဒမန်းကြယ်(တွင်းငယ်)**

မိသားစုဟုဆိုလျှင် မိသားစုဝင်များ ပျော်ရွှင်နေမှသာလျှင် မိသားစုသာယာနိုင်မည်။ ထို့ကြောင့် သာယာသော မိသားစု၏ နေအိမ်သည်လည်း ပျော်ရွှင်ဖွယ်အတိဖြစ်နေတော့မည်။ "အိမ်သာ၍ ဧည့်လာ" ဆိုသည့်အတိုင်းလည်း သာယာသောအိမ်သို့ ဧည့်သည်များ အမြဲလာလည်တတ်ကြသည်ကိုလည်း သတိထားမိ၏။ ထိုအိမ် သာယာနေသည့် အကြောင်းမှာ သစ်ပင်ပန်းမန်များ လှပစွာစိုက်ပျိုးထားခြင်းကြောင့် မဟုတ်ပေ။ ထိုအိမ်ရှိ သစ်ပင်ပန်းမန်များကြောင့် သာယာခြင်းသည် အပြင်သဏ္ဍာန်သာ သာယာခြင်းမျိုးဖြစ်မည်ထင်၏။ သာဓကအားဖြင့်ဆိုရလျှင် ထိုသို့သာယာခြင်းသည် အပြင်ပိုင်းတွင် ရဲရဲနီလှပနေသော်လည်း အတွင်း၌ ပိုးအပြည့်ရှိနေသည့် သဖန်းသီးပမာ ဖြစ်နေပေလိမ့်မည်။ မိသားစုသာယာခြင်း၏အဓိကအကြောင်းမှာ မိသားစုဝင် အချင်းချင်းစည်းလုံးညီညွတ်ခြင်းကြောင့် ဖြစ်နိုင်၏။ မိသားစု စည်းလုံးညီညွတ်ခြင်းကြောင့် ကြားလေသွေးရန် နေရာမရှိတော့ပေ။

ထို့ကြောင့် အချင်းချင်းစိတ်ဝမ်းကွဲရန်လည်း မဖြစ်နိုင်တော့ပေ။ မိသားစုအတွင်းမှာပင်လျှင် မိသားစု အချင်းချင်း စိတ်ဝမ်းကွဲနေလျှင် တောင့်တင်းခိုင်မာစွာ ချည်ထားသောဝါးစည်းမှကြိုးကို ဖြေချလိုက်သကဲ့သို့ ပြိုကွဲထွက်သွားကြသည်မှာ အမှန်ပင်ဖြစ်လိမ့်မည်။ ထို့ကြောင့် မိသားစုအတွင်းရှိ ညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်၍ ချစ်ခင်နေကြလျှင် မည်သူတစ်ဦးတစ်ယောက်မျှ မိသားစုအား ထိပါးနှောင့်ယှက်ရဲမည်မဟုတ်ပေ။ ထို့အပြင် ဘိုးဘွား အမွေအနှစ်များကိုလည်း ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည်ဖြစ်သည်။ ထို့အတူ ကျွန်တော်တို့နိုင်ငံသာယာရန် နိုင်ငံနေ တိုင်းရင်းသားပြည်သူများအားလုံး ပျော်ရွှင်စွာ၊ ငြိမ်းချမ်းစွာနေထိုင်နိုင်ကြရန် လိုအပ်မည်ထင်၏။

ထိုသို့နေနိုင်ရန် အရေးကြီးကသွေးနီး ဆိုသည့်အတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း သွေးစည်းညီညွတ်ကြရန်လိုမည်။ "မြန်မာတို့သည် ငခွေး၊ ငနွား၊ သစ်တုံးများမဟုတ်ကြ။ ဇာတိမျိုးရိုးနှင့် လူဖြစ်ကြောင်း၊ မဟုတ်မတရားလျှင် အလကားမခံဟူသော မြန်မာ့မာန်ကို ပြကြသော အချက်တည်း" ဟူ၍ အမျိုးသားပညာဝန် ဦးဖိုးကျား၏ အမျိုးသားနေ့တွင် မြန်မာလူမျိုးအကြောင်းကို ဖော်ပြထားသည်။ထို့အပြင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုကိုလည်း ကဗျာဆရာနောင်၏ နှင်းကိုမြင်ခိုက်ကဗျာတွင် "ရယ်မြူးရွှင်ပြ၊ နှမနှင့်မောင်၊ ညီနောင်သားခြင်း၊ လက်တွဲရင်းနှင့် ချစ်ခြင်း၊ ခင်ခြင်း၊ ယုံကြည်ခြင်းများ၊ ဆပွားသစ်သစ်၊ ခိုင်မြဲနှစ်မာ၊ ကာလကြာလေ၊ စည်းရုံးလေတည့်" ဟူ၍ တွေ့ရသည်။ ကျွန်တော်သည် မြန်မာနိုင်ငံသားဖြစ်သည့်အလျောက် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်၏။ အမျိုးဘာသာ၊ သာသနာကို တန်ဖိုးထား၏။

သို့သော် ချစ်မြတ်နိုးတန်ဖိုးထားနေရုံမျှနှင့် မလုံလောက်တော့ပေ။ ကျွန်တော်တို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုနေပေပြီ။အမိမြေကို ကာကွယ်ရန်လည်း တာဝန်တစ်ရပ်ဖြစ်လာပေပြီ။ မြန်မာတို့သည် အမိမြေအတွက်ဆိုလျှင် "ကိုယ့်နေရာကို တစ်ဖျာတစ်ကွက်၊ တစ်လက်မလည်း၊ တသန္မြော စုံမက်မောသည်" ဟူ၍ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် အမိမြေကို ကာကွယ်ရန် အမှန်တကယ်လိုအပ်၏။ "နွားကွဲ ကျားကိုက်" ဟူသော စကားအတိုင်း အမိမြေအတွင်းမှ တိုင်းရင်းသား လူမျိုးအချင်းချင်းစည်းလုံးညီညွတ်မှုမရှိလျှင်ကား အခြား စည်းလုံးညီညွတ်သူများက နေရာရကြမည် အမှန်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး စည်းလုံးညီညွတ်ရန် အမှန်တကယ်လိုနေတော့သည်။ "စည်းလုံးခြင်းသည် ခွန်အား" ဆိုသည့်အတိုင်းလည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုသည် ကျွန်တော်တို့နိုင်ငံအတွက် ခွန်အားဖြစ်စေပြီး ထိုခွန်အားဖြင့် အမိမြေကို ကာကွယ်ကြရမည်။ အသင်းအဖွဲ့အားလုံးတွင် စည်းလုံးညီညွတ်မှုရှိသော အသင်းအဖွဲ့သည် အောင်မြင်မှု ရစမြဲဖြစ်သည်။

ထို့အတူ "ပြည်၊ ပြည်ထောင်ဟူသည် ပုဂံခေတ်မှပင် စတင်ခေါ်ဝေါ်ခဲ့သည်။ ခရိုင်၊ တိုက်ဒေသများမှ စုစည်းပြီးသော ပြည်၊ နိုင်ငံဖြစ်လာရသည်။ အနော်ရထာ ခေါင်းဆောင်မှုဖြင့် တိုင်းရင်းသား မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယား စသူတို့က စည်းလုံးညီညွတ်ခြင်းဖြင့်သာ ပြည်၊နိုင်ငံကြီးဖြစ်ပေါ်လာရသည်။ အနော်ရထာလက်ထက် ပုဂံနိုင်ငံသား တိုင်းရင်းသားအပေါင်းတို့သည် စည်းလုံးညီညွတ်စွာ တိုင်းပြည်တည်တံ့ခိုင်မြဲမှု၊ နိုင်ငံစစ်အင်အား တောင့်တင်းခိုင်မာမှုရှိစေရန် ကြိုးစားထမ်းဆောင်ခဲ့ကြပေသည်။အနော်ရထာမင်း၏ ဦးဆောင်မှုဖြင့် စစ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေးတို့အပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအနုပညာရပ်များကိုပါ ပြုစုပျိုးထောင်ခဲ့ကြသည်။ ပထမမြန်မာနိုင်ငံတော် ပုဂံပြည်သည် တိုက်၊ခရိုင်၊ မြို့ရွာအလိုက် ကချင်၊ ကယား၊ ချင်း၊ ကရင်၊ မွန်၊ ရှမ်း၊ ဗမာ စသည့် တိုင်းရင်းသားတို့သည် ပြည်ပရန်စွယ် ကာကွယ်စိမ့်သောငှာ ပုဂံပြည်ထောင်စုစိတ်ဓာတ် အုတ်မြစ်ကြီးကို အခိုင်အမာစိုက်ထူနိုင်ခဲ့ပေသည်" ဟူ၍ တက္ကသိုလ်တင်ခ၏ ပြည်ထောင်စုနှင့်မြန်မာဆောင်းပါးတွင် တွေ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နိုင်ငံအကျိုးကို သယ်ပိုးရမည့်အပြင် နိုင်ငံကိုလည်း ကာကွယ်ကြရမည်။ထို့အပြင် စည်းလုံးညီညွတ်ခြင်းဖြင့် အမိမြေကို ကာကွယ်ကြရန် စည်းလုံးညီညွတ်ကြပါစို့ဟု ပြောချင်ပါတော့သည်။

■

aqmifyg;

# ဆိုင်ကယ်မောင်းလျှင် ဦးထုပ်ဆောင်း သတိပြုလို့မောင်း

**ရေတော်သား**

ကျွန်တော်တို့ မန္တလေးယဉ်ကျေးမှုမြို့တော်ကြီးဟာ တစ်ချိန်က စက်ဘီးမြို့တော်လို့ တင်စားခြင်းခံခဲ့ရတဲ့ မြို့တော်ကြီးဆိုတာ လူတိုင်းအသိဖြစ်ပါလိမ့်မယ်။လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းကနေစပြီး တစိမ့်စိမ့်တိုးဝင်လာတဲ့ တရုတ်ဆိုင်ကယ်တွေကြောင့် စက်ဘီးလေးတွေ ပျောက်ကွယ်လာပြီး စက်ဘီးမြို့တော်ဆိုတဲ့ အမည်နာမနေရာမှာ ဆိုင်ကယ်မြို့တော်ရယ်လို့ အမည်ပြောင်းလဲလာခဲ့ပါတယ်။ တကယ်လည်း ခေါ်ဝေါ်ထိုက်ပါပေတယ်။ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပေါများလာလိုက်တဲ့ ဆိုင်ကယ်တွေဟာ အခုဆိုရင်မန္တလေးမြို့ကြီးရဲ့ အိမ်တိုင်းမှာတစ်စီးမက ရှိနေကြပါပြီ။

သွားလာရေးမှာအချိန်ကုန်သက်သာမှု၊ မြို့သစ်ဆိုတဲ့ မန္တလေးမြို့ပြင်အရပ်က မန္တလေးသူ မန္တလေးသား အလုပ်သမားတွေ မန္တလေးမြို့တွင်းသို့ မပင်မပန်းဘဲအလုပ်သွားလာနိုင်မှု စတဲ့ ဆိုင်ကယ်ရဲ့အသုံးဝင်မှုတွေဟာ မန္တလေးမြို့တော်ကြီးကို ဆိုင်ကယ်မြို့တော်လို့ ကမ္ပည်းတက်စေခဲ့ပါတယ်။ တစ်ချိန်ကစက်ဘီးရှိမှသွားလာလို့ ကောင်းတဲ့ ကျွန်တော်တို့ မန္တလေးဟာ အခုဆိုဆိုင်ကယ်မရှိရင်အပြင်ထွက်ဖို့ မဖြစ်နိုင်လောက်အောင်ပါပဲ။ ကောင်းမွန်တဲ့ ဘတ်စ်ကား စနစ်မရှိခြင်းရဲ့ ဆိုးကျိုးလို့လည်းပြောလို့ရပါတယ်။ မည်သို့ပင်ဆိုစေကာမူ မန္တလေးမြို့တော်ကြီးကတော့ ခေတ်ရေစီးကြောင်းအောက်မှာ ဆိုင်ကယ်မြို့တော်ဖြစ်လာခဲ့ရပါပြီ။

ဆိုယ်ကယ်တွေရဲ့အသုံးဝင်မှုဟာ မန္တလေးမြို့တော်ကြီးနဲ့ အံဝင်ခွင်ကျဖြစ်ခဲ့ပေမယ့် အကောင်းနဲ့အဆိုးဟာ အမြဲဒွန်တွဲနေတက်တယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း တစ်နေ့တခြား ယာဉ်တိုက်မှုတွေတိုးပွားလာနေတာလည်း မြင်တွေ့နေရပါတယ်။ မန္တလေးမြို့တော်ကြီးမှာဖြစ်ပွားနေတဲ့ယာဉ်တိုက်မှုတွေဟာ ဆိုင်ကယ်တွေ အဖြစ်များတာကို တွေ့ရပါလိမ့်မယ်။ မန္တလေးမြို့ပေါ်မှာရှိတဲ့ဆိုင်ကယ် မောင်းနှင်ကြသူအများစုဟာ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း သိရှိမှုအားနည်းကြတာဟာလည်း ယာဉ်တိုက်မှုတွေဖြစ်ပေါ်စေတဲ့ အဓိကအချက်အနေနဲ့ ပါဝင်ပါတယ်။ စနစ်တကျသင်ကြားတတ်မြောက်မှုမျိုးမဟုတ်ဘဲ ဆိုင်ကယ်မောင်းနှင်လာကြတာဟာလည်း အန္တရာယ်ကိုဖိတ်ခေါ်နေတာနဲ့အတူတူပါပဲ။

အခုဆို အရွယ်မရောက်သေးတဲ့ကလေးသူငယ်တွေပါ ဆိုင်ကယ်မောင်းနှင်လာကြတာတွေ တွေ့နေရပါတယ်။ မိဘတွေအနေနဲ့ အရွယ်မရောက်သေးတဲ့ မိမိသားသမီးများကို ဘယ်လိုအကြောင်းပြချက်နဲ့မှ ဆိုင်ကယ်ပေးမမောင်းသင့်ပါဘူး။ အရွယ်ရောက်ပြီးသူများကိုလည်း ယာဉ်မောင်းသင်တန်းကျောင်းများမှာ စနစ်တကျသင်ယူစေပြီးမှ ဆိုင်ကယ်မောင်းနှင်ကြဖို့ခွင့်ပြုပေးသင့်ပါတယ်။ သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူများအနေဖြင့်လည်း ယာဉ်မောင်းလိုင်စင်များကို ထုတ်မပေးမီစနစ်တကျမောင်းနှင်နိုင်စွမ်းရှိစေရန် ရက်တိုသင်တန်းများကို ဖိဖိစီးစီး ပြုလုပ်သင့်ပါတယ်။ ရက်တိုသင်တန်းတော့ပေးပါရဲ့၊ ထိရောက်တဲ့ သင်ကြားမှုမျိုးမဟုတ်ပြန်ရင်လည်း အချိန်ကုန်လူပန်းသာဖြစ်ကြပါလိမ့်မယ်။

ကျွန်တော်တို့ မန္တလေးမြို့ကြီးမှာ အခုဆို အရွယ်သုံးပါးစလုံး ဆိုင်ကယ်တဝီဝီနဲ့ မြို့တွင်းမြို့ပြင်ခရီးနှင်နေကြပါတယ်။ တချို့ယာဉ်မောင်းလိုင်စင်ရှိကြသလို တချို့လည်း မရှိကြပါဘူး။ ဒါဟာလည်း ယာဉ်အန္တရာယ်ဖြစ်ပေါ်ဖို့ တွန်းပို့နေတဲ့အချက်ပါပဲ။ အရွယ်သုံးပါးစလုံး ဆိုင်ကယ်မောင်းနှင်ကြတဲ့အခါ ဆိုင်ကယ်ဦးထုပ်မဆောင်းကြတာကိုလည်း တော်တော်များများတွေ့မြင်လာရပါတယ်။အဆိုးဆုံးကတော့ လူငယ်တွေပါပဲ။ ဆိုင်ကယ်ဆိုတာဘီးနှစ်ဘီးတည်းနဲ့ တည်ဆောက်ထားတဲ့ စက်တပ်ယာဉ်ပါ။ အချိန်မရွေး ဟန်ချက်ပျက်ပြီး လဲနိုင်တဲ့အတွက် ယာဉ်မောင်းရဲ့ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့ဆိုင်ကယ်နဲ့ ဆိုင်ကယ်ဦးထုပ်ဆိုပြီး တွဲလျက်ထုတ်ခဲ့တာပါ။ ဆိုင်ကယ်မောင်းနှင်လျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရမယ်ဆိုတာ ဥပဒေမထုတ်ပြန်ထားရင်တောင် လိုက်နာရမယ့် ကျင့်ဝတ်တစ်ခုပါ။ အခုတော့ ဥပဒေထုတ်ပြန်ထားတာတောင် မလိုက်နာကြတာဟာ အတော်အံ့ဩဖို့ကောင်းလှပါတယ်။

လူတစ်ကိုယ်လုံးမှာ ဦးခေါင်းဟာ ကုသဖို့ခက်ခဲတဲ့ အစိတ်အပိုင်းတစ်ခုပါ။ အချိန်မရွေး အက်ဆီးဒင့်ဖြစ်ပွားနိုင်တဲ့ ဆိုင်ကယ်အား မောင်းနှင်အသုံးပြုသူတွေရဲ့ အသက်အန္တရာယ်ကို ဆိုင်ကယ်ဦးထုပ်က များစွာကာကွယ်ပေးထားတာလည်းဖြစ်ပါတယ်။ ဆိုင်ကယ်တိုက်မှု၊ ဆိုင်ကယ်မှောက်မှုတွေမှာ အသက်ဆုံးရှုံးကြသူများဟာ ဆိုင်ကယ်ဦးထုပ်မဆောင်းကြတာကို တွေ့ရပါလိမ့်မယ်။ဆိုင်ကယ်မောင်းနှင်ကြသူများအနေဖြင့် မိမိအသက်အန္တရာယ်ကို များစွာကာကွယ်ပေးထားတဲ့ ဆိုင်ကယ်ဦးထုပ်ကို ဆောင်းကြဖို့လည်း လိုအပ်ပါတယ်။ ဆိုင်ကယ်မောင်းနှင်အသုံးပြုကြတဲ့အခါမှာလည်း အရှိန်ပြင်းစွာ မမောင်းနှင်သင့်ပါဘူး။

ကျွန်တော်တို့ မန္တလေးမြို့ကြီးရဲ့လမ်းတွေဟာ အချိုးအကွေ့တွေ၊ လမ်းကြားတွေ အင်မတန်များပြားလှပါတယ်။ လမ်းသွားလမ်းလာတွေလည်း များပြားသလို စက်ဘီး၊ ဆိုင်ကယ်၊ ကား စတဲ့ယာဉ်တွေဟာလည်း ပေါများသထက် ပေါများလာနေပါတယ်။ လမ်းတွေပေါ်မှာ ဆိုင်ကယ်ကို အရှိန်ပြင်းစွာ မောင်းနှင်ကြတော့ ယာဉ်တိုက်မှုတွေဖြစ်လာကြပြီး အသက်တွေ၊ စီးပွားရေးတွေ၊ လူမှုရေးတွေ ဆုံးရှုံးနေကြတာဟာလည်း ကျွန်တော်တို့မန္တလေးမှာ နေ့စဉ်နဲ့အမျှပါပဲ။ တချို့အညွန့်တလူလူတက်နေကြတဲ့ လူငယ်တွေ ယာဉ်တိုက်မှုကြောင့် အသက်တွေဆုံးရှုံးနေကြတာဟာလည်း အနာဂတ်အမိမြန်မာနိုင်ငံကြီးအတွက် ဆုံးရှုံးမှုကြီးပါပဲ။

ဒါ့ကြောင့် မိဘများအနေဖြင့်လည်း မိမိသားသမီးများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြဖို့၊ ဆိုင်ကယ်မောင်းနှင်ကြတဲ့အခါ ဆိုင်ကယ်ဦးထုပ်ဆောင်းကြဖို့၊ အရှိန်ပြင်းစွာမမောင်းကြဖို့ အမြဲသတိပေးနေသင့်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ၊ ဆိုင်ကယ်မောင်းနှင်ကြတဲ့အခါ ဆိုင်ကယ်ဦးထုပ်ရဲ့ အရေးပါအသုံးဝင်ပုံများ၊ အရှိန်ပြင်းစွာမောင်းနှင်ကြတဲ့အတွက် အသက်ဆုံးရှုံးကြပုံများကို မြို့ရွာကျေးလက်မကျန် အရှိန်မြှင့်ဟောပြောပွဲများ ပြုလုပ်သင့်ပါတယ်။

သို့မှသာဆိုင်ကယ်တိုက်မှုတွေကြောင့်အသက်ဆုံးရှုံးမှုတွေ နည်းသထက်လျော့နည်းလာမှာ ဖြစ်ပါတယ်။ ဆိုင်ကယ်မောင်းနှင် အသုံးပြုကြသူများအနေဖြင့်လည်း မိမိအသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်စေရန် အတွက် ဆိုင်ကယ်မောင်းလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းကြဖို့၊ သတိပြုမောင်းနှင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

■

## မြန်မာ့ခြင်း

ရှေးမြန်မာ အားကစား
စံပြိုင်ရှား ရိုးရာ
မာန်တိုင်ထား အမျိုးပါကွယ်
မညီးစွာ စဉ်လွှမ်း။
ခြင်းလုံးက တေးလှသွယ်ကို
ခြေတော်တယ် မြင်အံ့မခန်း။
ခြေဖဝါး ဒူးထက်ပေါ်ဝယ်
နဖူးကျော် ခတ်ကျွမ်း။
တို့ရိုးရာ အောင်မြင်ပန်းကို
မပြတ်တမ်း ထိန်းပါ။
ခြင်းကွက်မှာ စုံညီလှ
ကိုယ်ဟန်ကျ သေသပ်နေတာ။
မဟာဒူး ခြေစွမ်းသာတယ်
ခေါင်းကျော်ကာ တည့်ဖနောင့်နဲ့
ခုန်ဝိုက်စောင့် ခြေဖျားယန္တယ်
ထိန်းယူညီဖွယ်။
မြန်မာ့ခြင်း ကမ္ဘာအလယ်ဝယ်
ဂုဏ်ဝင့်ထည် ကျော်ကြားရဲ့လေး။

ဆောင်းသဇင်

## ပညာတန်ခိုး ဂုဏ်ရှိန်တိုး

○ ငယ်စဉ်ကပင်၊ ကျောင်းစာသင်၍
ခုံမင်ပညာ၊ ကြိုးစားပါမှ
သာယာဘဝ တင့်တယ်လှမည်။
○ ဗဟုသုတ၊ စုံလင်ရဖို့
သုတစာပေ၊ ဖတ်ရှုလေမှ
အထွေထွေသိ အကျိုးရှိမည်။
○ မူးယစ်သောက်စား၊ ရှောင်ကာရှားလို့
အများကိုပစ်၊ အမှန်ချစ်မှ
လူဖြစ်ရကျိုးနပ်လိမ့်မည်။
○ အတတ်ပညာ၊ အဖြာဖြာကို
လေ့လာလိုက်စား၊ သိမှတ်ပွားမှ
မြင့်မားဘဝရလိမ့်မည်။
○ လူငယ်အများ၊ ပညာအားဖြင့်
နီးကြားတက်ကြွ၊ ဇွဲလုံ့လနှင့်
အများအကျိုး၊ စဉ်သယ်ပိုးမှ
အမျိုးဂုဏ်ဆောင် ထွန်းပြောင်မည်။ ။

မဒီလှိုင်

## ပညာအရောင်

❖ ငွေရောင်အဆင်း ရှင်နေမင်းလည်း
ထွန်းလင်းနေ့သာ ပေးနိုင်ရာ၍
ရောင်ဝါထွန်းပြောင် အလင်းရောင်သည်
အဆောင်အိမ်တွင်း ထိန်လင်းဖြာအောင်
စွမ်းဆောင်မပေးနိုင်ပါတကား။
❖ ရွှေရောင်အဆင်း သည်လမင်းလည်း
ထွန်းလင်းညခါ ထိန်ထိန်သာ၍
နေရာအနှံ့ ခြေမဆန့်နိုင်
မပျံ့အလင်း သူ့အဆင်းလည်း
မဝင်းပနိုင်ပါတကား။
❖ ပညာအရောင် ထွန်းလင်းပြောင်မှု
အမှောင်ကိုခွင်း အလင်းဆောင်၍
နေ့ခါညခါ မရွေးပါဘု
နေရာအနှံ့ ထွန်းလင်းပျံ့ကာ
ခံ့ထည်ဝါနိုင်ပါတကား။

အောင်ကို(ပညာရေး)

